www.burmeseclassic.com

# ပန်းသီခိုင်

## ရေခဲရဲ့အမုန်း

လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၉၀/၀၁(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၁၃/၀၁(၁၂)
ထုတ်ဝေသူ
ဦးတင့်လွင်
သော်ကစာပေ
၆၀၅၊ ဩဓမ္မာလမ်း၊ မြောက်ဥက္ကလာ။
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
အမှတ်(၁၄)၊ ၁၁၄ လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၂ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ပန်းသီခိုင်

# ရေခဲရဲ့အပုန်း

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


မောင်မျိုး

စီစဉ်သည်

ကြောင်နှစ်ကောင်စာပေ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

❤

သူကိုယ့်ကို သိပ်ချစ်တာပဲလို့ ......

ကိုယ့်စိတ်ထဲမှာ ......

စူးစူးနစ်နစ် ယုံကြည်ထားခဲ့မိတာ ......

ကိုယ့်ရဲ့ ရူးသွပ်မိုက်မဲမှုတစ်ခုလားဟင် ......

ပန်းရှုခင်း (ခ) ရေခဲ

❤

www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောပွဲ၊ အုန်းပွဲတင်ရမည့်ရက်၊ အသစ်လဲရမည့်ရက်ဆို အိမ်က အဒေါ်ကြည်နှင့်အတူ ပန်းရှခင်း သည်ဈေးကိုရောက်တတ်ပေမယ့် ဒီနေ့ကတော့ ဝယ်စရာ မယ်မယ်ရရမရှိပဲ တမင်ပဲ ထွက်လာခဲ့တာ။

ဒရိုင်ဘာ ဦးလေးတိုးရဲ့ မျက်ခုံးအစုံက ဈေးနားရောက်လို့ ကားတွေ ထပ်နေ ကျပ်နေပြီဆို အလိုလိုရှုံ့လာတတ်သည်။

ယခုလည်း ရှေ့ကကားတွေ မရွေ့တော့တာမို့ မျက်ခုံးရှုံ့ နေပါပြီ။

ပန်းရှခင်း ကတော့ နှုတ်ခမ်းလေးတွေ အလိုလိုပြုံးနေမိကာ သားရေအိတ်ထဲမှ မှန်ကလေးကိုတောင် ထုတ်ကြည့်လိုက်မိသေးသည်။

တူးစတက် ဆံပင်ခွေခွေ ကောက်ကောက်တို့အလယ်မှာ မျက်နှာဖွေးဖွေးမို့မို့လေးက ပြုံးစိစိပေါ်လာသည်။

အလိုလိုပျော်နေတဲ့ မျက်နှာမျိုးလား

ဟုတ်မှာ၊ ရင်ခုန်သလိုလို ပျော်ရွှင်စိတ်တို့ ကဲနေသည်။

မိန်းကလေးတစ်ယောက်ဟာ ဈေးကိုလာရတယ်ဆို ပျော်မှာတော့ မဟုတ်၊ ပျော်စရာ ဘာများရှိသလဲ စဉ်းစားကြည့်လေ။

ကားတွေများ၊ လူတွေရှုပ်၊ ဆူညံ၊ ညစ်ပတ်၊ ဘယ်လောက် သန့်တဲ့ ဈေးဖြစ်ဖြစ် ဖိနပ်မပေအောင် ဂရုစိုက်ဖို့ဆိုတာမလွယ်။ ကားရပ်ပြီးတာနှင့် ဆွဲခြင်းကြီးဆွဲလို့၊ ဈေးစာရင်းကြည့် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လျှော့ဝယ် ပြောရ၊ ဆိုရ၊ ဈေးဆစ်ရ၊ အလေးခိုးမလား၊ ပိုက်ဆံအစုတ်တွေ ညှပ်အမ်း လိုက်မလား၊ မလတ်ဆတ် တဲ့သားငါးတွေ မိသွားမလား၊ ဖိနပ်တကာနင်း



www.burmeseclassic.com

ခံရမလား၊ သူများ ဝင်မတိုးအောင် ဘယ်လိုကရစိုက်ရမလဲနှင့် ဘယ်မျှ စိတ်ရှုပ်ဖွယ်ကောင်း သလဲနော်။ တဖြည်းဖြည်းနဲ့ ဆွဲခြင်းကြီးကလေးလံလာ၊ လူက ချွေးပျံလာ၊ အနံ့အသက်မျိုးစုံနှင့် အသက်ရှူတို့ကကျပ်လာ၊ မောပန်း စိတ်အိုက်၊ နေပူမိ၊ မိုးရွာလို့ ထီးပါလဲစိုတာပဲလေ။ ဒါဆို ဘာများ ပြုံးစရာ ရှိမလဲနော်။

"မမရေခဲ ဈေးရောက်ပြီ"

"သိသားပဲ"

မှန်လေးကြည့်ကာ ငြိမ်သက်အေးဆေးနေတဲ့ ပန်းရှုခင်းကို ဘေးကပါ လာတဲ့ ပုစွန်းက သတိပေးတာမို့ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

ဆွဲခြင်း ဆွဲပေးရအောင် ဒင်းကိုအဖော်ခေါ်လာကာမှ ဒင်းက သိပ်စကားများသည်။

"နင့်ဘာသာခြင်းယူ..... ဆင်းပြီးရင် ကားတံခါးကို ဖြည်းဖြည်းပိတ်"

"ဖြည်းဖြည်းလေးပိတ်ရင်လော့ မကျဘူး မမရေခဲရဲ့"

"အော နင့်ကို ဘယ်သူက ရွရွလေးပိတ်ခိုင်းသလဲ၊ ကျွတ်"

"ဟုတ်တယ် သမီးရေ၊ ဦးလေးတိုးလည်း ပြောတာပဲ၊ ဒီ ကလေးမ ကားတံခါးပိတ်ရင် ဒိုင်းခနဲ ဒိုင်းခနဲနဲ့ ကားတောင်တုန်တယ်"

ပုစွန်းက ဦးလေးတိုးကို မသိမသာ မျက်စောင်းထိုး၏။

"ကဲ .... လာ .... လာ"

ရေခဲသည် သူတို့ကို ဘာမှစိတ်တိုမနေပဲ ကိုယ့်ဘာသာ ရှေ့ကနေ ဈေးထဲဝင်သည်။

လီနင်သား အင်္ကျီပန်းရောင် လက်ပြတ်လေးပေါ်က ကျောကင်း အဖြူလေး ကိုဝတ်ထားပြီး စကတ်အနက်ရောင် ပျော့ပျော့လေးဝတ်ထားကာ ကတ္တီပါခုံထူဖိနပ်နှင့် မိန်းကလေးနောက်ကနေ ဆွဲခြင်းဆွဲထားသော ကောင်မလေးက ပြေးလိုက် သွား၏။

လူရှုပ်ပြီး ဆူညံနေတဲ့ ဈေးကလေးအတွင်းမှာ ပန်းရှုခင်း စိတ်တွေကို နူးညံ့အေးချမ်းစေသော အရာတစ်ခုရှိသည်။

ပန်းရှုခင်းသည် ဘာမှ သေသေချာချာမဝယ်သေးပဲ ဟိုဟို ဒီဒီ အရင်လျှောက်ကြည့်သည်။

www.burmeseclassic.com



အခိကကတော့ အတွင်းဘက်ထဲက ဆန်ဆိုင်တို့ အုန်းသီး၊ ငှက်ပျောသီးဆိုင်တို့ဘက် ....... ။

အဝေးက လှမ်းကြည့်တော့လည်း သူ့ကိုမမြင်။

အနီးက ဖြတ်လျှောက်ကြည့်တော့လည်း သူ့ကိုမတွေ့။

ပန်းရှုခင်း နှုတ်ခမ်းပေါ်က အပြုံးလေးမှာ မပီပြင်တော့။

စောစောက လှုပ်ရှားတက်ကြွနေသော နှလုံးသားက ပြန်လည်ငြိမ်သက်ထုံထိုင်းသွားသည်။

သူမရှိဘူး ထင်ပါရဲ့။

သိသိသာသာ အားလျော့သွားမိသည်။

ဒီမျှ ဆူညံရှုပ်ထွေးနေတဲ့ ဈေးကလေးဟာသူ့ကြောင့် လှပနေတာပဲဆိုတာ သူ့ကိုမမြင်ရတော့ ပိုသေချာသွားသည်။

ဘာမှမဝယ်ပဲနှင့် အိမ်ပြန်ချင်စိတ်တောင် ပေါက်သွားရပါသည်။

ခြေလှမ်းတွေလည်း အလိုလိုအနှေးတုံ့တုံ့ဖြစ်ကာ အားမပါ တော့ချေ။

ရေခဲ ဘယ်လိုဖြစ်မိပါလိမ့်။

ပန်းရှုခင်းသည် ကိုယ့်ဘာသာကိုယ် ဆင်ခြင်သုံးသပ်မိရင်း ..

ရှက်စနိုး ဖြစ်လာမိသည်။

ဘယ်သူမှမသိပေမဲ့ မင်းကို မြင်ချင်တွေ့ချင်မိတာ ကိုယ် ရှက်မိတယ်ကောင်လေးရယ်။

ဒါပေမယ့် မမြင်ရတဲ့အတွက်လည်း သိပ်ကိုရင်မောတာပဲ။

မင်း ဘာကြောင့် ဒီအချိန် ဒီဆိုင်မှာ ရှိမနေရတာလဲဟင်။

ဒီမှာ အမြဲတန်း ရှိနေမှာပဲလို့ ကိုယ်က တရားသေမှတ် ထားတာ။

ပန်းရှုခင်း သက်ပြင်းခိုးရှိုက်သည်။

သူရှိနေတတ်တဲ့ဆိုင်ဘက် နောက်တစ်ကြိမ် ရှာဖွေသည်။

တကယ်ပဲမရှိ၊ တခြားကောင်လေးတစ်ယောက်နှင့် ဆိုင်ပေါ် ထိုင်ပြီးစာအုပ်ဖတ်နေတဲ့ လူကြီးတစ်ယောက်ကိုပဲ တွေ့ရသည်။

“ဘာဝယ်မှာလဲဟင် မမရေခဲ”

“ကြည့်နေတုန်းပဲ မသိသေးဘူး”

ဘုကျကျ ဖြေလိုက်သဖြင့် ပွစိုး နှုတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ ဘာဝယ်ရမလဲဆိုတာ တကယ်ပဲ မစဉ်းစား တတ်သေး။

ထေဒနာတစ်ခုက ရင်ထဲကပ်ညှိနေပြီမို့ ဘယ်သူနှင့်မှလည်း စကား မပြောချင်။

အဲဒီဆိုင်မှာ သူမရှိတော့ဘူးလား။

နောက်တစ်မျိုး ရှေ့ဆက်တွေးကာ ရင်ထဲ ပူလောင်စိုးထိတ် သွားသည်။

ဒီဆိုင်မှာ သူ့ကိုမတွေ့ရလျှင် တခြားဘယ်မှာရှာရမလဲ ရေခဲ တကယ် မသိပါ။

တစ်ခါ နှစ်ခါ မြင်ဖူးရုံလောက်နှင့် ရေခဲအာရုံထဲ စွဲငြိမှတ်မိ နေတာ ထူးခြားဆန်းကြယ်နေသည်။

ပန်းရှုခင်းဆိုတာ ဘယ်တုန်းကများ ယောကျ်ားတွေကို စိတ်ဝင်စားဖူး လို့လဲ။

ဖေကြီးက "ရေခဲ" ရယ်လို့ အမည်ပေးထားတဲ့အတိုင်း အချစ်နဲ့ ပတ်သက်ရင် အေးစက်စက် မတုန်မလှုပ်နှင့် စိတ်လှုပ်ရှားဖို့ မေ့လျော့နေ ခဲ့တာပါ။

အခုမှပဲ .... ။

သူ့ကိုမှပဲ .... ။

ပန်းရှုခင်းသည် ခေါင်းလေးငုံ့ကာ စိတ်ပျက်ပျက်နှင့် သူတို့ ဆိုင်ဘက် ကျောခိုင်းကာ လျှောက်ခဲ့သည်။

ဝယ်စရာရှိတာတွေ အရင်ဝယ်နှင့်မှပဲ။

"မမရေခဲ"

"ဟင်"

"အဒေါ်ကြီးက ပလပ်စတစ်ကြိုး ဆယ်ကိုက်လောက်ဝယ် ခဲ့ပါတဲ့ ပူစူးကို မှာလိုက်တယ်"

"ဘယ်မှာလဲ နင့်ပလပ်စတစ်ကြိုးက"

"ဟိုမှာ"

ပူစူး လက်ညှိုးညွှန်တဲ့ဆိုင်က သူတို့ရဲ့ဆန်ဆိုင်နဲ့ ဘေးချင်းကပ်ရက် ပဲမို့ ရေခဲက ခေါင်းညိတ်လိုက်မိကာ ....

"ဝယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနားသို့ ပြန်လှည့်လျှောက်လိုက်သည်။

ကြိုးတစ်ကိုက် ဘယ်လောက်လဲ ဈေးဆစ်နေတုန်းမှာပဲ လွှား ခနဲ လျှောက်လာသောခြေသံတစ်ခုနှင့်အတူ သူမနံဘေး ဟိုဘက် ဆိုင်လေးဆီ လူတစ်ယောက် ရောက်လာသည်။

ရေခဲက ခေါင်းလေးငုံ့ကာ ကြည့်သည်။

ဒီဘက် ကုန်မျိုးစုံဆိုင်ရဲ့ အမျိုးအမည်စုံလှတဲ့ ပစ္စည်းတွေဟာဆိုင်နံဘေးမှာ တို့လို့တွဲလောင်း ချိတ်ထားတာကြောင့် သူ့ကို သဲသဲကွဲကွဲမမြင်ရ။

ဖုန်တက် ညစ်ပေနေတဲ့ မန္တလေးဖိနပ်ကို စီးထားပေမယ့် သိပ်လှပကြည့်ကောင်းတဲ့ခြေချောင်းတွေရယ်၊ အနားခေါက်ထားတဲ့ ဂျင်းဘောင်းဘီရယ်....

အပေါ်ပိုင်းတစ်ခြမ်းကို လုံးဝမမြင်ရပဲကွယ်နေပေမယ့် ရေခဲ လှိုက်ခနဲ ရင်တုန်သွားရသည်။

သူပဲလေ ဘယ်လိုရောက်လာပါလိမ့်။

သူ့ခြေထောက်တစ်စုံကို မြင်ရုံနှင့် သူမှန်း ရေခဲအလိုလိုသိသည်။

ရင်ဖို စိတ်လှုပ်ရှားသွားရတာမို့ ပိုက်ဆံအိတ်ဖစ်ကို ဖွင့်နေတဲ့ လက်ကလေးတောင် ယောင်မှားရပ်တန့်သွားရပါသည်။

အမုန်းသည် လက်ပိုက်ကာရပ်နေရင်း ဘေးဘီကို အလိုအလျှောက် စောင်းငဲ့ကြည့်လိုက်မိသည်။

အနက်ရောင် အသားပျော့ပျော့ စကတ်ကလေးက ခြေမျက်စိ ဖုံးကွယ်ထားပေမယ့် ခြေခုံမို့မို့ ဖွေးဖွေးနုနုခြေတစ်စုံဟာ သူ့မျက် လုံးများကို ဆွဲဆောင်သွားသည်။

လှလိုက်တဲ့ ခြေချောင်းလေးတွေ ....

တစ်ချောင်းချင်းစီဟာ ပြောင်တင်းနူးမွတ်နေပြီး ခြေသည်း လေးက ဘယ်တော့မှ သူများရဲ့ အောက်ကျနောက်ကျခံအဖြစ်မျိုး မရောက်ဖူးဟော့လို့ ကြွေးကြော်နေသလို သူ့ထက်ငါ အပြိုင်အဆိုင် အပေါ်ဘက်ကို ကြည့်ကာင်း စွာ ကော့ချွန်နေသည်။

ထိုခြေသည်းခွံလေးပေါ် ငွေမင်ရောင်ဆိုးဆေးလေး ညီညာ စွာတင် ထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး လှပစေတာကတော့ အဲဒီခြေချောင်းတွေရဲ့ ခြေညှိုး လေးနှစ်ခုစလုံးမှာ အတော်ကြီး လင်းအားကောင်းတဲ့ စိန်ပွင့်တစ်ပွင့်စီကို ရွှေနှင့်ကွင်းဝတ်ထားတာပဲ။

အရောင်တဖျတ်ဖျတ်ခတ်နေပုံက စိန်မှန်း သေချာသည်။

ခြေဖျားမှာပင် စိန်သီးနိုင်တာ ဘယ်လိုကောင်မလေးလဲ၊ လှစ်ခနဲတွေ့မြင်ချင်စိတ်ပေါက်သည်။

ရှေ့ကိုတိုးပြီး သူမကိုမြင်ရအောင် ကြည့်လိုက်မိတော့မလို ဖြစ်သွားပြီးမှ အမှန်း တစ်ချက်ပြန်ငြိမ်သွားသည်။

တစ်အချက် .... သိသိသာသာ အငမ်းတူ **မျက်နှာပြောင်သူဟု အထင်မခံနိုင်။**

နှစ်အချက် .... ကိုယ်ကသွားကြည့်လို့ ဟိုက အဖက်မတန်သလို မျက်နှာလွှဲသွားတာမျိုး အဖြစ်မခံနိုင်။

သုံးအချက် .... ကိုယ့်ကိုအထင်သေးသလို ရယ်ချင် လှောင်ပြောင်သလို အထက်စီးနှင့် ပြန်ကြည့်လိုက်တာမျိုး ဖွဲ့သက်သင့်မခံ နိုင်။

ဒီတော့ အခုလိုပဲ ရပ်မြဲ ရပ်နေတာက ပိုကောင်းလိမ့်မည်။

အမှန်း နေရာမရွှေ့၊ သူမကို သေချာမြင်အောင် မကြိုးစား ဒီတိုင်းပဲ ခေါင်ငုံ့ ငြိမ်သက်နေလိုက်သည်။

ရေခဲသည် ကွယ်နေတဲ့ ပလပ်စတစ်ထုတ်တွေကြားက သူ့ကို မသိမသာ ချောင်းကြည့်မိသည်။

ရေခဲကို မြင်ပုံရရက်နဲ့ သူ့အကြည့်ဟာ ရှေ့ဆက်တက်မလာ။

နည်းနည်းလေး ရှေ့တိုးကြည့်လိုက်ရင် ဘာဖြစ်မှာမို့လဲ၊ တင်းတင်းစေ့ထားတဲ့ သူ့နှုတ်ခမ်းတွေဟာ မာနကြောင့် ပိုထယ်ဝါ နေတာလား။

ရေခဲမကျေနပ်ချင် ...။

သူ ခေါင်းငုံ့သွားတာကို အားမလို အားမရဖြစ်မိသည်။

ပစ်စလက်ခတ်ထားပုံရတဲ့ကြားက သူ့ဆံပင်မှောင်မှောင် စိုစို ရှေ့ကြည့်ကောင်းလိုက်တာ။

ပြီးတော့ ရေခဲအာရုံထဲ စွဲငြိမှတ်မိနေပြီဖြစ်တဲ့ ထူနက်နက် မျက်ခုံးတန်းတန်းအစုံနှင့် နက်စိုတောက်ပတဲ့ မျက်လုံးတွေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာဟာ ကြည့်လေချောလေ ကြည့်ကောင်းလေဆိုတဲ့ ခပ်ရှုရှုး မျက်နှာမျိုးပါ။

ကျစ်လစ်ဖွံ့ထွားသော ကိုယ်နေဟန်ထား ခပ်မတ်မတ်နှင့် ထိမထင် သော လမ်းလျှောက်ပုံတို့ဟာ တစ်ခါမြင်ရုံနှင့် စွဲလန်းသွား စေနိုင်လောက်စရာ။

"ဟော့ကောင် အမုန်း၊ ဘာငေးနေတာလဲကွာ၊ ဒီမှာ ဆန်အိတ် လိုက်ပို့လိုက် သွား .... မြန်မြန်"

အသက်လေးဆယ်ခန့်အရွယ် ဆိုင်ရှင်ဖြစ်ဟန်တူသူရဲ့ ခပ်မာမာ အသံက ရေခဲထံ ပြန့်လွင့်လာသည်။

ဆိုင်ခုံပေါ်က ဆန်တစ်အိတ်ကို ပုခုံးနဲ့ ဇွေ့ကနဲထမ်းကာ ရှေ့က အဘွားကြီးနောက် အမုန်း လိုက်သွားသည်။

သူ့အတွက် ဆန်တစ်အိတ်သယ်မဖို့က အသာကလေးပါ။

သူဟာ ဒီဆိုင်မှာ တောက်တိုမယ်ရလည်းဟုတ်၊ အထမ်း သမားလည်း ဟုတ်၊ အကူဆိုင်ထိုင်သူလည်းဟုတ်၊ ကိုမြေအေးတို့ ဈေးဆိုင်တွေဟာ သူ မှီခိုရာအရပ်ပဲ မဟုတ်လား။

ရေခဲသည် ပြန်အမ်းသည့်ပိုက်ဆံ လှမ်းမယူမိအောင်ပင် သူ့ကို အငေးသား လိုက်လံကြည့်ရှုနေမိသည်။

သူထမ်းသွားရတဲ့ ဆန်အိတ်ဟာ ရေခဲနှလုံးသားပေါ် လာပိသလိုပဲ အသက်ရှုရခက်သွားအောင် ရင့်ထဲတနင့်တပိုး သူ့ကို သနားမိလေသည်။

သူ့မျက်နှာထား သူ့ပုံစံကတော့ သူများသနားမှာ မလိုလားတဲ့ ခပ်တင်းတင်း မာနမျက်နှာမျိုးပါ။

ဒါပေမယ့် ရေခဲ သူ့ကို မြင်မြင်ချင်းပဲ ဂရုဏာသက်ခဲ့သည်။

သူ့အရွယ်၊ သူ့ပုံစံလေးဟာ တက္ကသိုလ်တစ်ခုခုမှာ ခပ့်ပါး အေးဆေးစွာ ပညာသင်နေရမယ့် အရွယ်မျိုးပါ။

လောကကြီးမှာ လူတွေ မွေးဖွားလာကတည်းက ရှေးဘဝ အဆက် ဆက်က ပါရမီအကြောင်းအကျိုးနှင့် ကံဇာတာချင်း မတူဘူးဆိုပေမယ့် ဒီလူတစ်ယောက်ရဲ့လက်ဟာ ဆေးထိုးအပ်ကိုင်ပြီး ဆရာဝန်လုပ်ရမလား၊ မြေဖြူကိုင်ပြီး ကျောင်းဆရာလုပ်ရမလား၊ မီးသွေးကိုင်ပြီး ဈေးရောင်းရမလား၊ တွင်းထွက်ရတနာတွေ ကိုင် တွယ်ပြီး စိန်ကဲကျောက်ကဲဆရာရမလားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com


သူ့ဘာသာသူပါလာ ပြီးသားပဲဆိုလျှင်တောင် ဒီအမုန်းဆိုတဲ့ကောင်လေး အတွက်တော့ သူ့ရုပ်ရည်နှင့် သူ့အလုပ်အကိုင်ဟာ အင်မတန် ရုပ်ပျက် ဆင်းပျက် နိုင်အောင် လွဲချော်မှားယွင်းနေတာ သေချာပါသည်။

သူဟာ သူများဆိုင်မှာ လက်တိုလက်တောင်းခိုင်းစရာ၊ အလေးအပင်တွေ ထမ်းပိုးစရာ လူတစ်ယောက် မဟုတ်ဘူးထင်သည်။

ရေခဲတန်ဖိုးထားမိသော စိန်ရိုင်းတုံးတစ်တုံးဟာ မတော်တဆ နွားချေးပုံထဲကျနေသလိုမျိုး ခံစားမိလေသည်။

သူ့ကို ရေခဲ စိတ်ဝင်စားသည်။

သူ ဘာကြီးပဲဖြစ်နေပစေ သူ့ကိုမြင်တဲ့နေ့ကတည်းက ရေခဲ သူ့ကို မြတ်မြတ်နိုးနိုး ချစ်မိသွားခဲ့တာ အမှန်ပါ။

အမုန်းသည် ကားပေါ်ဆန်အိတ်တင်ပေးခဲ့ပြီးသည်နှင့် အပြေးအလွှားပဲ ဈေးရုံထဲပြန်ဝင်လာသည်။

စောစောတုန်းက သူ့ကို ဟိုဘက်ဆိုင်မှာ ဈေးဝယ်နေတဲ့ ကောင်မလေး လိုက်ကြည့်နေတယ်ဟု သူထင်မိသည်။

ထို့ကြောင့် ရှိသေးနိုးနိုး အမြန်ပြန်လာခဲ့တာ။

ဆိုင်နားရောက်တော့ သူ့ခြေလှမ်းတွေ နှေးကွေးသွားရသည်။

ကောင်မလေးကို ဟိုးအဝေးမှာ ခပ်ပျပျပဲ တွေ့ရတော့သည်၊ ပြီးတော့ ဈေးတန်းထဲကလူတွေနှင့် ကွယ်သွားပါတော့သည်။

အမုန်း သက်ပြင်းရှိုက်သည်။

ပိုက်ဆံချမ်းသာတဲ့ ခပ်လှလှကောင်မလေးတွေကို ကိုယ်တော့ စိတ်မဝင်စားချင်ပါဘူးကွာ။

လူဆိုတာ ကိုယ့်ဘဝနှင့်ကိုယ်၊ တန်ရာတန်ရာပဲ ကောင်းတယ်မဟုတ်လား၊ ဖြစ်သင့်ဖြစ်ထိုက်တာပဲ ဖြစ်ခွင့်ရမယ်မဟုတ်လား။

ကိုယ်နှင့်မလိုက်ဖက် မအပ်စပ်တာကို သွားရည်မှန်းနေရင် တော့ အပိုပဲဖြစ်နေမှာ၊ အမုန်းဆိုတာ ဘဝသမားလေ။

* * *


www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်သန်းခေါင်မှ ပြန်လာပေမယ့် လမ်းထဲကခွေးတွေက သူ့ကို မဟောင်ပါ၊ သိနေတာကိုး။

အမြီးနံ့တဲ့ကောင်က နံ့နေသေးသည်။

အမုန်းသည် လေကလေးချွန်ကာ ခပ်အေးအေးပဲလျှောက်လာသည်။

တစ်လမ်းလုံးလည်း လူခြေတိတ်ပြီး ငြိမ်သက်မှောင်မဲနေပြီလေ။

သာမန် လူနေရပ်ကွက်ကလေးမို့ တိုက်တာအမြင့်ကြီးတွေ ဘာတွေ လည်း မရှိပါ။ ညဥ့်လေပြေက တသုန်သုန်တိုက်ခတ်လို့ အေးမြဆွတ်ပျံ့ဖွယ် ကောင်းနေသည်။

အမုန်းသည် ဆံပင်တွေသပ်တင်ရင်း ခြံတံခါးရှေ့ ရပ်လိုက်သည်။

နှစ်တစ်လက်မ သစ်သားချောင်းလေးတွေ ကျဲကျဲစီထားတဲ့ သစ်သား တံခါးကို အသံမမြည်အောင် ဂျက်ဖြုတ်လိုက်သည်။

အိမ်ထဲကိုလည်း လှမ်းအကဲခတ်ရသေးသည်။

အဒေါ်ဖြစ်သူသာ နိုးနေရင် သူ့ကို ထုံးစံအတိုင်း ဆူဆူပူပူ လုပ်နေဦး မည်လေ။

အမုန်းက နားပူမခံနိုင်။

မိဘတွေမရှိကတည်းက ဒီအဒေါ်အိမ် ခိုကပ်နေရပေမယ့် သူက ဘယ်သူ့စကားမှ နားမထောင်ချင်သော ဂျွတ်ဆတ်ဆတ် ကောင်လေးသည်။

အမုန်းသည် ခြေဖွနင်းကာ အိမ်ရှေ့ခန်းဆီ တစ်ချက်ကြည့်သည်။

အဒေါ်နှင့် ကလေးငယ်တွေ အိပ်ပျော်နေကြပြီထင်သည်။

www.burmeseclassic.com



သူဘေးဖက် မြေပြောင်ပြောင်ပေါ် မှပတ်ကာ နောက်ဖေး ခုတင်လေးပေါ် အသာခုန်တက်လိုက်သည်။

ကိုယ့်အိမ် ကိုယ်ပြန်တာပေမယ့် အနည်းငယ်တော့ ခိုးကြောင်ခိုးဝှက် နိုင်ပါသည်။

မီးဖိုချောင်တံခါးကို အဒေါ်က အတွင်းကနေ သော့ခတ်ထား ပေမယ့် သူ့မှာသော့အပိုရှိတာမို့ အသာကလေး လက်လျှိုပြီး သော့ကို ရအောင် ဖွင့်လိုက်သည်။

သော့ပွင့်သွားတော့ အထဲဝင်ပြီး တံခါးကို အသံမမြည်အောင်ပြန်ပိတ်၊ သော့ခတ်။

မီးဖိုချောင်မှာ ကောင်းကင်က အလင်းရောင်ပဲရှိနေသည်။ မီးခလုတ်ကို သူသွားမဖွင့်ရဲ။

• ဘာအကြောင်းကိစ္စပဲရှိရှိ အိမ်ကပိတ်ပြီးသား၊ မီးကို သူပြန် ဖွင့်ခွင့်မရှိပါ။

မီတာတက်တယ်ဟဲ့လို့ အဒေါ်လာပြောမှာ သူမခံနိုင်။

မှောင်နေတော့ရော ဘာဖြစ်သလဲ။

အမှောင်ထဲမှာလည်း ထမင်းခူးခပ်စားလို့ ဖြစ်သေးတာပဲ။

အမုန်း ထမင်းအိုးသွားဖွင့်သည်။

အိုးဖုံးက ချွေးတို့ကျနေသော အေးစက်စက် ထမင်းခဲကို စမ်းမိသည်။

ပန်းကန်ပြားတစ်ချပ်ယူပြီး လက်နှင့်ပဲ ထည့်လိုက်သည်။ ဆန်ကာ အောက်မှာရှိနေတဲ့ ငါးပိဖျော်ရည်တစ်ခွက်ကို အသာစမ်းယူပြီး ပန်းကန်ထဲဆမ်း၊ ပြီးတော့ အပြင်က အလင်းပျပျရှိနေတဲ့ နေရာ သွားထိုင်စားလိုက်သည်။

သူ့အတွက်တော့ အရေးကြီးတာက ဆာနေရင် စားစရာရှိ ဖို့ပဲ မဟုတ်လား။

မနက်စာထမင်းကို ကိုမြအေးတို့ဆိုင်က ကျွေးသည်။

ဘာနှင့်ကျွေးသလဲတော့ မမေးနှင့်၊ သူကစားလို့ဖြစ်ရင်ပဲ ကျေနပ်လိုက် တဲ့ကောင်မျိုး။

ညစာကတော့ အဒေါ်အိမ်မှာ ကျန်ရင်စား၊ မကျန်ရင် မစားရုံရှိသည်။ အခုလို နေစရာနေရာပေးပြီး ကျောင်းစရာ ဖျာတစ်ချပ် ခေါင်းအုံးတစ်လုံး ပေးထားတာပဲ တော်လှပြီ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ပြည့်သွားလျှင် အမုန်း ရေတစ်ခွက်သောက်သည်။

ပြီးပြီလေ ..... အိပ်ရုံပဲ။

လက်ဆေးပြီး ဘောင်းဘီမှာပဲ လက်သုတ်လိုက်သည်။ ပြီး တော့ သူ့အတွက်ရယ်လို့ သတ်မှတ်ပေးထားတဲ့ မီးဖိုချောင်နဲ့ ကပ်ရက် နောက်ဘက် နံရံထောင့်မှာရှိနေတဲ့ဖျာပေါ် ခန္ဓာကိုယ်ကို အသာလှဲချလိုက်သည်။

ခေါင်းအုံးကို ကျောပြင်အောက်က ဆွဲထုတ်ကာ ပိုက်ထား လိုက်မိရင်း မဆီမဆိုင် သတိရလိုက်မိသည်မှာ မျက်နှာပင် သေချာ မမြင်လိုက်ရသော ခြေဖျားစိန်သီးနေတဲ့ ကောင်မလေးကိုပဲဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ရေခဲရဲ့ လက်ဖွေးဖွေးလေးက သဘော်သီးစိမ်းကိုကိုင်ကာ ခြစ်တလေးနှင့် တဂျိဂျိခြစ်နေသည်။

ဒီနေ့တော့ စိတ်ပါလက်ပါရှိသဖြင့် မီးဖိုဆောင်ထဲ ရောက်လာမိတာ။

ဒေါ်ကြည်က ရေစွေးဖျောထားသော ပဲပင်ပေါက်တွေကို ဆန်ကာနှင့် စစ်ယူနေသည်။

သူမရဲ့လက်သုပ်စုံ စားချင်တယ်ဆိုသောစကားကြောင့် အလုပ်ရှုပ်နေရတာလေ။

ခေါက်ဆွဲ၊ ကြာဇံ၊ ထမင်းချဉ်၊ ဂေါ်ဖီ၊ ပဲပင်ပေါက်၊ သဘော်သီးစိမ်း၊ သခွားသီး၊ ကြက်သွန်စိမ်း၊ အားလူးပြုတ် စသဖြင့် တစ်မျိုးပြီးတစ်မျိုး ပြင်ဆင်နေရတာ မဟုတ်လား။

ရေခဲကတော့ သဘော်သီးခြစ်တာလောက်၊ အာလူးအခွံခွာတာလောက်ပဲ ဝိုင်းကူတာပါ။

ကျန်တာအားလုံး ဒေါ်ကြည်ပဲ လုပ်သွားသည်။

မြေပဲ၊ ဆီချက်၊ အုန်းသီးချက်တို့ဖြင့် ပြီးခါနီးတော့ မွှေးကြိုင်လို့လာသည်။

ရေခဲ အစကတော့ လက်သုပ်စုံ ကြိုက်လှသူမဟုတ်ပါ။

ဒါပေမယ့် မနေ့ကဈေးမှာ သူ့ကိုတွေ့တော့ သူက ဈေးထဲက အသုပ်စုံဆိုင်လေးမှာ ကျကျနနထိုင်ပြီး အသုပ်စုံကို မြိန်မြိန် ယှက်ယှက်စား နေတာ တွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးဆိုင်ကလေး ဘာများစားကောင်းမှာလဲ၊ ဒါပေမယ့် သူ နှစ်ခြိုက်ပုံရသည်။

သူကြိုက်တာဆို ရေခဲ လည်း ကြိုက်ချင်သည်။

စားကြည့်ချင်မိသည်။

ပြီးတော့ စိတ်ထဲမှာ သူ့ကိုလည်း ကျွေးချင်မိသည်။

သတိရထိုက်တာ ကောင်လေးရယ်။

မင်း သေချာတောင်မသိတဲ့ မိန်းကလေးတစ်ယောက်က မင်းကို အပြင်းအထန် သတိရမိတယ်ဆိုရင် ယုံမလားဟင်။

ဟိုလူကြီးက သူ့ကိုခေါ်တာ "အမုန်း" တဲ့။

သူ့နာမည်က အမုန်းလား။

"ရေခဲ.... ရေ ....သမီး အသုပ်စားတော့မလား၊ ကြာဇံ ဟင်းခါးလည်း ပြီးပြီ"

"အင်း စားမယ်"

ဒေါ်ကြည်က ထမင်းစားပွဲပေါ် ပြင်ဆင်လိုက်သည်။

"ရေခဲတစ်ယောက်ထဲ စားရမှာလား၊ ပျင်းစရာကြီး အဒေါ် ကြည်ရေ ဖေကြီးရော ဖေကြီးပြန်မရောက်သေးဘူးလား"

"ပြန်ရောက်ပါပြီတော် အခုဏပဲ အပေါ်တက်သွားပြီ"

ရေခဲက ကုလားထိုင်မှထကာ သွားခေါ်ဖို့ ပြင်မိသည်။ ပြီးမှ တိုယ်ရှိန်သတ်၊ ပြန်ထိုင်ချလိုက်ကာ .....

"ဒေါ်ကေသီရော ပါလား"

"အင်း ပါတယ်"

ရေခဲ နှုတ်ခမ်းထော်ကာ သက်ပြင်းချလိုက်ပါသည်။

ဒီမိန်းမ အတူတူပါမှတော့ ဖေကြီးက ရေခဲနှင့်အတူ ဘယ် လာစား တော့မလဲ။

ဟိုမိန်းမနဲ့ပဲ အေးအေးလူလူ ထမင်းလက်စုံစားချင်မှာပေါ့။

တစ်ယောက်ထဲ မျက်စောင်းရှယ်လျက် အသုပ်စုံပန်းကန်ကို ဆွဲယူ ရှေ့နောက်လိုက်ပါသည်။

တစ်ဦးတည်းသောသမီးမို့ အဖေကို ငယ်ငယ်ကတည်းက သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com


ပေါင်း ပေါင်းလာခဲ့တာ။ ရေခဲအတွက်တော့ အမေလည်း ဒါ၊ အဖေလည်းဒါ၊ သူငယ်ချင်းလည်းဒါ၊ မောင်နှမလည်း ဒါ။

အခုတော့ ကြည့်စမ်းပါဦး။

ဒီအဖေက သူမဖက် ပြန်ငဲ့မကြည့်နိုင်တော့အောင် ဒေါ်ကေသီ လက်ထဲပါသွားခဲ့ပါပြီ။

ဘယ်အချိန်ပဲဖြစ်ဖြစ် ဖေကြီးအနားမှာ ဒေါ်ကေသီသာ တရစ် ဝဲဝဲ။

ဘယ်မှာလဲ သားအဖချင်း လွတ်လွတ်လပ်လပ် စကားပြော ချိန်။ နွေးထွေးနှောင်ဖွဲ့ချိန်။ ထမင်းအတူစားချိန်။ အပြင်အတူ သွားလာလည်ပတ်ချိန်။

ဖေကြီး မိန်းမယူလိုက်တာဟာ ရေခဲအတွက်တော့ ကြီးမားသော ဆုံးရှုံးလစ်ဟာမှုပဲ ဖြစ်သည်။

သားအဖနှစ်ယောက် တွယ်တာနှောင်ဖွဲ့ထားသော ကမ္ဘာ တစ်ခုဟာ မသိမသာ ပြိုပျက်သွားခဲ့ရပြီလေ။

တစ်အိမ်တည်း အတူတူနေကြပေမယ့် စိမ်းကားအေးစက်မှု တွေ သူစိမ်းဆန်မှုတွေကို ဒေါ်ကေသီက သိမ်မွေ့စွာ ယူဆောင် စည်းခြားစေခဲ့ပြီ မဟုတ်လား။ ယခင်ကဆို တစ်ဦးတည်းသောသမီး ကလေးမျက်နှာသာ အရိပ်လိုကြည့်နေတတ်တဲ့ ဖေကြီးဟာ ယခု တော့ ဓနီးကို ဂရုစိုက်ရတာနှင့် အရာရာမေ့သွားလေပြီ။

ရေခဲ နေမှကောင်းရဲ့လား၊ ထမင်းစားချိန်ရောမှန်ရဲ့လား၊ ဒီနေ့ ဘယ်သူနဲ့အပြင်ထွက်သွားတာလဲ၊ မေးဖို့စမ်းဖို့အချိန် မပေးနိုင်တော့ပြီ။

ရေခဲရင်ထဲ တစိမ့်စိမ့်တွေးကာ ဝမ်းနည်းအားငယ်လာမိသည်။

စားပွဲပြင်ကို စူးစိုက်ကြည့်နေမိရင်း သူမဘဝရဲ့ အဓိပ္ပာယ်ဟာဘာလဲလို့ စဉ်းစားကြည့်မိသည်။

ပြည့်စုံခမ်းနားခြင်းတွေရှိပေမယ့် ခံစားချက်ကို နားလည် မျှဝေမည့်သူ မရှိ။

အရင်ကလို ဖေကြီးအခန်းဆီ တဒိုင်းဒိုင်းပြေးတက်၊ တံခါး ခေါက်၊ ချော့မှုနွဲ့၊ မကျေနပ်သမျှတို့ဖွင့်ဟကာ စိတ်ကောက် ခွင့်လည်း မရှိတော့ပါ။

ဒေါ်ကေသီ ဖေကြီးနားရှိလျှင် ပြောမည့်စကားတွေ မပြော ဖြစ်တော့။ နောက်နေ့ကနေ နောက်နေ့ထပ်ရွှေ့၊ စကားတစ်ခွန်း ပြောဖို့ပင် အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ရ၊ ရွေးရပြီမို့လား။

သူတို့အနား သွားနေဖို့လည်း မသင့်တော်။

သူတို့ကအပေါ်ထပ်ဆို ကိုယ်အောက်ထပ်၊ သူတို့ထမင်းစား ခန်းဆို ကိုယ်ညှော်ခန်း၊ သူတို့ဝရံတာဆို ကိုယ်အိပ်ခန်းထဲ၊ သူတို့ခြံထဲဆို ကိုယ်အိမ်ပေါ် ထစ်နေရာစီ ခွဲခြားနေမှ မဟုတ်လား။

ဆေးကျွသွားတဲ့ အတိုင်းအတာဟာ ဘယ်မျှရယ်လို့ မှန်းဆ တွက်ချက် ကြည့်ရပါ။

ဒါဟာ နှလုံးသားနှင့်သာ ခံစားနားလည်လိုက်ရတာ။

နောက်ပိုင်းဆို ပိုတောင် ဆိုးဦးမည်ထင်သည်။

ဒေါ်ကေသီဟာ ဒီအိမ်ရဲ့ အိမ်ရှင်မဖြစ်လာပြီ မဟုတ်လား။

သဲသဲတွေ့ရင်တော့ အံ့ဩနေဦးမှာ။

မာမီအသစ် အိမ်ပေါ်ရောက်လာပြီဆိုပြီး။

သူသာဆိုရင်တော့ ဒီလို အိမ်ပေါ်အရောက်မခံဘူးတဲ့။

ဖေကြီးစိမ်ချမ်းသာအောင် သဘောတူလိုက်လျှောမိတာ ရေခဲ မှားပြီလား။

မသိမသာ ခေါင်းလေးခါရမ်းမိသည်။

မတွေးတော့ပါဘူး၊ ကိုယ့်ဘာသာ ပျော်အောင်နေလိုက်မည်၊ ဒါပဲပေါ့၊ ဘာတတ်နိုင်မှာလဲ။

ရင်ထဲက ခံစားချက်မှန်သမျှ အရင်းနှီးဆုံး၊ အားအကိုးဆုံး လူတစ်ယောက်ကို ဖွင့်ပြောရမှဆိုလျှင် ရေခဲကတော့ မသိမကျွမ်း ရသေးတဲ့ ကောင်လေးတစ်ယောက်ကိုသာ စိတ်ထဲက ဖွင့်ဟတိုင်ပင် နေမိသည်။

အမုန်းရေ .....

တို့ဘဝမှာလေ သားအဖနှစ်ယောက်ပဲ မိသားစုလိုဖြစ်နေတော့ ဖေကြီးကို အတော်ချစ်မိတာ။

တို့ကို အမြဲ ဂရုတစိုက်နဲ့ တယုတယ ချစ်တတ်တဲ့ အဖေကြီးကို တစ်ခြားမိန်းမတစ်ယောက်က ဆွဲဆောင်ဖြားယောင်းသွားပြီဆိုတော့ တို့ အရမ်းအားငယ်မိတယ်။

တို့ဟာ ကလေးဆန်တဲ့ ကောင်မလေးတစ်ယောက် ဖြစ်ချင် ဖြစ်မယ်။

www.burmeseclassic.com



ဒါပေမယ့် ပျော့ညံ့တဲ့မိန်းမတစ်ယောက်တော့ မဖြစ်ချင်ဘူးဟယ် သိလား။

"သမီးရေ ..... တယ်လီဖုန်း"

"ဘယ်သူလဲ အဒေါ်ကြည်"

"သဲသဲတဲ့"

"ဟင် ဒါဆိုပြောမယ် ပေး ..... ပေး"

ကော့လက်စ် ယူလာပေးတာမို့ ရေခဲက ထမင်းစားပွဲကနေပဲ ပြောလိုက်သည်။

"သဲသဲလား ပြော"

"ရေခဲ ဘာလုပ်နေလဲ"

"ခေါက်ဆွဲသုပ် စားနေတာ"

"ဟယ် သဲက အခုပဲလာခေါ်မလို့"

"ဘာလုပ်ဖို့"

"ဖြူတီဆလွန်း ခဏသွားရအောင်"

"ကြိုလည်း မပြောဘူးကွာ"

"ရှင်က အလှမပြင်လည်း လှတာပဲဥစ္စာ"

"တော်စမ်းပါနော်"

သဲသဲ ရယ်လိုက်သည်။

ရေခဲနှင့် သဲသဲကကျောင်းမှာ မေဂျာတူ သူငယ်ချင်းတွေလည်းဖြစ်၊ တစ်ဦးတည်းသော သမီးတွေလည်းဖြစ်မို့ ပိုချစ်ခင် စည်းလုံးကြသည်။

စိတ်ပါတာရှိလျှင် နှစ်ယောက်တူတူ လုပ်နေကြ။

ဆံပင်ညှပ်ရင်၊ မျက်နှာပေါင်းတင်လည်း တစ်နေ့တည်း အတူသွားကြသည် မဟုတ်လား။

"ရှင် အဆင်သင့်ပြင်ထားနော်၊ ကျုပ်ခုပဲ ကားပေါ်တက်ပြီ"

"ဒီနေ့ဘာလဲ မျက်နှာလား၊ ဆံပင်လား"

"နှစ်ခုလုံးပေါ့"

"မရဘူးနော်၊ အကြာကြီးစောင့်ရမှာ"

"ရှင့်မှာ အချိန်ပေးစရာလူ တွေ့နေပြီပေါ့လေ၊ မာဓိအသစ်လေးနဲ့ကလည်း အဆင်ပြေတယ်ဆိုတော့၊ ဟိုတစ်ယောက်လည်း ရှင့်ဆီလာ



www.burmeseclassic.com

www.burmeseclassic.com


နေတော့”

“သွားစမ်းပါ၊ မိသဲနော်၊ အနားမှာရှိရင် ရှင်မလွယ်ဘူးမှတ်”

“အမယ်လေး လက်သံပြောင်မှာသိသားပဲ၊ ဒါကြောင့်လည်း ဖုန်းထဲကပဲ စ,တာ ဟီး ...”

“မိန်းမ ...ဘယ်လိုဖြစ်နေသလဲ၊ ကျုပ်စိတ်ညစ်တယ်နော်”

“ဒါဖြင့်လည်း ရည်းစားထားလိုက်လေ”

“ထားမလို့ပဲ”

“ဘုရားရေ၊ ကျုပ်နဲ့မတွေ့တဲ့ လေးငါးရက်ကလေးမှာ ဘာတွေဖြစ်ကုန်တာလဲ”

ရေခဲက ဂုက်ဖဲလေးတစ်ချပ်ရှိနေသလို တဟီဟီရယ်လိုက် ပါသည်။

“ဟဲ့ ...ဘာရယ်နေတာလဲ၊ ရေခဲနော် ပြော ... ပြော ဘယ်သူလဲ”

ကြည့်လေ မိသဲသိချင်သွားပြီ”

ရေခဲသည် နှုတ်ခမ်းလေးကိုက်လျက် တစ်ချက်တော့တွေ ဝေသွားပါသည်။

ကိုယ့်ရင်ထဲမှာ အုံနဲ့ကျင်းနဲ့ ဖွဲ့တည်နေပြီဖြစ်ပေမယ့် သူကတော့ ကိုယ့်ကို စေ့စေ့ကြည့်ဖို့တောင် မကြိုးစားခဲ့တဲ့သူ။

သူ့အကြောင်းကို ရေခဲ ပြောပြသင့်ရဲ့လား။

ဘယ်သူလဲ ဘယ်ကလဲလို့ ဆက်မေးရင်ရော။

ချစ်ရသူကောင်လေး ဂုဏ်ငယ်မှာမလိုလား၊ နှလုံးသားက ခံနိုင်ရည်မရှိပါ။

“ဘာလို့ တိတ်နေတာလဲ ရေခဲ၊ ရှင်အချင်းချင်းတွေ လျှို့ထားရင်သိမယ်နော်”

“ဘာမှ မဟုတ်ပါဘူးကွယ်”

“မရဘူး ... မရဘူး သိချင်တယ်”

“ရေခဲဘက်က စိတ်ဝင်စားရုံပါ”

“ရှင့်ဘက်က စိတ်ဝင်စားတယ် ဟုတ်လား၊ အဲဒါဆို ပိုတောင်သိချင်သေးတယ် အမြန်ပြော”

“တွေ့မှလေ”


www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ သိပ်ချေးကိုင်တာပဲ"

"လောလောဆယ် နာမည်တစ်ခုပဲ ပြောမယ်"

"အင်း"

"အမုန်းတဲ့"

"ဘာရယ် အမုန်း ဟုတ်လား၊ အဲဒါ နာမည်အရင်းလား"

"မသိဘူး၊ သူနဲ့ ပတ်သက်ပြီး အဲဒီနာမည်တစ်ခုလေးပဲ သိ ထားတာ"

သဲသဲ ယုံမယုံ မပြောတတ်ပေမယ့် ရေခဲ နှုတ်ခမ်းလေးတွေ ကတော့ သူ့နာမည်ကို ထုတ်ပြောရတာ ကြည်နူးကျေနပ်မိလျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com


အခန်းထဲမှာ သီချင်းလေး တိုးတိုးဖွင့်ထားလျက် ရေခဲ ဒီမနက် အလုပ်ရှုပ်နေပါသည်။

ရှပ်ဆို မျက်နှာသစ်ပြီး သနပ်ခါးအရင်ဆုံးစလိမ်းရန် သနပ်ခါးဗူးကို ဆွဲပြီး ခပ်ထူထူလိမ်းသည်။ မျက်ခုံးတွေ ဘာတွေလည်းမခြစ်၊ မျက်ခုံးပေါ်က သနပ်ခါးတွေကိုဖယ်မထုတ်၊ ဒီအတိုင်းပဲထားသည်။

အစကတည်းကလည်း မျက်ခုံးပြုပြင်ဖို့ စိတ်မဝင်စားခဲ့သူမို့ သနပ်ခါး ထူထူနှင့် ရိုးသားသောမျက်နှာလေးက မှန်ထဲမှာပေါ် နေသည်။

ရေခဲက ပါးနှစ်ဖက်ပေါ် ပါးကွက်လေး တင်လိုက်ပါသေးသည်။

ပြီးတော့ မျက်နှာပြင်ဆင်မှုကို ကျေနပ်သွားသည်။

နောက်တော့ ဆံပင်ကိုဖြန့်ချလိုက်၊ ဖြီးလိုက်၊ စုစည်းပြီး ထိပ်ပေါ် ခေါက်တင်လိုက်၊ နူးညံ့ပျော့အိနေသော ဆံပင်ထွေးထွေး တို့က အသားမကျ၊ စိတ်တိုင်းကျပုံစံ ဖြစ်မလာ။

ရေခဲ သက်ပြင်းတစ်ချက်ရှိုက်သည်။

ဘယ်လိုလုပ်ရင် ကောင်းမလဲ။

မျက်မှောင်လေးကုပ်၍ အကြံထုတ်သည်။

ဟုတ်ပြီ ...။

မျက်နှာလေး ပြောင်စပ်စပ်နှင့် အခန်းပြင်ထွက်လာ၏။

"ပူစူးရေ"

"ရှင်"


www.burmeseclassic.com

www.burmeseclassic.com


"မမကို အုန်းဆီပုလင်းယူပေး"

"အုန်းဆီ"

"အေးပါဆို"

ပုစုံးက အံ့ဩနေပေမယ့် ဘာမှမမေး၊ အုန်းဆီပုလင်းပုလေး ရှာထုတ်ပေးသည်။

"ပြီးရင် ဈေးသွားမယ်နော်၊ ဆံ့ခြင်းအသင့်ပြင်၊ နင်လည်း အဆင့်သင့်ဖြစ်ပစေ"

"ဟုတ်ကဲ့"

ရေခဲ ကိုယ့်အခန်းကိုယ် ပြန်ပြေးလာသည်။

အုန်းဆီရွှဲရွှဲလေးထည့်လိုက်တော့ ဆံပင်က အတော်အဆင် ပြေသွားသည်။

ဆံပင်တွေ ဦးရေပြားမှာကပ်ပြီး မျက်နှာက ပါးကွက်ကြားနှင့် ဟုတ်ပြီ မဆိုး။

လည်ပင်းက ပလက်တီနမ်ကြိုးရော၊ နားကစိန်နားကပ်ရော၊ လက်စွပ်ရော၊ ဖုချိန်းရော ဘာတစ်ခုမှမရှိပဲ ပြောင်တလင်းခါနေတော့ ကိုယ့်ရုပ်ပင် ကိုယ်ဆန်းနေသည်။

ခြေသည်း လက်သည်းတွေကိုတော့ နမြောသားပဲ။

လက်ထိပ်ကလေးတွေ တုံးတိတိနှင့် လက်သည်းမရှိတော့ တာကို ကြည့်ရင်း တစ်ချက်တော့ ရေခဲ ငြိမ်တွေသွားရသည်။

လက်သည်းခြေသည်းကို အရှည်ထားပြီး မှုံသွင်းဖို့၊ အရောင်အမျိုးမျိုးဆိုးဖို့ အင်မတန်စိတ်ပါတဲ့ ရေခဲဟာ ဒါ ပထမဦးဆုံးအကြိမ် ကိုယ့် အလှအပကို စွန့်လွှတ်ရတာပဲ။

သို့ပေမယ့် ကိစ္စမရှိပါဘူးလေ။

ကိုယ်ဖြစ်ချင်တာတွေ ဖြစ်လာဖို့ရာ အဓိကပဲမဟုတ်လား။

ကိုယ့်ပုံစံကိုယ် မှန်ထဲကြည့် တစ်ချက်ခေါင်းဆတ်ပြီး အဝတ်ဘီရိုသွားဆွဲဖွင့်သည်။

အား ... အဲဒါမှ ပြဿနာအစစ်။

အဝတ်ခပ်နွမ်းနွမ်းဆို တစ်စုံတလေမှ ဗီရိုထဲမပါးတာ အခုတော့


www.burmeseclassic.com

www.burmeseclassic.com

ခက်တာပဲ။

ရေခဲ ဘာဝတ်ရပါ့မလဲ။

အင်္ကျီထပ်တွေထဲ အရင် မွှေနှောက်ရှာသည်။

ပါတိတ်အင်္ကျီ ခပ်မှိုင်းမှိုင်းတစ်ထည်ကို ဆွဲထုတ်လိုက်သည်။ အင်္ကျီလက်ပြတ်၊ ပုံဆန်းဆန်းလေးဖြစ်နေသဖြင့် မျက်နှာလေးရှုံ့သွားသည်။

မတတ်နိုင်ပါဘူး၊ ဒါပဲဝတ်ရမှာပဲလေ။

လုံချည်ကို ဆက်ရွေးသည်။ အောက်ဆုံးထပ်သို့ ထိုးသိပ် ထည့်ထားသည့် ပါတိတ်လုံချည်ပဲ ရွေးသည်။

အင်္ကျီက အပွင့်တစ်မျိုး၊ ပါတိတ်က အဆင်တစ်မျိုး။

ဝတ်ပြီးတော့ မှန်ထဲကြည့်ကာ ပြုံးမိသည်။

ရိုးရိုးသားသား ပုံတုံးလေးတော့ ဖြစ်စပြုလာပြီ။

ဘာများ လိုသေးလဲ။

အဲ ပိုက်ဆံအိတ်၊ နဂိုကိုင်နေကျ လယ်သာပိုက်ဆံအိတ်ကြီး ကိုင်သွားလို့ ဘယ်ဖြစ်လိမ့်မလဲ။

ပိုက်ဆံကို လက်ထဲဆုပ်သွားတာပဲ ကောင်းမလား။

ပိုက်ဆံအိတ် အသေးလေးရှာသည်။ ရှိတော့ရှိပါရဲ့၊ အဖိုးတန်တွေ လှလှတွေချည်းပဲ၊ မထူးပါဘူး၊ အဟောင်းဆုံးအိတ်ထဲ ထည့်လိုက်သည်။

ပြီးတော့ အဆင်သင့်ဖြစ်သွားပြီ။

"ပူစူးရေ"

"ရှင် လာပြီ"

လှေကားရင်းမှာ ဆွဲခြင်းလေးနှင့် ပူစူးအသင့်ရပ်စောင့်နေသည်။

"သွားရအောင်"

အိမ်ပြင်ထွက်လာတော့ သူမပုံစံကို ပူစူးကဦးဆုံး တအံ့တသြ ကြည့်သည်။

ပြီးတော့ ဦးလေးကြီးက တစ်ချက်မော့ကြည့်၏။

"ဦးလေး သော့ပေး ရေခဲဘာသာ မောင်းသွားမယ်"

"အေး အေး"

သော့ယူကာ ကားတံခါးဖွင့် ဝင်ထိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com


ပူစူးက သူမနံဘေး ရှေ့ခန်းမှာစီးရတာ ပျော်သွားပုံဖြင့် ပြုံးကျဲကျဲလေး ဖြစ်နေသည်။

ရင်တွေတော့ အခုန်သားပဲ။

ကောင်လေးရှိနေပါစေ တိတ်တိတ်ဆုတောင်းမိ၏။

နံနက်ပိုင်းမို့ လမ်းမှာ ကားနည်းနည်းရှုပ်သည်။

သို့သော် ဈေးသို့ သိပ်မကြာပဲရောက်လာပါသည်။

အပြင်ပလက်ဖောင်းမှာ ကားထိုးပြီး ...

"ပူစူး နင့်အင်္ကျီက နှစ်ထပ်လား"

"ဟုတ်ကဲ့ နည်းနည်းချမ်းလို့ မမရေခဲ"

"ချမ်းမနေနဲ့ ငါ့ကို အပေါ်အင်္ကျီချွတ်ပေးကြည့်စမ်း"

"ဟင် ဘာလုပ်ဖို့လဲ"

"ငါ ဝတ်ကြည့်မလို့"

ပူစူးက မယုံနိုင်သလို မျက်လုံးပြူးသွားလေသည်။

"ပေးပါဆို"

သူ့အင်္ကျီ ဖလန်နယ်အပွင့်ကို အပေါ်က ထပ်စွပ်ကြည့်လိုက်သည်။

"အဟဲ... တော်သားပဲ"

လက်ကတို ခါးကတိုတို ဖြစ်နေသော်လည်း ခန္ဓာကိုယ်မှာ အဆင်ပြေသည်။

ရေခဲမျက်နှာ ပြုံးစိစိဖြစ်နေသည်။

"ငါခဏဝတ်သွားမယ် ပေး... နင့်ပိုက်ဆံအိတ်ရော"

ပူစူးပိုက်ဆံအိတ် ခပ်သေးသေးလေးထဲ ပိုက်ဆံတွေ ပြောင်းသွန်ထည့်သည်။

"နင့်ဇစ်က ဖွင့်လို့ရော ရရဲ့လားဟယ်"

ဇစ်က ထစ်နေသဖြင့် မျက်လုံးပင့်ကာ မေးမိ၏။

"ရပါတယ်၊ တစ်ဆက်တည်း မြန်မြန်ဆွဲ"

"အေးလေ... မရလည်း ဘာဖြစ်လဲ"

သူမကို အငေးသားကြည့်နေတဲ့ ပူစူးကို ခပ်တည်တည်ဖြင့် ...

"နင်ဒီနေ့ မလိုက်နဲ့တော့၊ ကားပေါ်ကပဲ ထိုင်စောင့်။ နင့် အင်္ကျီ

www.burmeseclassic.com



ငါ၀တ်သွားတာ အိမ်မှာသတင်းပေါက်ကြားလို့ကတော့ နင် မလွယ်ဘူးနော်။ ကြားလား၊ ဒီကိစ္စ ဘယ်သူမှမပြောနဲ့ ဟုတ်ပြီလား"

"စိတ်ချပါ မမရဲ့၊ ပူစူးနှုတ်လုံပါတယ်"

"အေး... လုံရင်ပြီးတာပဲ၊ ဘယ်လောက်ကြာကြာ နင်ကားပေါ်က မဆင်းနဲ့နော် ဒါပဲ"

"ဟုတ်ကဲ့"

ဆွဲခြင်းလေး တယမ်းယမ်းဖြင့် ရေခဲ လျှောက်လာသည်။ မ၀တ်တာ ကြာပြီမို့ လုံချည်က လျှော့ပဲနေသလိုလို၊ ခလုတ်ပဲ တိုက်တော့မလိုလို ဖြစ်နေသည်။

ထို့ကြောင့် ဈေးရုံကြီးထဲမ၀င်ခင် လုံချည်တစ်ချက်ပြင်၀တ် လိုက်ရသေးသည်။

ဈေးထဲရောက်တော့ အသီးအရွက် နည်းနည်းရယ်၊ ငါးရယ် အရင်၀ယ်ထားလိုက်သည်။

ဒါမှ ဆွဲခြင်းထဲ တစ်၀က်လောက်ပါမှာ။

ပြီးလျှင် ရေခဲက ဆန်ဆိုင်တို့၊ ငှက်ပျောသီးဆိုင်တို့ရှိရာ အတွင်းဘက် ရုံကြီးထဲ လှမ်း၀င်လိုက်ပါသည်။

ရုံထိပ်ကပင် ဆိုင်မှီရပ်ကာ စီးကရက်သောက်နေသော သူ့ကိုလှမ်းမြင် တွေ့ရသဖြင့် ရင်ထဲလှပ်ခနဲ အေးသွားရသည်။

ဘယ်အချိန်ကြည့်ကြည့် ချောမောနေတော့တာပဲ။

အရပ်မြင့်မြင့် ကိုယ်ဟန်မတ်မတ်နှင့် ခြေခွဲရပ်နေပုံကပင် စတိုင်ကျ ကြည့်လို့ကောင်းလိုက်တာ။

ဒါဟာ ရင်ထဲက မေတ္တာစိတ်နှင့် ကြည့်လို့များလား။

အမုန်းရယ် ... ချစ်လိုက်ရတာ ...။

တို့ ဘာ့ကြောင့် မင်းကိုချစ်သွားရတာလဲဟင်။

ရေခဲသည် အသက်မရှူရဲပဲ သူ့တို့ဆိုင်အနီးသို့ လျှောက်လာ သည်။

အမုန်းသည် သူ့ကို တစ်ယောက်ယောက်ကြည့်နေသလို ခံစားရကာ ဆတ်ခနဲ လှမ်းကြည့်မိသည်။

မရဲတရဲ ခေါင်းငုံ့သွားတဲ့ ကောင်မလေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com


အဝတ်အစား ဘိုသိဖတ်သိလေးနှင့် မျက်နှာတပြင်လုံးလည်း သနပ်ခါး အဖွေးသား။

ပုံစံလေးက ရယ်ချင်စရာ၊ ပြီးတော့ ချစ်စရာ။

ဆွဲခြင်းကြီးကလည်း ခပ်ကြီးကြီးနှင့် လူနှင့်တောင်မလိုက်။

ပြုံးဟဟာ ကြည့်နေမိဆဲ ကောင်မလေးက ခေါင်းပြန်မော့ကာ အသာခိုးကြည့်သည်။

ကြည့်စမ်း၊ မျက်လုံးလေးတွေက နက်ရှန်းတောက်ပပြီး အပြစ် ကင်းနေလိုက်သည်။

ရေခဲမှာ သူလှမ်းကြည့်နေသဖြင့် ရင်တုန်ပန်းတုန် ဘာလုပ် ရမှန်းမသိအောင် စိတ်လှုပ်ရှားသွားရပါသည်။

စူးရှနက်မှောင်တဲ့ မျက်လုံးရီရီတွေ ...

ရေခဲသိပ်ကြိုက်တဲ့ မျက်လုံးလေးတွေပေါ့။

သူက အကြည့်လွှဲမသွားသဖြင့် ရင်ခုန်နှုန်းက ပိုလို့ပင် မြန်ဆန် ကြမ်းတမ်းလာရသည်။

အမုန်းက ကောင်မလေးဟန်ပန်ကို ဘာ့ကြောင့်မှန်းမသိ မြင်မြင်ချင်း သဘောကျမိသည်။

ကိုယ့်ကို မျက်းလုံးရွဲကြီးတွေနှင့် ကြည့်နေပုံက ရှက်ဝဲရှက်နီး၊ ပြီးတော့ ခင်တွယ်နှစ်လို အလေးထားမှုတွေ ပေါ်လွင်နေသည်။

သူကလေးက ဘယ်ကပါလိမ့်။

တစ်ယောက်ထဲ ဒီလိုပဲ ဈေးလာနေကျလား။

ကိုယ်အရင်က ဘာလို့ မမြင်ဖူးခဲ့ပါလိမ့်။

ရေခဲက ကိုယ့်စိတ်ကိုယ် အားပေးကာ သူ့ရှေ့မှောက်သို့ ဆက် လျှောက်လာသည်။

အမုန်းနဲ့ မျက်လုံးချင်းဆုံကြည့်နေရတာ သည်မျှ ရင်ခုန် သာယာဖွယ် ကောင်းလိမ့်မည်ဆိုတာ အရင်တုန်းက မှန်းဆထား၍ မရခဲ့။

အမုန်းနှင့် မျက်လုံးမလွှဲချင်တော့ပါ။

ဖြစ်ချင်တော့ သူမ ခလုတ်တစ်ချက်တိုက်၏။

"အမေ့"


www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်သည်။

ရေခဲက ရှက်ရှက်နှင့် မျက်စောင်းရွယ်သည်။

သူ့မျက်နှာ ပိုပြုံးသွားသည်။

"ဘာလိုချင်လဲ"

ရေခဲမဖြေ၊ လိုချင်တာပြောရမလား၊ မင်းရဲ့အချစ်၊ မင်းရဲ့ အကြင်နာ၊ မင်းရဲ့ နှစ်လိုမြတ်နိုးမှု၊ ကဲ ... ပေးနိုင်မလားဟင်။

"ကြည့်လေ ... ရပါတယ်"

"ဟိုဟာ ... ဆီ"

"ပဲဆီလား ... ဆီသန့်သန့်ရှိတယ်။ ဘယ်ဟာကြိုက်လဲ"

ရေခဲက ယောင်မှားမှားနှင့် ဆီပုံးတွေ လက်ညှိုးညွှန်မိတာကိုး။

ကိုယ့်အဖြစ်ကိုလည်း ကိုယ်ရယ်တော့ ရယ်ချင်သားပဲ။

သူက ရေခဲမျက်နှာဆီမှ အကြည့်မလွှဲ။

တော်ပါသေးရဲ့ဗျာ ဆိုင်မှာကိုမြင့်အေးကြီး မရှိပေလို့ ရှိများရှိရင်။

"ဟော့ကောင် ဘာငမ်းနေတာလဲ" ဘာညာ လူကြားထဲမရှောင် ဟောက်ချင်ဟောက်ဦးမှာ။

ကောင်မလေးတွေက သူ့ကို ဦးစားပေးလျှင် သူ့ဆီလာဝယ်လျှင် ကိုမြင့်အေး မနာလိုတတ်။

အမုန်းလည်း ဆိုင်မှာဘယ်သူမှမရှိသဖြင့် စိတ်ထဲရှိသလို ကောင်မလေးကို ပြုံးငေးကာ စိတ်လွတ်လက်လွတ် စိုက်ကြည့်နေမိသည်။

လှလိုက်တာဗျာ၊ နီးနီးကပ်ကပ်ကြည့်တော့ နှုတ်ခမ်းလေးတွေ စိုရဲပြီး မျက်နှာကလေးက နှင်းဆီအဖူးလေးလို ချစ်ဖို့ကောင်းတာ။

"အိမ်မှာ သနပ်ခါးတွေ ကျန်သေးရဲ့လား"

"ရှင်"

"ဩော် ... သနပ်ခါးတွေ အကုန်လိမ်းလာတာလားလို့ပါ"

"ဟင် ... ရှင်နော်"

မျက်နှာကလေး ရှက်အမ်းအမ်းနှင့် နှုတ်ခမ်းကို မကျေမနပ် ချွန်သို့တ်ပုံလေးဟာ အမုန်းကို အသဲစွဲအောင် ပြုစားနိုင်လေသည်။

"စ,တာပါ ... ပါးကွက်ကလေးနဲ့ အရမ်းချစ်ဖို့ကောင်းလို့"



www.burmeseclassic.com

www.burmeseclassic.com


"အမယ်"

"တကယ်ပြောတာပါဗျာ"

ရေခဲလည်း သူ့ကို မြတ်မြတ်နိုးနိုးမော့ကြည့်ကာ ဘဝင်ခိုက် ကြည်နူးသွားရပါသည်။

နှုတ်ခမ်းဖွင့်ကာ ပြုံးရယ်နေသော သူ့ပုံစံလေးဟာ ရေခဲအသည်းအိမ်ကို ပုန္နေးယစ်မူးသွားစေသည်။

"စိတ်ဆိုးလား"

ရေခဲမဖြေ။

"ပြောလေဗျာ"

အမုန်းက ခပ်တိုးတိုးထပ်မေးလိုက်သည်။

ဘယ်လို ရှေးရေစက်ကြောင့်မှန်းမသိ။ သူကလေးကို ကြည့်နေရတာ ပင်လျှင် ရင်ခုန်ကြည်မွေ့ဖွယ်ကောင်းလှပါသည်။

"မဆိုးဘူးနော်"

"အင်း"

"ဒါဆို နာမည်လေးတဆိတ်လောက် မိတ်ဆက်လေ"

"ရေခဲလို့ ခေါ်လို့ရတယ်"

"မရေခဲ"

"မရေခဲမဟုတ်ပါဘူး၊ ရေခဲပါ"

"ရေခဲဆို အေးတာပေါ့နော်"

"ရှင်ကျတော့ မုန်းဖို့ကောင်းလား ကဲ ..."

"ဗျာ"

သူက တစ်ချက်အံ့သြသလို မျက်ခုံးပင့်သွားသည်။

"အမုန်း ဆိုတော့ ..."

"ဟောဗျာ... ကျွန်တော့်နာမည်သိလား"

"ဒီဆိုင်က လူကြီးတစ်ယောက်ခေါ်တာ ကြားဖူးလို့ပါ"

"ရေခဲက ဈေးလာနေကျလား"

"တစ်ခါတလေပေါ့"

"ကျွန်တော်အရင်က မမြင်ဖူးပါဘူး ညှိုတာပဲကွ"


www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ညံ့တာပဲလို့ ရေရွတ်လိုက်ပုံလေးက ချစ်စရာ။ ရေခဲတို့ နှစ်ယောက်သား ပတ်ဝန်းကျင်ကို ခဏမေ့ကာ တစ်ယောက် မျက်နှာ တစ်ယောက် အကြည့်လွဲလိုက်ရမှာကို နှမြောနေမိသည်။

စကားတွေပြောနေချင်သေးသည်။

တဆက်တည်းမှာပင် နောက်ထပ်တွေ့ချင်သေးသည်။ မတွေ့ရ မှာ နှစ်ယောက်စလုံး စိတ်ပူမိကြသည်။

"ဘယ်မှာနေတာလဲ"

ထိုမေးခွန်းကို နှစ်ယောက်တစ်ပြိုင်နက် မေးမိကြသဖြင့် နှစ်ယောက်စလုံး ရယ်မိကြလေသည်။

သူနဲ့ရေခဲဟာ မထင်မှတ်ဖွယ်ပင် တခဏနှင့် ရင်းနှီးကျွမ်းဝင်သွားသလို ခံစားရသည်။

"လိပ်စာသိရင် ဘာလုပ်မလို့လဲ။ လာလည်လို့တော့ မရဘူးနော်"

"ဪ ... ဟုတ်လား"

အမုန်းက သူမပြောပုံလေးကို ဂရုဏာသက်သွားရသည်။

သူများအိမ်မှာ မှီခိုနေရတယ် ထင်ပါရဲ့။

ချစ်စရာကောင်းတဲ့ ကောင်မလေးရယ် ...။

မင်းနဲ့ကိုယ်နဲ့ဟာ ဘဝတူတွေများလား။

ဒါဆိုရင် ကိုယ်ကပိုပြီး နားလည်ပေးမှာပါ။

"ကျွန်တော်ကတော့ ဒီမှာရှိတာများပါတယ်။ နေတာကတော့ အဒေါ် အိမ်ကပ်နေတယ်။ မိဘမရှိဘူး။ တကောင်ကြွက်ပဲဆိုရမလား"

သူက တွေ့တွေ့ချင်းပင် ပွင့်ပွင့်လင်းလင်း ပြောပြရှာသည်။

ရှင့်ဆီက ဘာမှမမျှော်လင့်ထားပါဘူး အမုန်းရယ် ...။

ချစ်မိတာတစ်ခုတည်းပါ ...။

မျက်လုံးချင်း နားလည်မှု ဖလှယ်မိကြသည်။

ရေခဲမှာတော့ ရင်တခုန်ခုန် ကျေနပ်မဆုံးနိုင်ပါ။

သူဟာ ရေခဲ ထင်ထားတာထက်ကို ရိုးသားသိမ်မွေ့ပြီး ခင်တွယ် ချင်စရာကောင်းသည်။

စိုနက်တောက်ပသော သူ့မျက်လုံးတွေထဲမှာ နူးညံ့ပျော့ပျောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာခြင်းတွေရှိနေသည်။

"တစ်ခုခုအကြောင်းရှိလို့ ဖုန်းဆက်ချင်ရင်တော့ ရုံထိပ်က လက်ဖက်ရည်ဆိုင်လေးက ခေါ်ပေးတယ်"

"ဆိုင်ကလူကြီးက ဖုန်းသွားပြောရင် မဆူဘူးလား"

"ရေခဲခေါ်လို့ အဆူခံရရင် ဘာအကြောင်းလဲဗျာ။ ကိစ္စမရှိပါဘူး"

"ဒါဆို ရေခဲလည်း ဖုန်းနံပါတ်ပေးခဲ့မယ်"

"ဟာ ... ဖြစ်ပါ့မလား။ အိမ်က"

သူက စိုးရိမ်ပေးရှာပါသည်။

အမုန်းက သူ့ကြောင့်တော့ဖြင့် မိခိုရာနေရာလေးမှာ ပြဿနာမကြုံစေချင်။ ဒီကောင်မလေးကို သူ့ကြောင့် ဘယ်တော့မှ စိတ်မညစ်စေချင်။

"အခြေအနေအရပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော်သဘောပေါက်ပါတယ်"

"အမုန်း ဒီမှာ ပင်ပန်းမှာပဲနော်"

"ဗျာ"

သူ့မျက်နှာ ပျက်ချင်သလို ဖြစ်သွားပြီးမှ ...

"ယောကျ်ားပဲဗျာ။ ပင်ပန်းတယ်လို့ မရှိပါဘူး။ သမာအာဇီဝပဲ ဘာဖြစ်လဲ"

"အမုန်း ကျောင်းမတက်ဘူးလား"

"ရှစ်တန်းနဲ့ ထွက်ခဲ့တာ"

"ဟုတ်လား"

သူ့အကြောင်းကို ဂရုတစိုက်မေးသော ကောင်မလေးကို သူ ပြုံးပြလိုက်သည်။ ဘဝခရီးပြေးလမ်းပေါ်မှာ ကိုယ်ကရှေ့က ဦးဆောင်ပြေးနိုင်ပါတယ်။ စိတ်ချစမ်းပါ။

အမုန်း စိုက်ကြည့်နေသဖြင့် ရေခဲ အကြည့်လေးလွှဲမိကာ။

"ဆိဝယ်ရဦးမှာတောင် မေ့နေပြီ"

"ကျွန်တော်လည်း ရောင်းဖို့မေ့နေတယ်ဗျာ၊ အတူတူပါပဲ"

ရေခဲကပိုပြီး စွန့်စားရတာပါ အမုန်းရယ် ...။

ရှင်က မာနကြီးမယ့်ပုံမို့။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ပဲဆီသန့် ပုံးသေးတပုံးကိုယူကာ သူက ဆွဲခြင်းထဲ ထည့်ပေးသည်။

"ကျေးဇူးပဲနော် ... အမုန်း"

"ဟာ ... ကျွန်တော်ကပြောရမှာ"

"ရပါတယ်။ ရေခဲ သွားမယ်နော်"

"လိုက်ပို့ပေးချင်တယ်ဗျာ။ ဆိုင်မှာလူမရှိလို့သာ"

"ကိစ္စမရှိပါဘူး၊ နေခဲ့ပါ"

"ရုံထိပ်ထိတော့ ပို့မယ်ဗျာ"

သူကဘေးဆိုင်ကို ကြည့်ထားပေးဖို့အပ်ကာ ရေခဲဆွဲခြင်းကို အသာကလေး ဆွဲပေးသည်။

ရေခဲလား ... ရင်ထဲမှာ ဘယ်တုန်းကမှ ဒီလောက်မပျော်စဖူး။ ရေခဲနံဘေးမှာ သူက မားမားမတ်မတ် လွှားခနဲ လွှားခနဲ လျှောက်လာရင်း ရေခဲမျက်နှာကို ပြုံးပြုံးငုံငုံကြည့်နေဟန်က လောကကြီးကို မေ့နေဟန်မျိုး။

ဒီလို အတူတူရှိနေတဲ့အချိန်မျိုးတွေ တဘဝလုံး ပိုင်ဆိုင်ချင်လိုက်တာနော်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးနဲ့ ဒေါ်ကေသီထွန်းက အပြင်ထွက်သွားကြတာမို့ ရေခဲတစ်ယောက်ထဲ တီဗီထိုင်ကြည့်နေမိသည်။

ညဖက် အပန်းဖြေချိန်မျိုးမှာပင် သားအဖတွေ မျက်နှာချင်းဆိုင်ဆုံခွင့်မရတော့ပါ။

ခဏကြာတော့ ညောင်းညာသလိုဖြစ်လာတာမို့ ဇက်ကလေးကို ဘယ်ညာလှည့်ချိုးလိုက်ပြီး တီဗီခလုတ်ကိုလည်း ရိမုခ်နှိပ်ကာ ပတ်ပစ်လိုက်သည်။

မကြည့်ချင်တော့ပါဘူး။

ရင်ထဲမှာ ဟာတာတာနှင့် တစ်စုံတစ်ယောက်ကို လွမ်းမိသလိုလို။

အမုန်းနှင့် မတွေ့ရတာကြာပြီ။

သူရော သတိမှရရဲ့လား။

ရေခဲကတော့ ဘာလေးတွေးတွေး သူ့အကြောင်းဆီ ရောက်သွားတတ်တာ။

ညဘက် အိပ်မက်မက်ရင်တောင် သူမပါတာ မရှိသလောက်ပဲလေ။

အိပ်မက်ဆိုတာ စွဲလမ်းခြင်းတစ်မျိုးဆိုလျှင်တော့ ရေခဲရဲ့အိပ်မက်ညတွေထဲ မကြာခဏပါဝင်နေတာဟာ သူ့ကို စွဲလန်းတမ်းတနေလို့သာ ဖြစ်လိမ့်မည်။

ရေခဲသည်သူ့ကို စကားပြောချင်စိတ်နှင့် စားပွဲပေါ်က ဟန်းဖုန်းလေးကို ကောက်ကိုင်ပြီး ပါးနှင့်အပ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုညဘက်အချိန်မျိုးမှာ သူအိမ်မှာရှိသလား။

ဘာလုပ်နေပါလိမ့်။ သူစာဖတ်ဝါသနာပါသလား။ ဒါမှမဟုတ် ဂီတာတီးတတ်သလား။ ရုပ်ရှင်ကြိုက်လား။ တီဗွီဂိမ်းရော စိတ်ဝင်စားသလား။ ဒါမှမဟုတ် အပေါင်းအသင်းတွေနဲ့ လျှောက်သွား လက်ဖက်ရည်ဆိုင် ထိုင်တတ်သလား။ ဘီယာတိုက်မယ် ခေါ်မယ့်သူရှိရင်ရော စိတ်ပါလက်ပါ လိုက်သွားတတ်သလား။ သူ့ရဲ့ အပန်းဖြေနည်းက ဘာလဲ။ ကောင်မလေးတွေ လိုက်စကားပြောတာမျိုးရော၊ အို ... ဒီလိုတော့မရပါဘူး၊ သိရင် မလွယ် ဘူးမှတ်။

ရေခဲနှုတ်ခမ်းလေးတွေ ပြုံးလာလိုက်၊ စူထော်လာလိုက်နှင့် ဒီလို ခံစားမှုမျိုးတွေ ဘာကြောင့်ပေါ်ပေါက်လာရသလဲ မသိတော့ပါဘူး။

ဆိုဖာပေါ်မှိုကာ ရေခဲမျက်လုံးလေးတွေ မှိတ်ထားမိခိုက်မှာပင်။ ဧည့်ခန်းထောင့်က ဖုန်းစင်လေးပေါ်က တယ်လီဖုန်းက ထမြည် လေသည်။

"ပူစူးရေ"

ထူးသံမကြားရသဖြင့် ရေခဲ ထကိုင်လိုက်ရသည်။

"ဟက်လို ... ရေခဲရှိပါသလား"

"ဟင်"

သူမနှုတ်က အာမေဋိတ်သံလေးတွေ ထွက်သွားရသည်။ ဒီ လေသံ၊ ဒီလေယူလေသိမ်းကို ကောင်းကောင်းကြီး မှတ်မိပါတယ်။

"အမုန်း ... ရေခဲပါ"

"ဟာ ...ဝမ်းသာလိုက်တာဗျာ။ ခဏပြောလို့ရမလား၊ ရေခဲ အနားမှာ လူတွေရှိလား။ အဆင်ပြေရဲ့လား"

"ရပါတယ်။ အဆင်ပြေတယ်။ ဘယ်သူမှမရှိဘူးပြော"

"ဟဲဟဲ ... ပြောရမယ်ဆိုရင် ကျွန်တော်အရမ်းသတိရလို့"

သူ့အသံ တိုးတိုးချိုချိုကလေးကြောင့် နှုတ်ခမ်းလေးကိုက်ကာ ဘာပြော ရမှန်းမသိအောင် ရေခဲ ရင်ဖိုသွားရပါသည်။

သူပြောပုံလေးက ချစ်ဖို့ကောင်းလိုက်တာ။

"ကြားရဲ့လားဟင်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရေခဲရော ကျွန်တော့်ကို သတိရလား"

"အင်း"

"ဗျာ… တကယ်လား"

"သြော်… တကယ်ပါ"

"ပျော်လိုက်တာဗျာ"

"အခု ဘယ်မှာရောက်နေလဲ"

"သူငယ်ချင်းတွေနဲ့ ဂစ်တာဝိုင်းပေါ့။ ဘေးနားက စတိုးဆိုင်က ဆက်နေတာ"

"ရေခဲနဲ့ မတွေ့ရင်ရော"

"ရေခဲအသံ ကျွန်တော်သိနေတာပဲ။ တခြားလူဆို မမေးဘူးပေါ့။ ဘာလဲ အိမ်ကသိမှာ စိုးရိမ်သွားပြီလား"

တကယ်စိုးရိမ်တာကတော့ ရေခဲကိုအထင်လွဲမှာကိုပါ။ ရေခဲ ငြိမ်နေသဖြင့် သူက…

"မကြောက်ပါနဲ့ဗျာ… ကျွန်တော်ရှိသားပဲ"

"ဟွန်း… သူကဖြင့်"

"ဘာဖြစ်သလဲ သူက"

"အဝေးကြီးမှာ"

"ကျွန်တော်လည်း နီးချင်တာပဲ၊ ရေခဲကို တွေ့ချင်တယ်ဗျာ။ ဈေးလည်း မလာဘူး"

"ဟိုတနေ့က လာပါတယ်။ အမုန်းမရှိတာပါနော်"

"ဟုတ်လား မသိဘူးဗျာ"

"ဘယ်သွားနေလဲမှ မသိတာ"

"သွားရင်လဲ ဆိုင်ကိစ္စ၊ အလုပ်ကိစ္စပါဗျာ။ ကျွန်တော့်မှာ ရေခဲကလွဲရင် ဘယ်သူမှမရှိဘူး။ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး အရူးအမူးတွယ်တာမိတာ ရေခဲပါ"

ပြောပုံလေးကတော့ အခွင့်ခိုက် ကြည်နူးစရာပါပဲ။

တကယ်ပြောနေတာပဲ ဖြစ်ပါစေတော့။

ယုံပါရစေ အမုန်းရယ်…။



www.burmeseclassic.com

www.burmeseclassic.com

အမုန်းအတွက် ရေခဲတစ်ယောက်ထဲ၊ ရေခဲအတွက်လည်း အမုန်းသာ ရှိမယ်။

"ဟိတ် ... ဘာလို့တိတ်နေတာလဲ။ မယုံဘူးလား"

"အမုန်း ဘာပြောပြော ယုံချင်ပါတယ်"

"အဲဒါ ... ဘာဖြစ်လို့လဲ ရေခဲ"

"အို ... လာမမေးနဲ့ မသိဘူး"

သူ့ဆီက ရယ်သံချိုချိုကြားရသည်။ ရေခဲလည်း ရှက်စနိုး ရယ်မိပါသည်။

"တွေ့မှ ပြောပြနော်"

"မပြောပါဘူး"

"ကျွန်တော်တို့ အေးအေးဆေးဆေး တွေ့ခွင့်ရရင် ကောင်းမယ်။ ပြောချင်တဲ့စကားတွေ အများကြီးပဲ"

အမုန်းသည် စိတ်ပါလက်ပါ ရင်ထဲရှိသမျှ ခွန်းခြွေနေမိရာ ပြီးမှ စတိုးဆိုင်က အမကြီးကို အားနာပါးနာ ဟဲခနဲရယ်ပြမိပါသည်။

"ရေခဲ အပြင်ထွက်လို့ရမယ့်နေ့ကို စောင့်မယ်လေနော်"

"အင်းပါ"

အမုန်း ပျော်သွားရသည်။ ကောင်မလေးကလည်း ဟန်မဆောင်၊ သူ့ကိုချစ်တာ ပေါ်လွင်နေသည်။

အမုန်းမျက်နှာလေး ပြုံးရွှင်နေရကာ။

"ဒါဆို ဒါပဲနော်။ နောက်မှ အခြေအနေကြည့်ပြီး ဖုန်း ဆက်မယ်"

"သူ့အသံလေး ပြတ်တောက် တိတ်ဆိတ်သွားလျှင် ရေခဲ ငိုင်တွေသွားရပါသည်။

ရှေ့ဆက်ပြီး တို့ဘာလုပ်ရမလဲ။ အမုန်းရေ ...။

အိမ်မှာလည်း စိတ်ရှုပ်စရာတွေ များလိုက်တာ။

ပြီးတော့ ပိုပြီး စိတ်တိုစရာကောင်းတာက ဒေါ်ကေသီမောင် ထွန်းကြီးပေါ့။

ခုတလော ရေခဲကို သိသိသာသာ လာရစ်နေသည်။

လူကို ဘာများမှတ်နေလဲ မသိပါဘူး။


www.burmeseclassic.com

www.burmeseclassic.com


အဖေလုပ်သူကို အစ်မကရထားပြီမို့ သမီးဖြစ်သူကို မောင်က ရည်မှန်းခွင့်ရပြီတဲ့လား။

မဖြစ်နိုင်။

အမုန်းရယ် ... တို့ဘဝ၊ တို့အခက်အခဲ၊ တို့ခံစားချက်ကို နားလည် ဖြေရှင်းပေးလှည့်ပါ။ ယုယသော အကြင်နာမိုးတို့ ဖျန်းပက်လို့ တို့နှလုံးသားကို ငြိမ်းချမ်းရေးယူပေးပါလားကွယ်။

အမုန်းနှင့် ပတ်သက်လျှင် ယုံကြည်မှု၊ မျှော်လင့်မှုတို့ဟာ ပြင်းထန် များပြားလာတတ်စမြဲပါ။

သူ့ဖက်ကတော့ ဒါတွေ ဘာမှသိမှာ မဟုတ်သေးပါ။

သို့ပေမယ့် ရိုးသားသော သူ့မျက်လုံးတွေဟာ ရေခဲ့အတွက် တစ်ခု တည်းသော အလင်းရောင်၊ နူးညံ့သော သူ့စကားသံတို့ဟာ တစ်ခုတည်းသော အင်အားပါပဲ။

* * *


www.burmeseclassic.com

www.burmeseclassic.com



တံခါးဘဲလ်တီးသံကို ကြားပေမယ့် မျက်လုံးတွေက မဖွင့်ချင်လောက်အောင် လေးနေသည်။ လူက လုံးဝမလှုပ်ချင်။ ချမ်းစိမ့်စိမ့်နှင့် လှုပ်လိုက်လျှင် အသည်းအေးအောင် တုန်[illegible]သည်။

ရေနွေးသောက်တာ[illegible] လေးငါးခွက်မက[illegible]ပါ။ ဒါလည်း အချမ်း[illegible] ကျောထဲက[illegible]တက်ပြီးချမ်းသည်။

"[illegible]ရေ ... ပူစူး"

အဆက်မပြတ် တံခါးဘဲလ်နှိပ်နေတာတောင် မကြားရအောင် ပူစူး ဘာလုပ်နေသလဲ။ ရေချိုးခန်းထဲများ ရောက်နေပြီလား။

ခုလိုဖြစ်မှစိုးလို့ အဖျားသွေးဝင်လာကတည်းက မှာထားခဲ့ပါသည်။ သေသေချာချာ ခေါ်ပြောခဲ့ပါသည်။

"ပူစူး ... တံခါးခေါက်တာ နားစွင့်ထားနော်။ ဖုန်းမြည်ရင်လည်း ကြာမနေနဲ့ ကြားလား။ နိုးနိုးကြားကြား[illegible]မ်းပါ။ ဒီမှာ နေမကောင်းရတဲ့အထဲ ထမဖွင့်နိုင်ဘူး"

ပြောထားကတည်းက ဒါမျိုးကြုံသည်။ တံခါးဘဲလ်တီးသံကို ပူစူး ကြားပုံမပေါ်။ ရေခဲ အချမ်းဒေါသဖြစ်သည်။ ခေါ်[illegible]မရှိ။ ဈေးသွားလျှင် သိပ်ကြာသည်။

ကျွတ် ... အဲဒီ[illegible]လည်းမှုမရှိဖူးဘူး။ အင်္ဂတန် ညည်းဖျင်းသည်။

စောင်ကို ဒေါသနဲ့ ဆတ်ခနဲခွာပစ်ပြီး ခုတင်အောက်ကြော ချထားသော



www.burmeseclassic.com

www.burmeseclassic.com


ဖိနပ်ကိုစီးကာ ထွက်လာခဲ့၏။

ဒေါ်သတထောင်းထောင်းက အချမ်းပြေစေသည်။

ဘယ်သူအခုလောက် ဘဲလ်တီးနေတာလဲ။

တံခါးကို ဝုန်းတနဲ ဆွဲဖွင့်လိုက်၏။

"ဟင်"

တော်တော်ကလေး စိတ်ပျက်မကျေနပ်မိတာ အမှန်ပါ။

ဖေ့ဖေ့စက်အဖွဲ့သားတွေ ဝင်လိုက်ထွက်လိုက်မို့ ခြံဝင်းတံခါး သော့မခတ်ထားခဲ့တာ။ ခြံထဲအလွယ်တကူရောက်တော့ တိုက်ဆီ လျှောက်လာဖို့ မခဲယဉ်းတော့ပါ။

"ဖျားနေတယ်ဆို"

ချစ်ထွန်းက စူးစူးရှရှစိုက်ကြည့်ကာ မေးသည်။

သူ့မျက်လုံးတွေကို အင်မတန်မုန်းသည်။ ဆတ်ကနဲ မျက်နှာလွှဲ မိလျက်။

"ဟုတ်တယ် ... ဘာကိစ္စလဲ" ဟုမေးမိ၏။

ရှူတင်မန်နေဂျာက ရိုက်ကွင်းမှာမနေပဲ ဘာလို့ရောက်လာရတာလဲ။ ဖေ့ဖေ့ကိုမပြောပဲ ခိုးထွက်လာတာလား။

ရေခဲ နေမကောင်းတာကို ဖေ့ဖေ့ဆီကသိတာ ဖြစ်နိုင်ပေမယ့် နေမကောင်းသော ရေခဲဆီ ဖေဖေလွှတ်လိုက်တာတော့ လုံးဝ မဖြစ် နိုင်ပါ။ သူ့သဘောနဲ့သူ ငမ်းကြောထူ၊ အရှက်မရှိလာတာပဲဖြစ် လိမ့်မည်။

"ဆေးခန်းသွားမလား"

ချစ်ထွန်းက ရေခဲမျက်လုံးတွေကို လျစ်လျူရှုကာ ထပ်တဆင့် တက်လာ၏။ သူလာတာ မကြိုက်မှန်း သည်လောက်သိသာနေတာကို နည်းနည်းကလေးမှ အရှိန်မလျော့ပါလား။

"ရေခဲ နေမကောင်းဘူး၊ ဖျားနေလို့။ ရှူတင်လိုက်မလာဖူးဆို တာသိတော့ စိတ်ပူပြီးလိုက်လာတာ"

သူက သူ့သဘောနှင့်သူ ဧည့်ခန်းဆိုဖာမှာ သွားဝင်ထိုင်၏။

"မလိုပါဘူး။ ရှူတင်မန်နေဂျာက ရှူတင်မှာရှိရမှာ။ ဖေဖေတစ်ယောက် ထဲ ဘာလို့ထားခဲ့တာလဲ။ ရှင်ပြန်တော့၊ ကျွန်မဘာမှ ဖြစ်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


မာဆတ်ဆတ် အပြတ်သားဆုံး ပြောချလိုက်၏။

"ရေခဲရယ် ... စိမ်းကားလွန်းလှချည်လား"

"လုပ်မနေနဲ့၊ ရှင်လစ်ထွက်လာတော့ ဖေဖေ့ရှေ့နေမှာ"

"ပြောခဲ့ပါတယ်"

"ဘယ်လို ကျွန်မဆီလာမှာ ပြောခဲ့တယ်ဟုတ်လား"

"မဟုတ်ဘူးလေ။ လက်ဖက်ရည်ဆိုင်လို့ပြောခဲ့တာ"

"ဟင်"

ရေခဲ တစ်စက်ကလေးမှ မနှစ်မြို့သလို မျက်နှာပေး၊ အဲ့ဒီမာနတွေကိုပဲ သူက ဖျက်စီးပြချင်တာ၊ ဘယ်လိုမာမလဲ၊ ဘယ်လောက် တင်းနိုင်မလဲ၊ တစ်နေ့နေ့ သူ့ရင်ခွင်ထဲ ကြွေကျလာရမှာ မလွှဲမသွေ။

ဖုန်းသံမြည်လာသောအခါ ချစ်ထွန်းက ဖျတ်ကနဲကောက်ကိုင် သည်။ စည်းကျော်သော ပိုင်စိုးပိုင်နင်းနိုင်သော၊ စည်းကမ်းမရှိသော၊ နေရာတကာ ဝင်စွက်ဖက်ချင်သော စိတ်ဓာတ်နှင့် အပြုအမူကို မုန်း လှသည်။ မလွှဲသာလို့ ကြည့်နေရတာ။

ဖေဖေ့မျက်နှာကြောင့်ပေါ့။ ပြောချင်လိုက်တာ လျှာယားနေပြီ။ ဒေါ်ကေသီဇာလည်း သူ့မောင်ကို သိပ်မျက်နှာသာပေးတာ။ သူတို့မောင်နှမ တရားကိုလွန်သည်။

"မောင်လေးလား"

"ဟုတ်တယ် မမ"

"မောင်လေး ရောက်နေတာလား။ ကောင်းတယ်၊ မမစိတ်ချရပြီ။ ရေခဲ နေမကောင်းလို့ စိတ်ပူတာနဲ့ လှမ်းဆက်တာ ရေခဲရော အိပ်နေလား၊ သူ့အနားမှာ အဖော်နေပေးလိုက်လေ။ မမ ဦးကောင်းဝေ ကို ပြောပေးမယ်"

"ဟုတ်ကဲ့ ... ကောင်းပါတယ် မမ။ ကျွန်တော်ကြာကြာနေပေးလို့ ရတာပေါ့။ အန်ကယ်ကောင်းကို မမပြောလိုက်လေ"

"အေးပါ ... မမ ဖုန်းဆက်လိုက်မယ်။ စိတ်ချ"

"ကျေးဇူးပဲ မမ"

ချစ်ထွန်းက ဖုန်းချွက်ချပြီး ရေခဲဆီလှမ်းကြည့်၏။

ရေခဲကိုကျော်ကာ သူတို့လုပ်ချင်ရာ ဇွတ်လုပ်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com


သည့်လောက် လွယ်ပါ့မလား။ ရေခဲက ဖေ့ဖေ့တစ်ဦးတည်းသော သမီး။ သူတို့က ရေခဲကို ထည့်မတွက်။ အလေးမထား။ သူတို့လုပ်ချင်သလို လုပ်လို့ရမည်။ ကလေးပေါက်စနမှတ်နေသလား မသိ။ တဖြည်းဖြည်း ဆောင့်တက်လာသည်။

"ရှင်ပြန်တော့"

"မမကေသီက ရေခဲကိုစိတ်ပူလို့တဲ့၊ နေပေးလိုက်ပါတဲ့၊ အန်ကယ် ကောင်းကို သူဖုန်းဆက်ပြောပေးမယ်တဲ့"

"မလိုပါဘူး။ ကျွန်မက အိပ်မှာ။ စောင့်ပေးစရာလည်း မလိုဘူး။ နေပေးစရာလည်း မလိုဘူး။ ပြန်မှာသာ ပြန်တော့။ သူစိတ်ပူရင် အိမ်ပြန်လာပြီး ပြုစုပါလား။ စေတနာတွေ ကောင်းလွန်းနေလိုက် တာ"

ဒေါ်ကေသီထွန်း စေတနာကို ရေခဲက ကောင်းကောင်းသိသည်။ သူ့မောင်နှင့် နီးစပ်စေချင်တာ။ ငြိသွားစေချင်တာ။ ဒါမျိုးရိုး နပြီ။

"ပူစူးရေ... ပူစူး"

"ရှင် လာပြီ"

"ညည်းသည်ပြန်ရင် တံခါးတွေသေချာပိတ်။ ငါအိပ်မလို့ လုံးဝလာမနှိုးနဲ့ ကြားလား။

"ဟုတ်ကဲ့"

ချစ်ထွန်းရှေ့မှာတင်ပြောကာ အခန်းထဲပြန်ဝင်လာပြီး တံခါး ိပိတ်ထား လိုက်၏။ ဖျားနေတာလေးပင် ပျောက်ချင်သည်။ စိတ်ရှုပ်စရာ ကောင်းလွန်း လို့ပါ။ ဘာတွေမှန်းမသိ။

ရေခဲကို အထင်သေး လျှော့တွက်ချင်သည်။

မိထွေးစိမ်သမျှ ခေါင်းငုံခံမယ့် သမီးမျိုးမဟုတ်တာ ဒေါ်ကေသီ ထွန်း သိစေရမည်။

ရေခဲဘဝကို ရေခဲဘာသာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် လျှောက်လှမ်း ပါမည်။ ဘယ်သူ့မှ ဆရာလုပ် ဝင်စွက်ခွင့်မရှိ။

ဒေါ်ကေသီထွန်းက ဖေဖေ့ဘေးနားကပ်ချဲ့ပြီး တစ်အိမ်လုံးကို အုပ်စိုးခြယ်လှယ်ချင်သည်။ ရေခဲကို ဘာများမှတ်နေသလဲ။

ချစ်ထွန်းက မခံချင်စိတ်ကို မျိုချပြီး ပူစူးကို မဲ့ဖွဲ့ပြုံးပြလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မင်းနိုင်ထားအုံးပေါ့ကွာဟု စိတ်ထဲတေးထားမိပါသည်။

"ပုစူး ... တံခါးတွေသေချာပိတ်။ နင့်မမကို ဂရုစိုက် ကြားလား။ လိုအပ်တာလုပ်ပေး"

"ဟုတ်ကဲ့"

ခေါင်းငိုက်စိုက်နှင့် ပြန်ခဲ့ရပေမယ့် ချစ်ထွန်းစိတ်ထဲမှာ မှတ်ထားဖြစ်သည်။ မောက်မောက်မာမာနှင့် ရင့်ရင့်သီးသီး ဆက်ဆံတာကို သူ့အရှုံးနာသည်။ တနေ့နေ့တော့ အစွယ်ကျိုးပြီး သူ့လက်အောက် ရောက်ကိုရောက်ရမည်။ သူ့ဘက်မှာ မမကေသီတစ်ယောက်လုံး ရှိပြီးသား။ ဦးကောင်းဆေက မမကေသီမှ မမကေသီ။ သူ့အတွက် သည်လောက် အဆင်ပြေတာ သူဘာလို့ရှုံးရမှာလဲ။ ဦးကောင်းဝေစကားကို ရေခဲ တစ်ကယ်တမ်း လွန်ဆန်နိုင်ပါ့မလား။ သူတို့သားအဖ က သိပ်ချစ်ပြီး သိပ်အပေးအယူတည့်တာ။ ဒါလည်း ချစ်ထွန်းအတွက် အကြီးမားဆုံး အခွင့်အရေးတစ်ခု။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီထွန်းက ဦးကောင်းဝေဆီ ဖုန်းဆက်သည်။ ရေခဲနှင့်ချစ်ထွန်း အတူရှိနေတာ၊ ရင်းနှီးကြတာ သိစေချင်၍ပါ။ သို့မှသာ ကေသီ့သဘောထားကို ဖွင့်ပြောတိုင်ပင်လျှင် အထောက်အကူရမှာ။

"ကိုကြီးလား"

"ဟုတ်တယ် ကေသီပြော"

"ကိုကြီး ထမင်းစားပြီးပြီလား"

ကိုယ့်ဆန္ဒ ကိုယ်ဖြစ်ချင်တာ ကိုယ်ပြောချင်တာတွေကို ခဏ နောက်ဆုတ်ထားပြီး မေးသင့်တာ ပြောသင့်တာကို အရင်ပြောတတ် မေးတတ်လို့လည်း ကေသီဟာ ကိုကြီးအချစ်ဆုံးမိန်းမ ဖြစ်ခဲ့ရတာပဲ မဟုတ်လား။ ချစ်ထွန်းနှင့် ရေခဲ ကိစ္စကို ချက်ခြင်း မပြောသေးပါ။

"မစားရသေးဘူး"

"နောက်ကျနေပြီ၊ စားတော့လေ၊ တကယ်ပဲ ကေသီသတိ မပေးရင် မေ့ချင်ယောင်ဆောင်ပြီး အလုပ်တွေပဲ ဖိလုပ်နေတာပေါ့ ဟုတ်လား"

မှုန့်မှုန့် ကေသီ့အသံကို ဦးကောင်းဝေ ဘဝင်ခိုက် ကျေနပ် ရပါသည်။ ကေသီက သူ့ကို သိပ်ဂရုစိုက်သည်။

"ဒီနေ့ ကိုကြီး ကြိုက်တတ်တာတွေပဲ ရွေးစီစဉ်ပေးထားတယ်။ ထမင်းချိုင့်ဖွင့်ရင် စားချင်သွားမှာ။ စားတော့လေ၊ တော်ကြာ အဆာလွန်နေအုံးမယ်"

"စားမှာပါဗျာ၊ တကယ်စိတ်ပူတတ်ပါ့လား"

"ရှုတင်က ထမင်းဟင်း စားမကောင်းမှာစိုးလို့ တကူးတက လုပ်ပေးနေရတာ၊ မစားပဲနေရင် ကေသီစီစဉ်ပေးရတာ မောတာပဲ အဖတ်တင်မယ်"

"မစားပဲ မနေပါဘူး ကေသီရယ်"

"အော် ... သမီးလေးကိုလဲ ကေသီခုပဲ ဖုန်းဆက်သေးတယ်။ ဖျားနေတော့ ကေသီဆိုင်သာထွက်လာရတာ စိတ်မချဘူး ကိုကြီးရဲ့"

ကိုယ့်ကိုသာမက ကိုယ်ချစ်သော သမီးလေးကိုပါ အရေးတယူ ဂရုတစိုက် စေတနာရှိသောအခါ ကေသီ့ကို မြတ်နိုးခြင်းတွေ ပိုရသည်။

"ဟုတ်လား ကိုကြီးတော့ ဖုန်းမဆက်ဖြစ်သေးဘူး၊ မအား တာနဲ့ လေ"

"ရပြီ ကိစ္စမရှိဘူး မောင်လေး အဲဒီမှာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ထွန်းလား"

ဦးကောင်းဝေက အံ့အားသင့်သွားသည်။ ချစ်ထွန်းက လက်ဖက်ရည် ဆိုင်ဆိုပြီး လစ်ထွက်သွားခဲ့တာ မဟုတ်လား။ သည်သူငယ် သမီး ရေခဲ အပေါ် အတော်သံယောဇဉ်ကြီးပါ့လား။

ကျေနပ်စွာ ပြုံးလိုက်သည်။

"မောင်လေး ချက်ချင်းပြန်လာချင်မှ ပြန်လာလိမ့်မယ်၊ ကေသီက မှာလိုက်တယ်လေ။ ရေခဲလေးနဲ့ နေပေးပါလို့ စကားပြောဖော် ရှိအောင်"

ကေသီ့ အစီအစဉ်ကို ဦးကောင်းဝေ က ဘာများ စောဒက တက်စရာ ရှိမှာလဲ။ ကိုယ့်အတွက် သမီးအတွက် ကေသီက ဘာမဆို ချက်ချင်းဖြည့်စွမ်းပေး အနစ်နာခံတတ်ခဲ့တာ။

"ကျေးဇူးပဲ ကေသီရယ်"

"ကိုကြီးကလည်း ကိုယ့်မိန်းမ ကျေးဇူးတင်ရတယ်လို့"

ဒေါ်ကေသီထွန်း ကတော့ သူဖန်တီးသောဇာတ်ကလေး လှပ သေသပ် သွားတာကို ကျေနပ်မဆုံးရှိ၏။

"ကိုကြီး ထမင်းစားတော့နော်၊ ကေသီဖုန်းချမယ်။ ကလေး အတွက် နောက်ဆံတင်းမနေနဲ့အုံး၊ ကေသီ စောစောပြန်မှာပါ"

"ကောင်းပါပြီဗျာ"

ဖုန်းပြောပြီးသောအခါ ဦးကောင်းဝေ မျက်နှာက ပီတိပြုံးနှင့် ဝင်းလက် နေသည်။ စိတ်ချမ်းသာမှုပေးနိုင်သော ဇနီးကောင်းမို့ ပိုပြီး မြတ်နိုးရပါသည်။ သမီးလေးအတွက်လည်း သိပ်ကောင်းသော အမေမျိုးပါ။ တခါတလေ သမီးက မခြေမင်ပြန်ပြောတတ်တာလေး ပဲဆိုးသည်။

"အန်ကယ်ကောင်း နောက်တစ်ဆင်း (တစ်ကဒ်) က ဒန်းပေါ် မှာနော်၊ အဆင့်သင့်ပဲ၊ မင်းသားလည်း အဝတ်အစားလဲပြီးပြီ"

"အေးကွာ၊ ရယ်ဒီပဲလား၊ မင်းသမီးရော"

"အဆင့်သင့်ပါပဲ"

"ဂစ်တာရော မင်းသမီးက ဂစ်တာတီးနေရမှာ။ ကက်ဆက်ရော အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ ... ဂစ်တာက ကြိုးတစ်ချောင်းပြတ်နေလို့ အာစရိ ရေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှာပါ"

ဦးကောင်းဝေက ဓာတ်ညွှန်းစာရွက် တစ်ချက်ဖတ်ကြည့်ကာ မင်းသားနှင့် မင်းသမီးကို ခေါ်လိုက်သည်။

ဒိုင်ယာလော့ (စကားလုံးတွေ) ချပေးဖို့ပါ။ သူတို့က ဓာတ်ညွှန်း ဖတ်မထားပေမယ့် တစ်ခါနှစ်ခါပြောပြရုံနဲ့ ဖြစ်သွားရော။ နာမည်ကြီး တွေမို့ ရိုက်ရတာအဆင်ပြေပါသည်။ သဘောပေါက်လွယ်သည်။

"အန်ကယ်ကောင်း ထမင်းစားတော့မှာလား"

မီးသမား၏ဖနီးက မမေ့မလျော့လာမေးရှာသည်။ သည်တော့မှ အလုပ်က တပည့်တစ်ဦးက "ထမင်းချိုင့်ပါတယ်" ဟု ကားဆီ သတိရကာ ပြေးယူ၏။ ဦးကောင်းဝေ ပြုံးမိပါသည်။

သူ့ဆိုင်နှင့်သူ မအားလပ်ပေမယ့် ကိုယ့်စားရေးသောက်ရေး ကိစ္စကို မမေ့မလျော့ စိမ်ပေးတတ်ပုံလေးက ရင်ကိုတည့်တည့်မှန်စေ သည်။ ပြီးတော့ ကိုယ်ကြိုက်တာတွေကြီး အမြဲလုပ်ပေးသည်။

ကေသီကိုလက်ထပ်လိုက်တာ သိပ်မှန်သည်။

သူ့ဘဝတစ်ခုလုံး ချောမွေ့ပြေလည်ခြင်းတွေ ရရှိခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကေသီက လက်ထဲယူလာသော နွားနို့ပုပုကို စားပွဲပေါ်အသာတင်ကာ ဦးကောင်းဝေဘက် လှည့်ကြည့်သည်။

ဦးကောင်းဝေက စာအုပ်တစ်အုပ်ကို အာရုံဝင်စားစွာ ဖတ်နေသည်။

"ကိုကြီး"

"ဟင် ... ဘာလဲကေသီ မအိပ်သေးဘူးလား"

"ခုပဲ ဘုရားရှိခိုးပြီးတာ။ ဒီမှာ နွားနို့ယူလာတယ်လေ။ နွားနားနေနေ သောက်ပါအုံး ကြည့်ရတာမောလိုက်တာ"

ဦးကောင်းဝေက ဖတ်လက်စစာအုပ်ကို ပိတ်လိုက်၏။

"ရော့ ... ပူတုန်းလေးသောက်"

နို့ခွက်ကို လက်ထဲအရောက်လှမ်းပေးကာ ဝတ်ထားသော ပါတိတ်အင်္ကျီလေးကို ဆွဲဆန့်သည်။ အမြဲတမ်း ကျော့မော့လှပအောင် နေတတ်တာကေသီ့အကျင့်ပါ။ ဒါကြောင့်လည်း ဦးကောင်းဝေက အမြဲအသိအမှတ်ပြုချီးကျူးခဲ့ရတာမဟုတ်လား။

"ကိုကြီးရေ ... ကေသီပြောစရာရှိတယ်"

"ဘာများလဲပြောပါအုံး။ ဪ ... ခရီးထွက်ဖို့ရှိတယ်။ ကေသီလိုက်ဖြစ်မလား။ သမီးလေး တွဲဖက်ဒါရိုက်တာလုပ်[illegible]တဲ့ ဓာတ်လမ်းလေးနယ်ထွက်ရိုက်ရမှာ။ ကေသီငိုက်ဖြစ်ရင်တော့ မီး[illegible]သွားတာပေါ့"

"ဟုတ်လား ... ဘယ်တော့လောက်လဲ ကိုကြီးရဲ့"

ကေသီက ဦးကောင်းဝေအေးနားမှာ ဝင်ထိုင်သည်။ ဦးကောင်းဝေဘက်ကိုမှီကာ မျက်နှာကိုကြည့်ပြီး နားစိုက်ထောင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလထဲမှာ ဖြစ်လိမ့်မယ်"

"ကေသီ စိစဉ်ကြည့်မယ်လေ လိုက်ဖြစ်အောင်"

"ကိုကြီးကတော့ လိုက်ခဲ့စေချင်တယ်"

"အင်းပါ … လိုက်ဖြစ်မှာပါ"

ဦးကောင်းဝေ ဆန္ဒကို ကေသီက အမြဲလိုက်လျောသည်။ သေးသေးဖွဲဖွဲတွေမှာ ကေသီက အမြဲ မငြင်းဆန်သောအခါ ကေသီဘက်က တစ်ခါတစ်လေတောင်းဆိုသော ကြီးကြီးမားမားကိုလည်း ဦးကောင်းဝေမှာ မငြင်းရက်ရှာ။ အတတ်နိုင်ဆုံး လိုက်လျော ဖြည့်ဆည်းပေးရသည်။

"ကဲ … ကေသီ ပြောမယ်ဆိုတာက"

ဦးကောင်းဝေအသံမှာ ချစ်စနိုးရှိလှသည်။ အလိုက်သိ အနွံတာခံတတ်သောနေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင်ပင် ဖြစ်နေရပြီ။ သူ့ဘဝအတွက် ကေသီအမြဲရှိနေမှ ပြည့်စုံလိမ့်မည်။

"ပြောရမှာတော့ နည်းနည်းခက်နေတယ်"

"ဟုတ်လား … ဘာကိစ္စလဲ"

ကေသီက ခေါင်းငုံ့ပြီး ရယ်နေ၏။

"ပြောပါ မခက်ပါနဲ့။ ကိုကြီးနဲ့ ကေသီက တစ်ယောက်ကိုတစ်ယောက် နားလည်ကြပြီးသားပါ"

"ဟုတ်ပါတယ် … ဒါပေမယ့်"

"လုပ်မနေနဲ့ ဒါပေမယ့်တွေ ဘာတွေ မပြော … ပြော … ဘာလဲ"

ဦးကောင်းဝေက ချိုချိုသာသာ စိတ်ဝင်တစားမေးသောအခါ ကေသီက အရဲစွန့်ပြောသလိုလေးနှင့် မပွင့်တပွင့် စကားစ၏။

"မောင်လေးနဲ့ သမီးကိစ္စပါ"

"ဘယ်လို"

ချက်ချင်း အဖြေမပေါက်သေးသောအခါ ကေသီက ဆက်ပြောခက်သည်။ တွေးစရာဖြစ်ကြဲ ဖန်တီးပြောချင်တာမျိုး မဟုတ်သော်လည်း သာသာထိုးထိုးလေးတော့ ပိုပြောမှ။ ရှိနေတာထက် အဆစ်ထည့်ပြောမှ ရေခဲက ချစ်ထွန်းကိုဆို ကြည့်မရ။ ဘုတော လွှတ်တတ်သည်။

ဒါကို ကေသီဘယ်လိုပြောရမလဲ။ စကားလုံးလှလှပပ လိုသည်။



www.burmeseclassic.com

"မောင်ချစ်ထွန်းနဲ့ ရေခဲ ရန်ဖြစ်လို့လား"

ကေသီက ဘာတွေပဲ ပြောနေနေ မောင်ချစ်ထွန်းက ဘယ် လောကထဲ ဖွဲ့ကြီးကြီး ကိုယ့်သမီးအကြောင်း ကိုယ်ကသိနေသည်။ ခေါင်းမာသည်။ မကြိုက်ရှင်းရှင်း၊ ကြိုက်ရှင်းရှင်း ဘွင်းဘွင်းဖီဖေပါ သည်။

"မဟုတ်ပါဘူး"

အခုတလော သမီးရေခဲက မောင်ချစ်ထွန်းနှင့် သိပ်အခြေအဘင် မဖြစ်ပဲ များသောအားဖြင့် အခန်းအောင်းကာ သီးသန့်နေတတ်သည်။

သူတို့ချင်း သည်လောက်မြန်မြန် ပြေလည်သွားမှာမဟုတ်။

"မောင်လေးက သမီးလေးကို မြတ်နိုးနေတယ်။ ကိုကြီးလည်း သတိထားမိမှာပါ။ ကေသီကတော့ တစ်စည်းတစ်လုံးတည်း ဖြစ်ချင်တယ်။ သမီးလေးကိုလည်း လမ်းမှားလျှောက်မိမှာစိုးတယ်။ ကေသီက လည်း သူ့နောက် အမြဲလိုက်မနေနိုင်ဘူးလေ။ တခုခုစီစဉ်ထားတော့ စိတ်အေးရတာပေါ့"

လှေကားပေါ်တက်လာသော ရေခဲက အခန်းဝမှာ ခြေစုံရပ်ကာ တံခါးခေါက်ဖို့ လက်ရွယ်မိပေမယ့် "မောင်လေးက သမီးကို" ဆိုသော ဒေါ်ကေသီထွန်း၏စကားကြောင့် မခေါက်ဖြစ်တော့ပဲ လက်ကလေးက လေထဲမြောက်လျက်သားတန်းလန်းနှင့် ငြိမ်သက်နားစွင့် မိသည်။

ဖေဖေက ဒါမျိုးတွေ ပြောနေတာဆိုရင်တော့ ထားပါတော့။ ရတက် မအေးဖြစ်နေတာ သဘာဝကျပါသည်။ အခုဟာက သူစိမ်း သက်သက်။ ရေခဲကိုလည်း ဘယ်တုန်းကမှ ဂရုတစိုက် ကြင်ကြင်နာနာ ရှိတာမဟုတ်ပဲနှင့် အပေါ်ရံဟန်ဆောင်မှုတစ်ခုလောက်က ထင်သလို ခြယ် လှယ်ချင်သောစိတ်ကို ရေခဲကောင်းကောင်း မြင်ပါသည်။ ပြီးတော့ သဘောတူ တာက သူ့မောင်နှင့်၊ တရားကျလောက်ပါရဲ့။ လေးစားလောက်ပါရဲ့။ မျှတလိုက်တာ၊ လမ်းမှားရအောင် ရေခဲက ကလေးလေးလား။ သူ့မောင် တစ်ယောက်တည်း တစ်လောကလုံးမှာ လူကောင်းသူကောင်းရှိတာကျ...

"သမီးလေးက လှလည်းလှ။ ပြည့်စုံတာလည်း သိတော့ အကြံ သမားတွေ ဘာတွေနဲ့တွေ့ရင် ကေသီတို့ပဲ ရင်ကျိုးရမှာ"

လုပ်ချလိုက်ပြန်ပြီ။ ဖေဖေစိတ်ပူအောင် ကြံဖန်ပြောတတ်လှ ချည့်လား

www.burmeseclassic.com

အဓိပ္ပါယ်မရှိတာတွေ။

ဆက်ပြီးငြိမ်သက် နားထောင်နိုင်စွမ်းမရှိတော့တာမို့ ရေခဲက အခန်းထဲ ဖြုန်းကနဲရောက်သွားမိသည်။

တံခါးခေါက်သံ ပေးမနေတော့ပါ။

"ဟင် ... သမီး"

ဖေဖေက ရေခဲကို လှမ်းကြည့်ခေါ်သည်။ ဒေါ်ကေသီက ဖေဖေ့ ပုခုံးစွန်းကို မှီကာနွဲ့ကာ ပြောနေတာကိုး။

"လာလေ သမီးလေး"

ချိုလိုက်တာ၊ သကြားရွှံ့လောက်သောအသံ ရေခဲမဲ့မိသည်။

"ဖေဖေ ... မနက်သမီး ၃၅ လမ်းသွားရမှာလား၊ ခြံထဲလိုက်ရမှာလား၊ ဖေဖေဘာမှာစရာရှိသေးလဲ လာမေးထားတာ"

"ဟုတ်ပါပြီ ... ထိုင်ပါအုံး သမီးရဲ့"

ရေခဲမျက်နှာလေးက စူပုတ်ပြီး နှုတ်ခမ်းတွေက တချက်မှ မပြုံး။

"ဒေါ်ကေသီ ဖေဖေ့ကိုစိတ်ပူအောင် ဘာတွေ လျှောက်ပြောနေတာလဲ။ ရေခဲကွယ်ရာမှာ ရေခဲအကြောင်း မပြောပါနဲ့၊ ပြောချင်ရင် ရှေ့မှာ ပေါ်ပေါ် တင်တင်ပြောပါ"

ဒေါ်ကေသီက မျက်နှာပျက်သွားသည်။

"သမီး"

ဖေဖေက ဟန့်တား၏။ ဒေါ်ကေသီကို ပြန်ပြောတာ ဖေဖေ ကြိုက်ပုံမရပါ။ ရေခဲက ဒေါ်ကေသီကို စူးစူးကြီးကြည့်ပစ်သည်။

"သမီး ... ရေခဲ လူကြီးကိုပြန်မပြောရဘူး။ ဘာလို့ဒီလောက် ရိုင်းချင်ရတာလဲ။ ပြေပြေလည်လည်ပြောလည်း ရသားပဲကွာ"

"ဟွန်း ... ပေါက်ကရတွေ လျှောက်ပြောနေတာကိုး ဖေဖေရဲ့"

ဒေါ်ကေသီကတော့ ရေခဲရောက်လာပြီး ကြားသွားတာမို့ အခြေ အနေမဟန်မှန်းသိကာ ငြိမ်သက်နေပါသည်။ သူပဲ တကယ့်စေတနာ ရင်နဲ့ ပြောသလိုလိုမို့ ရေခဲကပဲ အပြစ်ဖြစ်ရအုံးမည်။

"သမီး ... ဒီလိုမပြောရဘူး၊ ဖေဖေကြိုက်ဖူး"

"ဒေါ်ကေသီကိုလည်း သမီးမကြိုက်တာတွေ လျှောက်ပြောခိုင်းပါ ဖေဖေ၊



www.burmeseclassic.com

www.burmeseclassic.com



ရေခဲက စိတ်ထဲရှိရင် မြုံမထားတတ်ဘူး”

“အေးပါကွယ် … အန်တီကေသီက စေတနာနဲ့ပါ”

မျက်နှာငယ်နှင့် အသံတိုးတိုးနှင့် အောက်ကျို့သလိုလို ဘာလိုလို တတ်လည်းတတ်နိုင်သည်။ ရေခဲကပဲ အနိုင်ချင့်သလို စော်ကားသလို ဖြစ်ရပြန်ပြီ၊ ပြောင်းပြန်။

“မလိုပါဘူး လုံးဝမလိုဘူး။ အဲ့ဒီစေတနာတွေပဲ ကြောက်နေတာ”

“ရေခဲ”

ဖေဖေတားနေပေမယ့် ပြောဖြစ်အောင် ဖွက်ပြောမိသည်။ ငုံခံနေလျှင် မဖြစ်တော့ပါ။ တစ်နေ့နေ့ထက်တစ်နေ့ သူတို့ခြေလှမ်းတွေက ကျယ်လာသည်။ မြန်လာသည်။ ဒေါ်ကေသီနှင့် ချစ်ထွန်း တို့က တစ်စည်းတည်း တစ်ဘဏ် တည်း ရေခဲဘဝထဲကို ချဉ်းနင်း ဝင်ရောက်ဖို့ အားထုတ်နေကြပြီ။

ရှောင်နိုင်ပါမှ၊ ကာကွယ်ထားနိုင်မှ၊ ပြင်ဆင်ထားနိုင်မှပဲ။

“မလိုပါဘူး” ဆိုသည့်စကားလုံးကို နှုတ်ဖျားမှ မချစတမ်း တွင်တွင် သုံးနေရသည်။ ထိုမောင်နှမနှစ်ယောက်ကြောင့် ခက်ပါသည်။

“စေတနာ” ဆိုတာကြီးကိုလည်း မုန်းသည်။ ဘာစေတနာမှ မရချင်။ ကြောက်လွန်းလို့ပါ။ ချစ်ထွန်းကို တစ်သ က်စာအတွက် မစဉ်းစားတာ သေချာပါသည်။

“ချစ်ထွန်းကို သမီးဆီလာတာကို သမီးက မကြိုက်တာ။ ဘာလို့ လိုက်ရှုတ်နေကြတာလဲ၊ အေးအေးမနေဖူး”

ဖေဖေ့ကိုဖွင့်ဟတိုင်တည် ညည်းညူမိသည်။

စိတ်မာတတ်ကတော့ ခပ်ကျကျ။ ဘေးနား ကပ်ချွဲနေသော ဒေါ်ကေသီ့ စကားတွေလောက် ဖေဖေ့နားဝင်ပါ့မလား။

အခြေအနေမှန်ကို ရေခဲခပ်ရေးရေး သဘောပေါက်လာသည်။ ဖေဖေက ဒေါ်ကေသီ့ကို ဆန့်ကျင်ချင်မှာမဟုတ်။ ဘာမဆို အလိုက် ဆောင်လိုက်လျော ချင်မှာ။

ဖေဖေနှင့် ရေခဲ ထိပ်တိုက်တွေ့ရတော့မှာလား။

ဖေဖေက ဒေါ်ကေသီဘက်က ရပ်တည်ခဲ့လျှင် အနိုးယောက် တစ်ယောက် ရေခဲရှုံးမှာပါ။ မလွဲမသွေ ရှုံးကိုရှုံးမှာ။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခြောက်ခြားလာမိသည်။

"အန့်တီကောသို့ကို အထင်မလွဲပါနဲ့ သမီးရယ်"

"မကြားချင်ဘူး ဆက်မပြောနဲ့တော့"

အော်ပစ်လိုက်သည်။ ဖေဖေက လုံးဝသီးမခံနိုင်သလို ရေခဲကို ဆူသည်။ ခုပဲကြည့်ပါလား၊ ဖေဖေက ဒေါ်ကေသီ့ဘက်က။

"သမီး ပြောလေဆိုးလေပါလား။ ဖေဖေ့စကား နားမထောင် ဘူးလား။ ကြီးလာတော့ ဒီလောက်ခေါင်းမာပြီး ဆိုးလာမယ်လို့ မထင်ဘူး၊ ဖေဖေ့စကားကို ဂရုမစိုက်ဖူးလား"

ရေခဲက နှုတ်ခမ်းကိုဖိကိုက်ပြီး အခန်းထဲက ချာခနဲလှည့်ထွက်ခဲ့သည်။ ဆက်ရပ်နေလျှင် ပြဿနာတက်တော့မည်။

အမြန်ဆုံး အခန်းထဲက ထွက်လာတာအကောင်းဆုံး။

အပြစ်မရှိပဲအဆူခံရမှာကို ရေခဲမဖြစ်ချင်။

ဘာမှမမှားပဲ လာဆူနေလျှင် သည်းမခံနိုင်ပဲ ပြန်ပြောမိမှာ။

ဒေါ်ကေသီဟာ တော်တော်မွှေပါလား။

လှေခါးမှာ ချစ်ထွန်းနှင့် တည့်တည့်ဆုံသည်။

လာပြန်ပြီ သည်ကို။ နေ့ရော ညရောမရှောင်၊ အချိန်မရွေး တံခါးမရှိ ဓားမရှိ လာလုပ်နေသည်။ သူ့အိမ် သူ့ယာကျလို့။

"ရေခဲ"

လှေခါးကို ပိတ်ရပ်ပြီး သူကခေါ်သည်။

"ဖယ်စမ်းပါ ... ရှင်ကတစ်မျိုး"

ရေခဲအသံက တိုက်တော့မည့်မုန်တိုင်းလို အရှိန်တစ်ခု ကပ်ပါနေသည်။

"ဖယ်လေ ... မကြားဘူးလား၊ နားပင်းနေသလား"

စူးခနဲအော်ပစ်လိုက်သည်။ ရေခဲစိတ်ဆိုးနေမှန်းသိကာ ချစ်ထွန်း ဘေးကပ်ပေးလိုက်သည်။ အခြေအနေအရပါ၊ အချိန်အခါကို နားလည်ရမည်။ သူမှစင်ပေါ် မရောက်သေးပဲ၊ ရေခဲကို လက်မထပ်ရသေးခင်အထိ အတတ်နိုင်ဆုံး ချိုသာပျော့ပျောင်းစွာ ဆက်ဆံနေထိုင်ရပါမည်။

ရေခဲက သူ့ဘေးမှကပ်ပြီး ဖြတ်ဆင်းသွား၏။ ခြေသံက ခါတိုင်း ထက်ပြင်းနေသည်။ ဘယ်သူနဲ့ ဘာဖြစ်မှန်းတော့ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



လှေခါးဆက်တက်လာပြီး မမကေသီတို့အခန်းကို တံခါး ခေါက်သည်။

"ဘယ်သူလဲ"

"ကျွန်တော်ပါ"

"လာ... မောင်လေးလား"

ကေသီက ဝမ်းသာအားရ တံခါးထဖွင့်၏။ ဦးကောင်းဆေက လှမ်းကြည့်ပြီး မေးလာသည်။

"မောင်ချစ်ထွန်း... ဘာကိစ္စလဲကွ လာ"

ချစ်ထွန်းက ပြောရခက်ပြီး သူ့အစ်မဆီလှမ်းကြည့်သည်။ ကေသီက ချစ်ထွန်းမျက်လုံးတွေ နားလည်ကာ။

"ကေသီမှာထားတဲ့ ပစ္စည်းလေးတွေ လာပို့တာပါကိုကြီး" ဟုဝင်ပြီး ကာကွယ်ပေးလိုက်ပါသည်။

"ကိုကြီးရေ မောင်လေးနဲ့ဆင်းပြီး စကားပြောလိုက်အုံးမယ်"

ဦးကောင်းဆေ ခေါင်းညိတ်လိုက်၏။

ချစ်ထွန်းနှင့် ကေသီ အောက်ထည့်ဧည့်ခန်းကို ဆင်းလာခဲ့သည်။

ဧည့်ခန်းမှာ တီဗွီရှေ့ထိုင်နေသော ရေခဲက မျက်လုံးထောင့် ကပ်ကာ တစ်ချက်ကြည့်ပြီး ထထွက်လာခဲ့သည်။

ဒင်းတို့ကိုမမြင်ချင်ပါ၊ မုန်းသည်၊ ဒေါသဖြစ်ရသည်။

အခန်းထဲဝင်လာပြီး တံခါးကို သေချာပိတ်လိုက်၏။

တီဗွီတစ်လုံး အိပ်ရာဘေးမှာလည်း ရှိနေတာမို့ လှမ်းဖွင့်လိုက်သည်။

အိပ်ရာပေါ်ထိုင်ချပြီး ဖက်လုံးရှည်ကိုဆွဲယူကာ တံခါးဆီ ပစ်ပေါက် ပစ်လိုက်သည်။

လုံးဝမကျေနပ်ပါ၊ အိမ်ပေါ်တက်လာ ဗိုလ်ကျနေတာကို သည်းခံနိုင်စွမ်း မရှိတော့ပါ။

တစ်ခုခုလက်တုံ့ပြန်ဖို့ထက် သူတို့အစီအစဉ်ထဲ မဝင်မိစေဖို့ပဲ မန်နင်း သတိထားရတော့မှာပါလား။

ဒေါ်ကေသီက ဖေဖေ့ကို အပိုင်တွက်ထားမှာ။ ရေခဲက ဖေဖေ့စကား နားထောင်တတ်တာ သူက သိနေသည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com


အညှာကိုင်တယ် ခေါ်မလား။ အခွင့်အရေးကို အသုံးချတတ်တယ် ပြောရမလား။ ဖေဖေနှင့် ရေခဲကို ဒေါ်ကေသီက တွေ့ပေးလိုက်တာ။

ဖေဖေ … ရေခဲဘာလုပ်ရမှာလဲ။

ရေခဲရင်ထဲမှာ ခံပြင်းပူလောင်နေတာတွေ ဖေဖေသိမှာမဟုတ်။

ဘာပဲဖြစ်ဖြစ် မနက်ဖန် သဘက်ခါကစပြီး ပြင်ဆင်စရာတွေ ပြင်ဆင်ထားရမည်။

ရေခဲ ဘာကြောင့်မှ ချစ်ထွန်းကို လက်ထပ်မှာမဟုတ်။

ဒါ … အမြဲ ရာသက်ပန် သေချာသည်။

ရေခဲ မြတ်နိုး ကိုးကွယ်ချင်တာသည်လို စိတ်ဓာတ်အောက်တန်းကျသော ယောကျ်ားမျိုးမဟုတ်ပါ။

* * *


www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာ ... အမြန် ကောင်မလေးတစ်ယောက် အသံကျွ၊ မင်းက သိပ်စွံပါလား အမုန်းရာ"

ကောင်တာက အစ်ကိုကြီးက ပြုံးစိစိစီးကြီးပြောသဖြင့် ရေခဲ ပဲဆိုတာ စိတ်ထဲသေချာသွားပြီး အမုန်းရင်ခုန်သံတို့ မြန်ဆန်လာ ရသည်။

"ဟက်လို ... အမုန်းပါခင်ဗျာ"

"အမုန်း ... ရေခဲပါ"

"ပြောလေ ဘာတွေဖြစ်နေလဲ အခုတလော ပျောက်ချက်သား ကောင်းနေလို့ ကျွန်တော်က စိတ်ပူနေတာ"

"ရေခဲစိတ်တွေ အရမ်းညစ်တာပဲကွာ၊ အိမ်မှာတောင် မနေချင်တော့ဘူး"

"ဘာဖြစ်လို့လဲရေခဲ၊ ရေခဲကို ဘယ်သူဘာလုပ်လဲ။ ကျွန်တော့်ကိုပြောဆုလို့လား၊ ရိုက်တာလား"

အမောတကော စိတ်ပူပန်ခြင်းနှင့် ခပ်လောလောမေးမိသည်။

"ရိုက်တော့ မရိုက်ပါဘူး"

"ဆူတာလား၊ ငိုသေးလား၊ ခံစားမနေပါနဲ့ ရေခဲရယ်"

သူဒီလိုနှစ်သိမ့်မှ ပိုပြီးငိုချင်လာရသည်။

"ခဏသီးခံပြီး ဆက်နေလိုက်ပါ။ အိမ်ပေါ်က မဆင်းနဲ့နော်။ ဘယ်မှလည်း လျှောက်မသွားနဲ့။ ရေခဲအတွက် ကျွန်တော် အရမ်းစိတ်ပူတယ်။ ကျွန်တော် ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



အမုန်းသည်ပြောရင်း ကိုယ့်ဘဝကို အားမလိုအားမရ ခံပြင်းလာမိသည်။

ချစ်သူလေးကို ကာကွယ်မပေးနိုင်ဘူလား။ သူ့ဒီလောက် ညှဉ်းဖျင်းနေလား။

"ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ရေခဲရှေ့မှာ ကျွန်တော်ရှိနေမယ်။ ရေခဲအတွက် ဘာပဲလုပ်ပေးရ လုပ်ပေးရ ကျွန်တော်လုပ်နိုင် ပါတယ်"

"တကယ်လားဟင် အမုန်း"

"သြော် ... ပြောပြီးပြီပဲဗျာ။ ကျွန်တော့်ဘဝမှာ ရေခဲက နံပါတ်တစ်ပဲဆိုတာ"

"အဟင်း အားတွေရှိသွားတာပဲ"

"ကျွန်တော်က စကားအဖြစ် အပိုတွေလျှောက်ပြောနေတာ မဟုတ်ဘူးနော်"

"သိပါတယ်ရှင်"

"ဒါဆို ယုံတယ်မဟုတ်လား"

ရေခဲက ကြည်နူးလိုက်လှဲစွာ ခေါင်းတွေ ညိတ်နေမိသည်။

"အမုန်း"

"ဗျာ"

"ခုန အမုန်းပြောတာနော် ဘယ်အခြေအနေမှာပဲ ဖြစ်ဖြစ်လို့"

"ဟုတ်တယ်လေ"

"အဲဒါကတိနော်။ ဘာအကြောင်းနဲ့မှ ရေခဲအပေါ် သဘောထားမပြောင်းရဘူး။ တသက်လုံးအခုလိုပဲ ရှိနေရမယ်"

"စိတ်ချပါဗျာ၊ ဘာတွေစိုးရိမ်ရနေတာလဲ"

"အမုန်းစိတ်ဆိုးမှာ ရေခဲအပေါ် စိတ်ပြောင်းမှာ ဂရုမစိုက် တော့မှာ စိုးတာပေါ့"

"ဘာလေးမှန်းလည်း မသိဘူးကွာ"

အမုန်းသည် တယ်လီဖုန်းပြောရင်း သူလေးမျက်နှာကို မြင်ယောင်နေမိသည်။

တွယ်တာသော မျက်လုံးလေးတွေကို သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုပဲပြေးတွေ့ကာ မျက်နှာချင်းဆိုင် စကားပြောနေချင်ပါသည်။

အားငယ်နေတာတွေ၊ စိတ်ညစ်နေတာတွေ ပြေပျောက်စေချင်သည်။

သူမလေးရဲ့ အားကိုးခံ ဖြစ်ချင်သည်။

သူမလေး စိတ်ချမ်းသာဖို့ ဘာမဆို ဖြည့်ဆည်းကူညီချင်ပါ သည်။ ရင်ထဲမှာအကြင်နာတို့က အတိုင်းအဆမဲ့ အချိန်တိုင်း ဖြစ်ပေါ်ပွားများနေသည်။

ကိုယ်ဟာ မိန်းကလေးတစ်ဦးအပေါ် ထိုမျှ ကြင်နာဂရုစိုက်တတ် လိမ့်မည်ဟု အစကမထင်မိပါ။

သူကလေးနှင့် မခွဲမခွာ အတူတူနေရရင် သိပ်ပျော်ဖို့ကောင်းမှာ။

ဘာပဲဖြစ်ဖြစ်၊ ဘာတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ။ အတူတူ လက်တွဲ ကျော်ဖြတ်ချင်ပါသည်။

အမုန်းနှုတ်က ပြောချင်တာတွေ ရင်ထဲမှာပဲ မျိုသိပ်ထားလိုက်သည်။

အရင်ဦးဆုံးတော့ ပိုက်ဆံစုထားမှပဲ။

နေလို့ဖြစ်တယ်ဆိုရုံ အိမ်ခန်းလေးတစ်ခန်းလောက် ငှားနိုင် ရင်မဆိုး။

ချစ်ရသူလေးကို သူများအိမ်မှာ သူများမျက်နှာကြည့်ပြီး မနေစေလို။

ကိုယ်နှင့်နှစ်ယောက်အတူ ဘဝကို ရင်ဆိုင် ဖြတ်သန်းရင် ရတာပဲ မဟုတ်လား။

အတူနေရရင် နှစ်ယောက်လုံးပျော်မှာ သေချာနေတာပဲလေ။

"အမုန်း ...ဘာတွေစဉ်းစားနေတာလဲ။ စကားလဲ မပြောဘူး"

"ရေခဲ စိတ်ချမ်းသာအောင် ကျွန်တော် ဘာလုပ်ပေးရင် ကောင်းမယ် လဲလို့။ ခက်တာက ကျွန်တော်ကိုယ်တိုင် အဒေါ်အိမ်ကပ် နေရတဲ့ကောင် ဖြစ်နေတာ။ ဒါပေမယ့် ရေခဲအတွက် အခုအချိန်ကစပြီး ကျွန်တော် အရမ်း ကြိုးစား ရတော့မယ် [illegible]"

"ဟင် [illegible] ရေခဲကတော့ ရှင့်ပင်ပန်းမှာ နည်းနည်းမှမကြည့်နိုင် ဘူးနော်။ ရှင့်ကို ကြော့ကြော့မော့မော့ သက်တောင့်သက်သာလေးပဲ မြင်ချင်တာရှင့်၊ သိရဲ့လား"

ပြောတတ်လိုက်တတ်ကွာ။

အမုန်းမျက်နှာလေး အချိုဆုံး ပြုံးသွားရသည်။

ခင်ဗျား ဓစ်တနာတွေကြောင့် ကျုပ်ရင်ထဲ ဘယ်လိုဖြစ်သွားရ သလဲ

www.burmeseclassic.com



ပြောမပြတတ်တော့ဘူး ရေခဲလေး။

"ကျွန်တော် ဘာပဲလုပ်လုပ် ရေခဲကို တိုင်ပင်ဦးမှာပါ၊ သူငယ်ချင်း တစ်ယောက်ကတော့ ဖားကန့်လိုက်ခဲ့ဖို့ ခေါ်နေတယ်"

"ဘာရယ် ... မသွားနဲ့နော်၊ လုံးဝမသွားရဘူး"

"ဟောဗျာ ... အမိန့်ချတာ မြန်လိုက်တာ"

"နားမထောင်ချင်ဘူးလား ပြော"

မူနွဲ့ပိုင်စိုးသော စကားသံလေးကို ချစ်လို့မဝ၊ နားထောင်လို့မဝ။

"အမှန်းကို ရေခဲပိုင်ပါတယ်ဗျာ"

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းဝေက သမီးစကားကိုနားထောင်ကြည့်ပြီး အံ့အားသင့်စွာ မျက်ခုံးပင့်သည်။

"လာပါဖေဖေရဲ့ ... အရမ်းလှတယ် ကားလေးက"

ရေခဲက ဖေဖေ့ကိုဆွတ်ဆွဲခေါ်လာသည်။ အိမ်ရှေ့မှာရပ်ထား သောကား ကို ပြလိုက်၏။ ဖေဖေကကားကို စေ့စေ့စပ်စပ် တစ်ပတ် လျှောက်ကြည့်သည်။ အားထဲဝင်ထိုင်ပြီး စက်နှိုးကြည့်သည်။

သမီးက သိပ်ကြိုက်သည်ဆိုတော့လဲ။

"ဖေဖေ ဘယ်လိုလဲ"

မျက်စပစ်ကာ မြူးမြူးသွက်သွက်ကလေး မေး၏။

"ကားကသန့်ပါတယ်။ သမီးသူငယ်ချင်းကားပဲဟာ။ ဒီကား ရာဇဝင်ကို သမီးကသိတယ်၊ ကားလေးက မာပါတယ်"

"ဈေးမများဖူးလား သမီး"

"ဈေးကတော့ ပါးပါးလေးပဲ လျှော့မယ်တဲ့"

ရေခဲသိပ်ကြိုက်ပုံပေါ်သည်။ တားလည်းမတားချင်တော့ပါ။

အိမ်မှာ ကားနှစ်စီးရှိပြီးသားပါ၊ သမီးက ဘာလို့ထပ်ဝယ်ချင်နေ မှန်းမသိ။ ကေသီကလည်း တစ်စီးယူသွားတတ်တော့ သမီးမှာ ကားမရှိတာ လည်း အမှန်ပါ။

"သမီး ဝယ်မယ်နော် ဖေဖေ"

"သမီး သဘောလေ"

လင်းကနဲ ဝမ်းသားအားရ ကလေးလို အော်ဟစ်နေသည်။

"ဖေဖေ ပိုက်ဆံက..."

www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ မရှိဘူးလား"

ရေခဲက ခေါင်းရမ်းသည်။ ကိုယ့်ပိုက်ဆံနှင့် ဝယ်ရလောက်အောင် မိုက်မဲပါ့မလား။ ရှိတာလေးကုန်အောင် မသုံးရက်ပါ။

"မရှိဘူး ဖေဖေဝယ်ပေးပါ"

"ဟော ပိုင်လှချည်လား"

ဖေဖေက သဘာကျစွာရယ်သည်။

ရေခဲက ကားထဲဝင်ထိုင်ပြီး ရယ်နေသည်။

ဘာပဲဖြစ်ဖြစ် ကားတစ်စီးကို ကြိုကြိုတင်တင် ဝယ်ထားမှ။ နေစရာအိမ်က ပူစရာမလို။ အဘွားပေးခဲ့သောမြေပေါ် ကန်ထရိုက် တိုက်ဆောက်ထားတာမို့ ရေခဲ ပိုင်အခန်းတွေ အများကြီး။ သုံးစရာစွဲစရာ ပိုက်ဆံလောက်တော့ ဘဏ်စာအုပ်မှာရှိပြီးသား။ ဟဲင်းဖုန်း တစ်လုံးလည်း ရေခဲပိုင်ရှိပြီးသားမို့ သည်ကားလေးကို ဖြစ်အောင် ဝယ်လိုက်လျှင် ပူစရာမလိုတော့ပါ။

ကိုယ့်အခြေအနေကို အကင်းပါးစွာ ရေခဲသိသည်။

ဒေါ်ကေသီ နှင့် ချစ်ထွန်းက ကျကျနန အကွက်ဆင်ဖန်တီး နေတာ ရေခဲလွတ်အောင် ရုန်းမှဖြစ်မည်။

"အော် သမီးဝယ်မှာ ဒီကားလေးလား"

ရောက်လာပါပြီ၊ မဟာစေတနာရှင်ကြီး။

ဘာတွေ အဖျက်စကား ပြောအုံးမလဲ။

"ကားမောင်းရင် အန်တီကေသီ စိတ်မချဘူးကွယ်"

ရေခဲက ပက်ကနဲ ပြန်ပြောချင်သော်လည်း စိတ်လျှော့ထား လိုက်၏ လောလောဆယ်မှာ ကားဝယ်ဖြစ်ဖို့က အရေးကြီးတာ။ ဒေါ်ကေသီ ဂရုစိုက်မနေအားပါ။

"သမီးသွားချင်ရင် အန်တီကေသီ ပို့ပေးမှာပေါ့"

ဖေဖေ့လက်မောင်းကိုဆွဲကာ တားချင်သလိုဆိုပေမယ့် ဖေဖေ့ စကား ကျွံသွားပြီ။ ဝယ်ပေးဖို့ ပြောထားပြီးသား။

အဲ့ဒါတွေသိလို့လည်း ကြိုပြီးအသိပေးမထားတာ၊ ချက်ချင်း လာ ချက်ချင်းပြော၊ ချက်ချင်းဝယ်။

သည်တစ်ခါတော့ ရေခဲလက်ဦးပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဝယ်ပေးလိုက်ပါကွာ၊ သမီးက သိပ်လိုချင်နေတယ်။ သူလည်း အခု တွဲဘက်ဒါရိုက်တာဝင်လုပ်နေပြီဆိုတော့ ကားရှိတော့ ကောင်းပါတယ်။ သူသွားသမျှ လိုက်ပို့နေရရင် ကေသီမောမှာ"

"ဟုတ်ကဲ့ ကိုကြီးသဘောပါ၊ ကေသီက စိုးရိမ်တာတစ်ခုပါ"

"မလိုပါဘူး" ဟု စိတ်ထဲကတော့ ချဉ်တူးစွာ ပြောမိသည်။

ဒေါ်ကေသီ တော်တာအဲဒါတွေ၊ အခြေအနေကြည့်ပြီး နေတတ်သည်။ ဖေဖေ့ဆုံးဖြတ်ချက်ကို အခြေအတင်မကန့်ကွက်။ စကားဟလိုက်တာနှင့် သဘောပေါက်ကာ လိုက်လျောညီထွေရှိလှ သည်။ တားမရမည့်အတူတူ ကေသီက တားသည်ဆိုတာမျိုး အဖြစ်မခံ၊ အစွန်းတင်မခံ။

ချီးကျူးလိုက်ပါရဲ့ ဒေါ်ကေသီ။

ဒါပေမယ့် ရေခဲကလည်း အောင်မြင်နေတဲ့ ဒါရိုက်တာကြီး ဦးကောင်းဝေ ၏သမီး တွဲဘက်ဒါရိုက်တာ ပန်းရွှေခင်းနော်။ ဒါရိုက်တာ တစ်ယောက်၏ အရည်အသွေးကို လျှော့မတွက်ပါနဲ့။ တစ်ပြီးရင် နှစ်လာမယ်၊ နှစ်ပြီးရင် သုံးလာမယ်ဆိုတာလောက်တော့ ကြို မြင်ပြီးသားပါ။

စည်းရုံးစမ်း ဖေဖေ့ကို။ နားချ၊ တစ်ချိန်လုံးပြော၊ ဖေဖေ ရှင့်ဘက် ပါလာမယ့် တစ်နေ့တော့ ရေခဲ ခုကတည်းက ပြင်ဆင် ထားပြီးပြီ။

ရှင့်မောင်ကို မနှစ်သက်ပဲ လက်ထပ်ယူမယ့် ကောင်မလေး မဟုတ်ဘူး။ ရှင့်စကားနားထောင်မယ့် လင်ပါသမီး နုံနုံအအ မှတ် နေသလား။

ဖေဖေနှင့်ရှင် ဘယ်လောက်ချစ်ချစ်၊ ဒါ ရေခဲ ဝင်မစွက်ပါဘူး။ ဒါပေမယ့် ရေခဲကို ကြိုးကိုင်ဖို့ မကြိုးစားပါနဲ့။

ကားစက်နှိုးကာ ဖေဖေ့ကို လက်ပြနှုတ်ဆက်သည်။

"သမီးလေး ဖြည်းဖြည်းမောင်းနော်"

အမယ်လေး... မုန်းစရာအသံ၊ ကားနောက်ကပါလာသည်။ ဖြစ်နိုင် လျှင် ဘက်ဂီယာထိုးကာ ဝုန်းကနဲ နောက်ဆုတ်ပြီးတိုက်ချ လိုက်ချင်စိတ်တောင် ဖြစ်မိသည် အဟုတ်။

"ကိုကြီးရယ် နည်းနည်းပါးပါး မတိုင်ပင်ဘူး"

"ကေသီထွက်လာတော့ စကားကျွံသွားပြီ"

ဦးကောင်းဝေက ရယ်ပြီးဆို၏။


www.burmeseclassic.com

www.burmeseclassic.com 

"ဟွန်း … သိပ်အလိုလိုက် သမီးမိန်းကလေးနော်၊ ကေသီ ရင်ကျိုးရမှာ သိလား"

ဦးကောင်းဝေက ကေသီ့ပုခုံးလေးကို ဖွဖွဖက်လိုက်၏။

"ကေသီ"

"ရှင်"

"သမီးလေးကို ဗွေမယူပါနဲ့ကွာ၊ ခွင့်လွှတ်နားလည်ပေးပါ"

"ကိုကြီးရယ်၊ ဒါပြောစရာလား၊ ကေသီက ရေခဲလေးကို ချစ်ပြီးသားပါ။ လိမ္မာစေချင်တယ်၊ သိမ်မွေ့စေချင်တယ်"

"တဖြည်းဖြည်း စိတ်ရှည်ရှည်ထားပြီး သွန်သင်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ကိုကြီး"

မျက်နှာကသာ ပြုံးနေရတာ၊ ကေသီ့စိတ်ထဲမှာ ဒေါသတွေ ဆူဝေနေ၏။

ရေခဲ ခြေလှမ်းတွေက ကြောက်စရာကောင်းနေသည်။

လျှော့တွက်လို့တော့ မဖြစ်ပါ။

အင်းလေ ကေသီကလည်း ဒါရိုက်တာဦးကောင်းဝေ ၏ ဇနီး တစ်ယောက် ပဲဟာ၊ ရေခဲလို ကောင်မလေးတစ်ယောက်ကိုတော့ စေလိုရာစေ ဖြစ်အောင် အပိုးကျိုးအောင် လုပ်ပြမှာပါ။

မောင်လေးနှင့် လက်ထပ်ပြီးလျှင် သည်ကောင်မလေး မော်မကြည့်ရဲ အောင် ချိုးထားရမည်။

ချစ်ထွန်းကလည်း ချစ်ထွန်း … ။

သည်ကောင်မလေးကို မချဉ်းကပ်တတ်တာ ဆိုးသည်။

ကေသီကတော့ သည်အိမ်ကြီးမှာ ဘယ်သူမှ မော့မကြည့်ရဲအောင် ချယ်လှယ်ခွင့်အပြည့်ရှိသော တကယ့်အိမ်ရှင်မကြီး ဖြစ် ချင်သည်။

ဦးကောင်းဝေ ကို စိတ်ရင်းစေတနာနှင့် ချစ်ပေမယ့် ရေခဲကိုတော့ ဆိုးလွန်း၍ ကြည့်မရ။ နာနာရိုက်ပစ်ချင်သည်။ ကေသီ့ ကိုများဆို သူက ခါးခါးသီးသီး။

တစ်ချိန်ချိန်တော့ ကေသီ့အကြောင်း သိရပါမည်။

ခုတော့ မိုက်ရိုင်းထားအုံး ထောင်လွှားထားအုံးပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

ရေခဲက သီချင်းလေးတစ်အေးအေးနှင့် ခြေသည်းနီ ဆိုးနေမိသည်။

ဒေါ်ကေသီက အနားရောက်လာပြီး လက်သည်းနီ သုံးပုလင်း ချပေးသည်။

"သမီး ဒီအရောင်လေးတွေ ကြိုက်လား၊ ကြိုက်ရင်ယူလိုက်လေ၊ မနေ့က အန်တီကေသီ ဝယ်လာတာ၊ ဆိုင်အတွက် လိုတာ လေးတွေဝယ်ရင်း ဈေးရောက်လို့လေ"

ဆိုလက်စ သီချင်းလေး နှုတ်ဖျားမှ ရပ်သွားသည်။

ဖေဖေလည်း မလှမ်းမကမ်းမှာ ရှိနေတာမို့ ရေခဲက ချက်ချင်း သဘောပေါက်ပါသည်။ တမင်လုပ်ပြနေပြန်ပြီ။

"မယူဘူး" ဟု ငြင်းလည်း ရိုင်းရာကျအုံးမည်။ ယူထားလိုက်ပြန်လည်း ဖေဖေက ရေခဲတို့ချင်း ပြေလည်နေသလားဟု ထင်အုံးမည်။

ရေခဲက ဒေါ်ကေသီကို မျက်လုံးပြူးပြလိုက်၏။

ဒေါ်ကေသီက မသိသလိုလုပ်နေသည်။

"ယူပါသမီးရဲ့ ကြိုက်တယ်မဟုတ်လား"

ပါးလေးဆွဲကာ မေးလာသည်။ ရေခဲ မသိမသာ ရှောင်ပစ် လိုက်၏။ ဖေဖေက ဖုန်းပြောနေတာမို့ အသေးစိတ်တော့ သိမှာ မဟုတ်။

ရေခဲက လက်သည်းနီပုလင်းတွေကောက်ယူကာ ထထွက် လာခဲ့၏။ အမြင်ကတ်လိုက်တာနော်။

လက်သည်းနီပုလင်းတွေကို အိပ်ရာပေါ်ပစ်ပေါက်လိုက်သည်။ ဘယ်လို


www.burmeseclassic.com

ရေစက်မှန်းကိုမသိ၊ မနှစ်သက်ခြင်းတွေက မြင်လိုက်တာနှင့် ရင်ထဲဆို့တက်လာရော၊ သူ့အလိုလိုဖြစ်တာ။

ဘာမှမပြောလည်း ဖြစ်သည်။

"ရေခဲ တံခါးဖွင့်ပါအုံး"

ဟင်။

ရေခဲက ချစ်ထွန်းအသံမှန်းသိသည်။ လာပြန်ပြီ နောက်တစ် ယောက်။

"ဒီမှာ မုန့်ဟင်းခါးဝယ်လာတယ်ဟေ့၊ ထွက်လာခဲ့ ပူပူ လေးစားရအောင်"

ဒေါ်ကေသီအသံပါ ကြားရသည်။

နှာခေါင်းလေးရှုံ့ကာ ပေကပ်ထိုင်နေဖြစ်၏။

ဖေဖေ့အမြင်မှာတော့ သူတို့နှစ်ယောက်က အောက်ကျခံ ချော့ကာ အချစ်မပျက်၊ ရေခဲက လူဆိုးမလေးပေါ့နော်။

သည်လိုဖြစ်အောင် ဘာလို့လုပ်နေတာလဲ။

ရေခဲကို ဖေဖေအထင်လွဲအောင် မလုပ်ကြပါနဲ့လား။

"ရေခဲ ရေခဲ"

ချစ်ထွန်းက ဖွတ်ခေါ်နေသည်။ မထွက်လာမချင်း ခေါ်နေ မည့်ရုပ်။

ဟာ... ။

ရေခဲ တံခါးကို ဂျိုင်းကနဲ ဆွဲဖွင့်လိုက်သည်။

"ဘာလဲ... ဘာလဲ... ဘာဖြစ်နေတာလဲ"

"မုန့်ဟင်းခါးစားမယ်"

"မစားဘူး၊ ရေချိုးမလို့ အော်မနေနဲ့၊ မုန့်ဟင်းခါးမကြိုက်ဘူး"

စကားဆုံးလျှင် တံခါးကို ဂျိုင်းကနဲ ပိတ်ပစ်သည်။

စိတ်ထဲမှာ ဝမ်းနည်းကာ ငိုချင်လာသည်။

ကိုယ့်ကမ္ဘာက တဖြည်းဖြည်းကျဉ်းလာပါ့လား။

အခန်းလေးထဲမှာတောင် အေးအေးနေမရ။ အနှောင့်အယှက်ရှိနေသည်။ ရေခဲ ဘာလုပ်ရမလဲ။

ဒေါ်ကေသီကို ပြောတော့ ပြောထားရမည်။

ရေခဲသဘောထားကို သူသိထားဖို့လိုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကေသီ"

ပန်းပင်ရေလောင်းနေသော ဒေါ်ကေသီက ဘေးနားလာရပ်ပြီး လက်ပိုက်ကြည့်ရင်းခေါ်လိုက်သော ရေခဲအသံကြောင့် တစ်ချက် လှည့်ကြည့်၏။ ပြီးမှ ခပ်အေးအေးပြန်လှည့်သွားပြီး "ဘာလဲ" ဟု ပင်မမေး။ သိပ်ဂရုမစိုက်ချင်သလို ဟန်ပန်မျိုး။

"ဒေါ်ကေသီကို ကျွန်မပြောစရာရှိတယ်"

"ဘာများလဲ"

"ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စကို ကျွန်မကိုယ်တိုင်ပဲ ဆုံးဖြတ်မယ်။ ဒေါ်ကေသီဝင်ပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ ဒါပေမယ့် ဖေဖေ့မိန်းမ တစ်ယောက်အနေနဲ့ အကြံပေးခွင့်၊ တိုက်တွန်းခွင့်၊ သွန်သင်ခွင့်ရှိတယ်။ ဒါပေမယ့် ဆုံးဖြတ်ခွင့်မရှိဘူး ပြီးတော့..."

ရေခဲက အားမနာနိုင်ပဲ အပြတ်ပြောချသည်။

"ဖေဖေလည်း ရေခဲအနာဂတ်ကို ဆုံးဖြတ်ခွင့်မရှိဘူး။ ရေခဲက အရွယ်ရောက်ပြီးသား မိန်းကလေးတစ်ယောက်ပါ။ ရေခဲမှာ စဉ်းစားဉာဏ် ရှိတယ်။ မှားလည်း ကိုယ့်အမှားကို ကိုယ်တိုင်ခံစား ရမှာ၊ မှားလား မှန်လားဆိုတာ ရေခဲခံစားရမယ့် အကျိုးကျေးဇူးပါ။ ပြီးတော့ ဒေါ်ကေသီက လုံးဝဆုံးဖြတ်ခွင့် မရှိဘူး။ ဘာလို့ လဲဆိုတော့ ရှင်က ရေခဲကို မွေးထားတဲ့အမေ မဟုတ်ဘူး။ ထိန်းသိမ်း ပြုစုခဲ့တဲ့အမေလည်း မဟုတ်ဘူး။ ခုမှ ဖေဖေနဲ့လက်ထပ်လို့ သိကျွမ်းကြတာ။ ချစ်ထွန်း ကိုလည်း လုံးဝ မစဉ်းစားဘူး။ ဒေါ်ကေသီ လုပ်လို့ ချစ်ထွန်းက ရောင့်တက်လာရင် ပြဿနာတွေဖြစ်ကုန် မှာ"

ဒေါ်ကေသီက ရေခဲကို အေးစက်စွာစိုက်ကြည့်သည်။

"နောက်တစ်ခုရှိသေးတယ်၊ အဲဒါ အရေးအကြီးဆုံး"

ရေခဲက ဒေါ်ကေသီကို ကျောပေးရပ်လိုက်၏။

"ဖေဖေနဲ့ ရေခဲ ဝေးသထက်ဝေးသွားအောင် မလုပ်ပါနဲ့။ ရေခဲတို့ သားအဖကြားမှာ သွေးမထိုးပါနဲ့၊ အနူးအညွတ် တောင်း ပန်ပါတယ်။ ဖေဖေ့ကို အသုံးချပြီး ဖိအားပေးလည်း ရမှာမဟုတ်ဘူး။ နောက်စက်တဲ့ အကြံဉာဏ်တွေ ရပ်တန်းကရပ်ပါ"

www.burmeseclassic.com


"မင်းစကားတွေက ကြမ်းတမ်းလှချည်လား"

"တည့်တည့်နဲ့ ဘွင်းဘွင်းပဲ ပြောတတ်တာ ရေခဲအကျင့်ပဲ"

"လူတစ်ဖက်သားကို စွပ်စွပ်စွဲစွဲပြောတတ်လှချည့်လား၊ အန်တီ ကောသီက အဲဒီလောက် ဖြစ်နေလို့လား၊ ရေခဲအမြင်မှာ အဲဒီလောက် ဆိုးနေပြီလား၊ အန်တီက စေတနာနဲ့ပါ။ စီးပွားလည်းမကွဲ၊ မိသားစုလည်းမကွဲ အားလုံးအဆင်ပြေဖို့ ရွေးချယ်ပေးတာ လွန်သလား၊မှားသလား"

"လွန်တာပေါ့၊ မှားတာပေါ့၊ ရေခဲဆန္ဒကို မေးရအုံးမယ်။ ရေခဲရဲ့ အနာဂတ်၊ ရေခဲ ဘာသာ ဆုံးဖြတ်ခွင့်ရသင့်တယ်။ ဖေဖေကလည်း ရေခဲမကြိုက် တာဆို ဘယ်တော့မှ ဖွတ်မလုပ်ဘူး။ မိသားစု ဆိုပေမယ့် တစ်ဦးဆန္ဒကို တစ်ဦး လေးစားတယ်။ အရေးထားတယ်။ တစ်ကိုယ်ကောင်းဆန်ပြီး ဖွတ်မလုပ်ဘူး၊ မျှမျှတတရှိသင့်တယ်"

"လွန်ရင်လည်း လွန်ပါစေ၊ မှားရင်လည်း မှားပါစေ၊ စေတနာ အမှားပဲ၊ ကောင်းစေချင်တဲ့စိတ်နဲ့လုပ်တာ"

"ကျွန်မ မယုံဘူး ဒေါ်ကောသီ"

"ဘာပဲဖြစ်ဖြစ် ချစ်ထွန်းကို မင်းခေါင်းညိတ်ရမှာပါ"

ဒေါ်ကောသီက မုန်းစရာကောင်းလောက်အောင် ပြန်ပြောသည်။

ရေခဲ မီးပုံပေါ်ထိုင်မိသလို ပူပူလောင်လောင် ဖြစ်ရ၏။

စောင့်ကြည့်ပေါ့၊ ရေခဲ တို့ ဒီလောက်မလွယ်ဘူး။

* * *


www.burmeseclassic.com

www.burmeseclassic.com



လရောင်ရွှန်းမြမြနှင့် ညကလေးက လှပငြိမ်သက်နေသည်။

ကောင်းကင်တစ်ပြင်လုံးကို အားပါးတရ စိမ်ပြေနပြေငေးကာ စိတ်လွတ်လပ်မှုအရသာကို ငေးမောခံစားနေဖြစ်သည်။

ဒရင်းဘက်ခ် ချခင်းပြီးတော့ အေးအေးလူလူလှဲနေတာ ဖြစ်သည်။

ရေခဲတို့တိုက်ရဲ့ အပေါ်ထပ်လသာဆောင်က အတော်လေး ကျယ်ဝန်းပါသည်။

အပြာရောင်ဖျော့ဖျော့ လက်ပြတ်ဂါဝန်လေးနှင့် ခြေနှစ်ဖက် ကိုစုကာ လက်ကိုဖွဖွပိုက်ထားရင်း ကြယ်စုကလေးတွေ လိုက်လံ ရေတွက်ကြည့်နေမိသည်။ ကြယ်တွေကရေမရ၊ တောက်ပလင်းလက် တဲ့ကြယ်ရော၊ သေးငယ်မှုန်ဝါးတဲ့ ကြယ်ပျောက်ပျောက်ကလေးတွေ ရော စုံညီလှပနေတာ။

ရေခဲစိတ်တွေပါ ကောင်းကင်ပေါ် လွင့်မျောပျံ့ဝဲသွားသလို ပါပဲ။

တဖြည်းဖြည်းနှင့် ညဥ့်လေပြေက ပိုအေးစက်လာသည်။

ဒီလို အေးစက်စက်အရသာကို ရေခဲကြိုက်သည်။

ရေခဲတစ်ကိုယ်လုံး အေးခဲလာသလိုပင် ထင်မိသည်။

လေတိုက်ခတ်တာ နည်းနည်းပြင်းသွားတဲ့အခါ ဖွာနေသော ဆံနွယ်တွေက မျက်နှာကို အုပ်ကွယ်သွားသည်။

သူမက ဆံနွယ်နုနုတွေမဖယ်ပဲ ဒီအတိုင်း မျက်နှာဖော်ထားတဲ့အထား လက်ကလေးမြှောက်လာပြီး သိမ်းဖယ်တဲ့အခါ သိမ်းဖယ်၊ နားသွက်ကြားထဲ ဆံစတွေ ညှပ်လိုက်၊ ပြန်ပြီးဝဲလွင့် သွားလိုက် . . . ။

www.burmeseclassic.com


အတော်လေးကြာလာတော့ လူက ချမ်းလာသလို ခံစားရတာမို့ နံဘေးက ခုံပုလေးပေါ်တင်ထားတဲ့ အနွေးအင်္ကျီအဖြူလေးဆီ လက်လှမ်းမိသည်။

ခန္ဓာကိုယ်ကိုကြွပြီး အနွေးအင်္ကျီကိုဝတ်ရမှာ ပျင်းသေးတာမို့ ဒီအတိုင်းပဲ ရင်ဘတ်ပေါ် လွှမ်းခြုံထားလိုက်သည်။

ရေခဲ ဒီနေရာက မရွှေ့ချင်။

စိတ်ပျက်စရာ အနေအထားတွေကို ခဏမေ့ထားချင်သေးသည်။

စိတ်ကူးလေးတွေ လှုပနေချင်သည်။

ရေခဲ စိတ်ကူးတွေထဲ တဝဲလည်လည် ရောက်နေသူကတော့ ချစ်မိသော အမုန်းလေ။

လွှမ်းဆွတ်ရသည်ကွယ် . . . ။

အမုန်းပြောတဲ့ စကားလေးတွေကို ရင်ထဲမှာ ကြည်ကြည်နူးနူး ပြန်စိ ကြည့်လိုက်။

အမုန်းရဲ့ သွားစွယ်ဖွေးဖွေးလေးတွေနဲ့ ဆွဲဆောင်အားပြင်းတဲ့ အပြုံးလှလှလေးကို မျက်စိမှတ်ကာ မြင်ယောင်ကြည့်လိုက်။

နွေးထွေးနူးညံ့တဲ့ မျက်လုံးတောက်တောက်တွေရဲ့ အကြည့် ငေးလေးတွေကို ပြန်လည်နှစ်သက် မြင်ယောင်ကြည့်လိုက်။

နှစ်ယောက်အတူ ယှဉ်တွဲကာ ရှေ့ဆက်လျှောက်ရမည့်အနာဂတ် ချစ်ခရီးတစ်ခုကို ရင်တဖိုဖိုမျှော်တွေးကြည့်လိုက်။

စဉ်းစားကြည့်လိုက်ရင်တော့ ရင်ခုန်စရာတွေ ချည်းပဲနော်။

သာယာမက်မောဖွယ် စိတ်ကူးချိုချိုတို့နှင့် ရေခဲနှုတ်ခမ်းလေးတွေ ပြုံးနေရသည်။

အမုန်းဟာ သူမနှင့်အတူတူနေဖို့ ရည်ရွယ်ချက်ရှိသတဲ့။

မျှော်လင့်ချက်တစ်ခုနဲ့ ကြိုးစားတော့မှာတဲ့။

သူမဟာ အမုန်းရဲ့ဘဝပဲတဲ့။

ဘယ်မျှ ကျေနပ်လှိုက်မောဖွယ် ကောင်းသလဲနော်။

လေပြေအေးအေးလေးတိုက်ခတ်နေချိန်မှာ ရေခဲပါးပြင်ငွေ့ ပွေ့နေသလို ရင်ထဲမှာလည်း ပိုင်အရက်သောက်ထားသလို နွေးထွေးမြိုမြိန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းပြောတဲ့အတိုင်း တကယ်တမ်း ဖြစ်ခွင့်ရရင်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ လောကကြီးထဲ ရှက်လွင့်လိုက်ပါရဲ့။

တစတစ ရေခဲမျက်တောင်လေးတွေစင်းကာ ငိုက်မြည်းလာသည်။

ထို့နောက် မှေးခနဲ အိပ်ပျော်သွားမိလေသည်။

အိပ်မက်လိုလို တကယ်ပဲလိုလို အမုန်းက သူမနားရောက်လာသည်။

သူမကို ပြုံးငုံကာ တယုတယ စိုက်ကြည့်နေသည်။

ပြီးတော့ နဖူးပေါ်က ဆံနွယ်တွေကို လေနှင့်ဖွဖွမှုတ်သည်။

"အိပ်ပျော်နေတယ် ကြည့်စမ်း"

တီးတိုး ရေရွတ်လိုက်သေးသည်။

သူမမျက်လုံးတွေက တကယ်ပဲ မဖွင့်နိုင်အောင်ဖြစ်နေသည်။

စကားလည်း ပြန်မပြောနိုင်။ အသံက ထွက်မလာ။

သူမ ဘာဖြစ်နေပါလိမ့်။

မွှန်ရိုင်းတဝါးနှင့် စကားသံတစ်ချို့ ကြားရသည်။

ပြီးတော့ သူမပါးပြင်ဆီမှာ ထွက်သက်နွေးနွေးတစ်ခု ဖြတ်ပြေးသွားသည်။

သူမပုခုံးပေါ်ကိုလည်း ထုထုအိအိအရာတစ်ခု လွှမ်းခြုံပေးလိုက်သလို ခံစားရသည်။

"ဟင်"

ဖြုန်းခနဲ ရေခဲမျက်လုံး ပွင့်လာသည်။

သူမမျက်နှာကို ငုံ့မိုးကြည့်နေသော မျက်နှာတစ်ခုကို နီးကပ်စွာ ရင်ဆိုင်ရသည်။

"ရှင်... ရှင်... ဘာလုပ်တာလဲ"

ဒေါသတကြီး လူးလဲထထိုင်မိသည်။

ချစ်ထွန်းက ဘာမှမဖြစ်သလို တစ်ချက်ပြုံးလိုက်သည်။

"လေတိုက်ထဲမှာ အိပ်ပျော်နေတာ ရေခဲအအေးမိမှာစိုးလို့"

"ဘာ... ဘာပြောတယ် ရှင် ကျွန်မအနားကို ဘာလို့ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ... ကိုယ်လည်းလသာဆောင်မှာ ဘယ်သူမှမရှိဘူးထင်ပြီး တက်လာခဲ့တာပဲ၊ ဒီမှာ ရေခဲအိပ်နေတာနဲ့"

"ရှင့်အကြံ မသိဘူးများမှတ်နေလား၊ လူကိုဘာမှတ်နေလဲ ပါးရှစ်စိပ်ကွဲသွားမယ်"

"စွာလှချည်လား"

သူက ဖြီးထေ့ထေ့နှင့်သာ။

"ကိုယ်ဘာလုပ်လို့လဲ၊ ဟောဒီလို အောက်ကိုလျှောကျနေတဲ့ အနွေးထည်လေးကို စေတနာနဲ့ ပြန်ခြုံပေးတာ"

"ဖယ်နော် ရှင် ကျွန်မအသားကို လာမထိနဲ့"

တော်တော်မျက်နှာပြောင်တဲ့လူ။ သူ့ကို မနှစ်သက်ဘူး ဆိုတာလည်း မသိတာမဟုတ်။

"ကိုယ်ရှင်းပြတာပါ မင်းအထင်လွဲမှာစိုးလို့"

"မလိုပါဘူး ရှင့်လို အောက်တန်းကျတဲ့လူရဲ့ အပြုအမူဟာ အသိအသာချည်းပဲ လုပ်မနေနဲ့"

"ရေခဲ... မင်း"

ချစ်ထွန်းပုံစံက ရက်နာသွားမှုံနဲ့ ရှုးရှုးရှားရှား။

"မှန်တာပြောတာလေ"

"ဘာကွ... ကိုယ်ကမင်းထင်သလို မိုက်ရိုင်းတဲ့ကောင် ယုတ်မာတဲ့ကောင် မဟုတ်ဘူး"

ပြောရင်း သူမပုခုံးကို လာဆုပ်ကိုင်လှုပ်ရမ်းသဖြင့်...

"လွှတ်... ကျွန်မကိုလာမထိနဲ့။ ကဲ... မှတ်ထား"

"ဖြန်း"

"ဟာ... မင်း"

ရေခဲက ပါးလည်းရိုက်၊ သူ့ကိုလည်း စောင့်တွန်းပစ်ခဲ့ပြီး လှေကားဆီလွှားခနဲပြေး တဒုန်းဒုန်းအသံမြည်အောင် ဆင်းခဲ့သဖြင့် ဖေကြီးနှင့် အန်တီကေသီတို့ ပျာပျာသလဲ ထိတ်လန့်သွားကြသည်။

"ဟဲ့... ဟဲ့... ဘာဖြစ်ကြတာလဲ"

"ရှင့်မောင်... လူယုတ်မာကို သတ်ပစ်မိလိမ့်မယ်နော်။ ဒါပဲ



www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ခါ ကျွန်မ မျက်စိရှေ့မမြင်စေနဲ့"

"သမီး... ရေခဲ"

ဖေကြီးက အတင်းဝင်ဟန့်သည်။

"မောင်လေး"

"အလကားသက်သက် ကျွန်တော့်သိက္ခာကို ပုတ်ခက်စော် ကားတာ မမ။ ကျွန်တော်ဘာမှ မလုပ်ဘူး။ သူ့အမွေးအကြို အောက်ကျနေလို့ ပြန်ကောက်တင်ပေးတာ"

ချစ်ထွန်းက သူ့အစ်မထံ ပြာပြာသလဲ ဖြေရှင်းသည်။

ဟွန်း... သူ့ကိုယ်သူ သူတော်ကောင်းကြီးလိုလို။

"အန်တို့မောင်က လူရမ်းကားလဲ မဟုတ်ဘူး။ ကလေကချေလဲ မဟုတ်ဘူးရေခဲ၊ မင်းတော်ရုံတန်ရုံပဲ စော်ကားပါ"

"တောက်"

သူတို့မောင်နှမကပဲ တပြန်စီး။

ရေခဲကပဲ လုပ်ကြံပြောသလိုလို။

ရေကဲကနှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်လျက် မီးတောက် မျက်လုံးတွေနဲ့ စိုက်ကြည့်နေသည်။

"ရှင့်မောင်က ကျွန်မကိုနမ်းဖို့ကြိုးစားတယ်" ဟုဘယ်လိုပြော မလဲ။ ဒီလိုမဖွယ်မရာစကားကြီးကို ဖခင်တစ်ယောက်ရှေ့မှာ ရေခဲပြော မထွက်။

ရှက်လည်းရှက် စိတ်လည်းနာသည်။

ကိုယ့်ဘဝကို လုံခြုံမှုမရှိတော့ဘူးလို့လဲ ဝမ်းနည်းပက်လက် တွေးမိပါသည်။

"ကိုကြီးသမီးက ကေသီတို့ကို အလိုလိုနေရင်း မုန်းနေတာ၊ တဖက်သက်ရန်လိုနေတာ"

"ဒေါ်ကေသီ ရှင်ပေါ်တင်ဂုံးမချောနဲ့"

"သမီး... ဒီလိုမပြောနဲ့လေ"

"ဘာလဲ... ဖေကြီးကပါ သူ့ဖက်ပါတာလား။ မိန်းမျက်နှာ ယောက်ဖမျက်နှာပဲ ကြည့်တော့မှာလား၊ ကိုယ့်သမီးအရင်းဘာ တောင် ကိုယ့်မငဲ့နိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရေခဲ… နင်မျက်ရိုင်းလှချည်လား"

ဦးကောင်းဝေမျက်နှာကြီး နီရဲခက်ထန်လာရ၏။

သူ့သမီးဟာ တသက်လုံးသူ့ကို ဒီလိုပြန်မပြောခဲ့စဖူး။ ခုတော့ ကျားသစ်မတစ်ကောင်လို မာန်ဖီနေပါလား။

"ဒီလိုလူစားတွေကို ဒီလိုရိုင်းတာတောင် နည်းသေးတယ်"

"တယ်… နင်… အဖေတစ်ယောက်လုံးကို ပမာမခန့်နဲ့"

"ဒီလိုဖြစ်အောင် ဖေကြီးဖန်တီးတာပဲ"

သူမလေသံနှင့် သူမမျက်နှာလေးကို ဦးကောင်းဝေ သည်းမခံနိုင်တော့။

"တိတ်စမ်း"

"ပြောမယ်… ပြောတော့ဘာဖြစ်လဲ။ ဒီမိန်းမရှေ့မှာ ရေခဲကို လာမအော်နဲ့"

"ကြည့်စမ်း… နင်"

ဖေကြီးက သူမဆီလက်ရွယ်သည်။

"မလုပ်နဲ့ကိုကြီး"

"ဒီမှာ… ကျွန်မကို ရိုက်ချင်ရိုက်ပစေ။ သားအဖကြားထဲ ရှင်ဝင်မပါနဲ့ သွား"

BURMESE CLASSIC

ဒေါ်ကေသီကသူမကို အရှုံးပေးသလို မျက်နှာကိုလက်ဝါးနှင့် ကွယ်ကာ ရှိုက်ငိုလိုက်တော့ ဖေကြီးဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွားသည်။

"ဒီလိုရိုင်းတာ နင်ငါ့သမီး မဟုတ်တော့ဘူး။ နင်လွန်လွန်းပြီ"

"လွန်တာ ဖေကြီးမိန်းမနဲ့သူ့မောင် ရေခဲမဟုတ်ဘူးသိလား"

"ငါ့ကိုပြန်အော်တယ် ခွေးမ"

လက်ပြန်တစ်ချက်အရိုက်ခံရသဖြင့် ရေခဲနားရင်းမှာ ပူခနဲဖြစ်ကာ မျက်နှာလေး လည်ထွက်သွားရသည်။

ဒါပေမယ့် သူမဖြုံ။

အံကိုတင်းတင်းကြိတ်၍ ဖေကြီးကို ခပ်စိမ်းစိမ်းကြည့်ပစ်လိုက်သည်။

အသားနာတာထက် အသည်းကပိုနာပါတယ်။

ဟိုမောင်နှမက ငြိမ်သက်တိတ်ဆိတ်လို့ ကြိတ်ပြီးဖြီးသာ ကြလို့။

သူမတို့သားအဖကို သွေးခွဲနိုင်ပြီ။ အောင်မြင်ပြီဆိုတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com


ထားမျိုးတွေ။

ရေခဲဘာမှ ထပ်မပြောပဲ ချာခနဲ ကျောခိုင်းပစ်လိုက်သည်။

ဖေကြီးက တွေဝေအငိုက်မိကာ ကြက်သေသေလျက် ...

ရေခဲပြန်လှည့်မကြည့်။

သူမအခန်းဆီ တောက်လျှောက်ပြေးဝင်လာသည်။

သားရေသေတ္တာကိုဆွဲထုတ် အဝတ်အစားတွေထည့် မှန်တင်ခုံက ပစ္စည်းတွေထည့်၊ အံဆွဲတွေ တဒိုင်းဒိုင်းဆွဲဖွင့် ဆောင့်ပိတ်၊ အသံဗလံတွေ မြည်နေသလို ပါးပြင်ပေါ်လည်း မျက်ရည်တွေတပေါက် ပေါက် စီးကျနေသည်။

သွားမယ် မနေဘူး။

ဒီအိမ်မှာ တစ်မိနစ်ကလေးမှ မနေနိုင်တော့ဘူး၊ ဒါပဲ။

ရေခဲအကြောင်း သိရသေးတာပေါ့။

ယူစရာတွေ သေချာစဉ်းစားယူမှ၊ အခုအချိန်ကစပြီး ရေခဲက ကိုယ့်ဘာသာကိုယ် ရပ်တည်ရတော့မှာ။

စိတ်ကိုထိန်းကာ မျက်ရည်မကျအောင် တင်းထားလိုက်သည်။

ပျော့ညံ့တာတွေ မလိုဘူးကွာ။

မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ကိုယ့်ဘဝကိုယ် ဖန်တီး နိုင်ရမည်။

ကိုယ့်အားကိုယ်ကိုးရုံပဲရှိတာပဲ။

ဦးကောင်းဝေ က ဇနီးမျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ စိတ်လိုက်မာန်ပါနှင့် သမီးလေးကို ရိုက်မိသွားပြီ။

တကယ်တော့ ကိုယ့်သမီးပဲမို့ ' သူ့အသားနာရင် ကိုယ်လည်း နာတာပဲ၊ ကိုယ်က ရင်နာကြေကွဲရတာ ပိုသည်။

ဦးကောင်းဝေ က သမီးအခန်းဘက် ဦးတည်သည်။ ပြီးမှ ခြေလှမ်း တုန့်လျက် တစ်ချက်တွေဝေသွားသည်။

ဒီအချိန်မှာ သွားတားလို့ရမှာမဟုတ်၊ သမီးစိတ်ကို သူ ကောင်းကောင်း သိသည်။ သမီးက သူ့အမေလိုပဲ ခပ်အေးအေးနှင့် စိတ်ကြီးသည်။ ဒါ့ကြောင့်ပဲ ခေါင်းမာတတ်သည်။

"ဘယ်လိုလုပ်မလဲ ကိုကြီး"

ကေသီလည်း မျက်နှာပျက်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် စိတ်ပူပန် အကြံရခက်နေဆဲမှာပင် ရေခဲ အခန်းပွင့်လာသည်။

သားရေသေတ္တာတွေ၊ ကျောပိုးအိတ်တွေနှင့်။

ဦးကောင်းဝေရော ဒေါ်ကေသီရော ထိတ်ကနဲ လှမ်းကြည့်ပြီး မျက်နှာပျက်သွားသည်။

"ညကြီးမင်းကြီး ဒါဘာယ်လဲ ရေခဲ"

ဦးကောင်းဝေက လှမ်းမေးသည်။

BURMESE CLASSIC

လေသံကတော့ ပျော့သွားပါပြီ။

"စိတ်ချမ်းသာမယ့် တစ်နေရာပေါ့၊ လူဆိုတာ အန္တရာယ် ကြုံလာရင် နေ့ရယ် ညရယ် ခွဲခြားနေလို့မရဘူး"

ကြည့်စမ်း ပြောပုံလေးက ပမာမခန့်၊ ကေသီဘက် ပေစောင်းစောင်း မကျေမနပ်ကြည့်လိုက်သေးသည်။

ရေခဲကတော့ ခပ်တည်တည်ပဲ၊ သေတ္တာတွေ၊ လက်ဆွဲအိတ် တွေကို ကားနောက်ဖုံးထဲ ကျကျနနထည့်လိုက်သည်။

အင်း... အခုတော့လည်း လသာသာညကလေးမှာ ရေခဲအတွက် မုန်းတိုင်းထန်ခဲ့ပြီ။

ရေခဲက ဟဲန်းဖုန်းလေး သွားပြန်ယူသည်။

"ပုစု"

"ရှင်"

ချောင်ကပ်ကာ အသာချောင်းကြည့်နေတဲ့ ပုစုက ဖေကြီးဒေါ်သံကြောင့် တုန်ခနဲဖြစ်သွားသည်။

"သွား အဝတ်အစားယူ နင့်အစ်မနဲ့လိုက်သွားစမ်း"

"ဟုတ်ကဲ့"

ဒီအိမ်မှာ မမရေခဲကိုသာ အတွယ်တာဆုံးမို့ ပုစု ပျော်သွားသည်။ သူ့အဝတ်အိတ်ကို အမြန်ပြေးယူပြီး ကားနားချက်ချင်း ရောက်လာသည်။

"မမရေခဲ ပုစုလဲလိုက်မယ်"

"ငါနဲ့လိုက်ပြီးရင် ဒီအိမ်ကို ပြန်လာလို့မရဘူးနော်"

"ဟုတ်ကဲ့ မလာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


ပူစူးက ဘာပဲဖြစ်ဖြစ် ခေါင်းညိတ်ထားမယ့်ပုံနှင့်သာ ကားခေါ် ဝမ်းသာအားရတက်သည်။

"သမီး ဘယ်သွားတာလဲ မသိဘူးကွာ"

"အို ကိုကြီးမေးလဲ သူဖြေမှာမှမဟုတ်တာ၊ စိတ်လဲသိပ်ပူ မနေပါနဲ့၊ သူဘယ်သွားမှာလဲ သူ့သူငယ်ချင်း သဲသဲအိမ်ပဲ ဖြစ်မှာ ပေါ့"

မိထွေးရဲ့ တီးတိုးထင်ကြေးစကားကြောင့် ရေခဲ နှုတ်ခမ်းလေး မဲ့သွားရ၏။

BURMESE CLASSIC

လူကို အထင်တသေး လျှော့မတွက်နဲ့ ဒေါ်ကေသီရေ...

ဦးကောင်းဝေမှာတော့ သမီးဖြစ်သူရဲ့ သံယောဇဉ်ပြတ်သော ဟန်ပန်ကိုရော၊ သူ့ကို နာနာကျင်ကျင်ကြည့်သွားတာကိုရော၊ ရင်ထဲ မခံနိုင်အောင် စိတ်မကောင်းကြီးစွာ ဖြစ်သွားရပါသည်။

ရုပ်ရှင်ဇာတ်ကားတွေထဲမှာ ဒီအခန်းမျိုးရိုက်ရရင် ဘယ်သူ့ မျက်နှာ အိုက်တင်လျှော့နေသလဲ လိုက်လံစစ်ဆေးဖို့ပဲတွေးရပြီး အခု ကိုယ်တိုင်ကြုံ ရတော့ မသက်သာ။

သမီး စိတ်ဆိုးပြေမယ့်အချိန်ကို ရတက်မအေး မျှော်လင့် စောင့်စား နေရုံအပြင် သူဘာတတ်နိုင်မလဲ။

ခုလောလောဆယ်တော့ သမီးရဲ့ ကားသံလေးဝေးသွားတာနှင့် သူ့ရင်ထဲ လစ်ဟာကာ အဆွေးကြီးဆွေးသွားရပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အမ်သရီးထဲဝင်ထိုင်ပြီး ဘရိတ်ဖတ်စ် မှာထားတုန်းမှာပင် စားပွဲပေါ် ချထားတဲ့ ဟန်းန်ဖုန်းက မြည်သည်။

"ဟက်လို"

"ဘယ်လိုတုန်း ဒေါ်ရေခဲ၊ ရှင်ကတော့ အေးအေးဆေးဆေး ပါလား၊ ရှင့်အဖေ ကျုပ်ဆီဖုန်းတဂွမ်ဂွမ်ဆက်နေလို့ ရှင်အိမ်ပေါ်က ဆင်းသွားတယ်ဆို ဘယ်လိုဖြစ်တာလဲ"

"ဖြေးဖြေးမေးပါ သဲသဲရာ"

"ဖြေးဖြေးလုပ်မနေနဲ့ နင့်အဖေကြည့်ရတာ တော်တော် စိတ်ပူနေပုံပဲ"

"ငါ့အတွက်များ စိတ်ပူတတ်ရင်လေ ငါတောင် ဒီလို ခွေးပြေးဝက်ပြေး ပြေးစရာမလိုဘူးဟဲ့ သိလား"

"ဟဲ့ ဒါဖြင့် ရှင် ဘယ်လိုပြေးတာတုန်း၊ လေးဖက်ထောက်လား၊ ကျွတ် အဲလိုမှန်းသိ လာကြည့်ပါတယ်"

"သရဲမ"

"ဟီး ဟီး"

"ရှင်ကတော့ ရယ်ဖို့ပဲ ဘာမှ အားမကိုးရဘူး"

"ပြော သယ်ရင်း (သူငယ်ချင်း) ကိုယ်ဘာကူညီရမလဲ"

"တော်စမ်းပါ"

"ဩော် ... တကယ်မေးတာကို၊ ရှင်အခုဘယ်မှာနေလဲ၊ ရှင့်ဖားသားကြီးကတော့ သူငယ်ချင်းတွေအိမ်လဲကုန်ပြီထင်တယ်၊ ဖုန်းဆက်မေးမေး နေတာ ဘာတွေဖြစ်တာလဲ ရေခဲရာ"

"ဟိုမိန်းမစနက်ကြောင့် ဖြစ်ရတာ၊ အသေးစိတ်ကိုတော့ လူချင်းတွေ့မှပဲ သေချာပြောတော့မယ်"

"အင်း သဲ လာမယ်၊ ဘယ်ကိုလာရမလဲ"

"အဘွား အမွေပေးခဲ့တဲ့အိမ်လေ၊ ရှင်သိတယ်မဟုတ်လား"

အဘွားက ရေခဲ ကို သူ့ရဲ့တစ်ဦးးတည်းသော မြေးမို့ ပိုင်ဆိုင်မှု


www.burmeseclassic.com

www.burmeseclassic.com


တော်တော်များများ လွှဲပေးခဲ့ပါသည်။

အသွားဉာဏ်ပြေးလို့သာ တော်သေးတာ။

ရေခဲကလည်း အဲဒီအိမ်ဟောင်းကိုဖျက်ပြီး ကန်ထရိုက်တိုက်ခြောက်ထပ် ဆယ့်နှစ်ခန်းတွဲ ဆောက်ခဲ့ပေလို့သာ။

အခန်းတစ်ချို့ကိုလည်း အိမ်ငှားတင်ဖို့ဆိုပြီး ကျကျနန ပြင်ဆင်ထားတာမို့ ယခုလိုအရေးကြုံတော့ အတော်ပင်ဖြစ်သွားသည်။

အခန်းတွေက လူနေခွင့်လည်း ကျထားပြီးသား။

"ဟင် အဲဒီမှာ ရှင်တစ်ယောက်ထဲ သွားနေတာလား"

"ပူစူးပါ ပါတယ်"

"ခေါ်လာတာလား"

BURMESE CLASSIC

"မဟုတ်ပါဘူး၊ ဒေါသဖြစ်လို့ သတိတောင်မရဘူး၊ ဖေကြီးထည့်ပေးလိုက်တာ"

"ဒီလောက်ချစ်ကြတဲ့ သားအဖတွေ ဘာတွေဖြစ်ကုန်မှန်းတောင် မသိဘူး၊ မျက်စိတွေ လည်သွားတာပဲ"

"မျက်စိနောက်မှလည်း ဒီမနက် သဲလာမှာလား ပြော"

"လာမှာပေါ့"

"ဒါဖြင့် ရှင်လာမှပဲ အိမ်အတွက်လိုတဲ့ပစ္စည်းတချို့ သွားဝယ်ကြမယ် သိလား"

"ဟဲ့ တကယ်နေတော့မလို့လား"

သဲသဲပင် ရေခဲစိတ်ဓာတ်ကို မသိသေး။

လုပ်မိပြီဟော့ဆိုရင် နောက်မဆုတ်တမ်း၊ ရှေ့ကိုသာ ဒွတ်တိုးတော့မှာလေ။

"တကယ်နေမှာပေါ့၊ ဟိုမိန်းမကြီးမျက်နှာ ကျုပ်မှမမြင်ချင် တာနော်၊ ဘိုင့်ဘိုင့် အလွန်ဆုံး နောက်တစ်နာရီဆို ကျုပ်ရောက်ပြီ သိလား"

"အင်း အင်း"

ဖုန်းကိုပိတ်ကာ ရေခဲ အားရှိသွားရသည်။

ညက သေချာအိပ်မပျော်ခဲ့သဖြင့် ခေါင်းတွေကတော့ ကိုက် နေသည်။

* * *


www.burmeseclassic.com

"ခင်ဗျား ကျွန်တော့်ကို ညာတယ်ဗျာ"

"မဟုတ်ပါဘူး အမုန်းရယ် ... တို့ပြောတာကို သေချာနားထောင်ပါဦး"

"ဘာမဟုတ်တာလဲ၊ ဘာလိမ်ဆင်တွေ ထွင်ဦးမှာလဲ၊ ခင်ဗျား ကိုယ်ခင်ဗျား သိပ်ဟုတ်လှပြီပေါ့လေ၊ ကျုပ်ကို ပညာတွေသုံးတယ်၊ ပရိယာယ် တွေခင်းတယ်၊ ကျုပ်ရင်ထဲက ရိုးရိုးသားသား တွယ်တာ မှုကို ခင်ဗျားက ကိုယ်လိုရာကိုယ်အသုံးချတယ်၊ ကျုပ်အပေါ် မှုယာ မာယာတွေထားတယ်၊ လှည့်စားတယ်"

"အဲလောက်ကြီး မစွပ်စွဲပါနဲ့ကွာ၊ အသုံးချတယ် ဘာညာ ဆိုတာ ရင့်သီးလွန်းပါတယ်၊ အမုန်းပြောတော ရေခဲကို နားလည် တယ်ဆို"

"နားလည်တယ်ဆိုတာ ခင်ဗျားအကြောင်း မသိခင်ကပြော တာ အညာမိနေမှန်း မသိလို့"

"ညာချင်လို့မှ မဟုတ်ပဲ၊ တို့လုပ်သမျှ အမုန်းကိုခင်လို့ အမုန်းနဲ့ နီးစပ်ချင်လို့ပဲ၊ ရေခဲမှားရင် တောင်းပန်ပါတယ်၊ ခွင့်လွှတ် နော် အမုန်း"

အမုန်းက သူ့မျက်လုံးထဲ ခပ်တင်းတင်းစိုက်ကြည့်သည်။

မကျေမနပ် ပေါက်ကွဲနေတဲ့ကောင်လေးကို ဘယ်လို ဖျောင်းဖျ တောင်းပန်ရမလဲ၊ ရေခဲ ဘယ်လိုချော့ရမလဲကွယ်။

ရေခဲဟာ ဒါရိုက်တာ ဦးကောင်းဝေ ရဲ့သမီး ဖြစ်တာနဲ့၊ တွဲဖက် ဒါရိုက်တာ ပန်းရှုခင်း ဖြစ်တာနဲ့၊ ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာနဲ့၊ အဝေးသင်တက္ကသိုလ် တတိယနှစ် ကျောင်းသူဖြစ်တာနဲ့ ရေခဲအပြစ်တွေဟာ သိပ်ကို ကြီးမားသွား ပြီလား။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကျွန်တော့်အပေါ် မရိုးသားဘူး၊ လိမ်တို့ ညာတို့ဝန်မလေးဘူး၊ ဒါကို လွယ်လွယ်လေးနဲ့ ခွင့်လွှတ်ရမလား၊ ပြောစမ်းပါ၊ ဟောဒီ ရင်ဘတ်ထဲမှာ သိပ်ခံစားရတယ်"

"အမုန်းရယ်၊ စိတ်မဆိုးပါနဲ့၊ အဲဒီအပေါ်ယံ အဆောင် အယောင် ဂုဏ်ဒြပ်တွေကြောင့် တို့ကို အပြစ်မြင်မှာလား၊ တို့ရင် ထဲမှာ အမုန်းကို ဘယ်လောက် အလေးအနက်ထားသလဲ၊ နည်းနည်းမှ နားလည်မကြည့် နိုင်ဘူးလား၊ ပြောစမ်းပါ၊ ရေခဲသဘောထား ဘာပြောင်းလဲသလဲ၊ အမုန်းကို စတွေ့ကတည်းက ဒီအတိုင်းပဲ၊

အခုလည်း ဒီအတိုင်းပဲ၊ နောင်လည်း ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး"

"တော်ပြီဗျာ၊ ခင်ဗျားစကားတွေ ယုံရခက်တယ်"

"တကယ်လား အမုန်း၊ တို့က ယုံချင်စရာမကောင်းဘူးလား၊ ရေခဲက မိန်းမလည် သိန်းကြွယ်ကြီးလား၊ အမုန်းကို နစ်နာအောင် လှည့်ဖျား သွားသလား၊ အပျော်ကြံသွားသလား"

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့"

"ရေခဲကတော့ ရှင့်ကို ယုံကြည်အားကိုးပြီး အိမ်ကတောင် ဆင်းခဲ့ပြီ"

"ကျွတ်"

"ရှင်ပြောတော့ အတူတူနေခွင့်ရချင်တယ်ဆို"

"အဲဒါက အရင်အခြေအနေ"

အမုန်းက ခေါင်းယမ်းလိုက်သည်။

သူကလေးကို ချစ်ပေမယ့် မာယာများတာကိုတော့ ကြောက်သွားပြီ။

ကိုယ့်ကို သူမလိုသလို ကြိုးကိုင်ချယ်လှယ်စိုးမိုးမှာ ကိုယ်ခံ နိုင်မလား။

အချစ်နဲ့အတူ ဘာတွေမှန်းမသိတဲ့ ခံစားမှုခပ်ပြင်းပြင်းတို့ သူ့အပေါ် ရှိသွားခဲ့ပြီ။

နာကျည်းတာလား၊ ခံပြင်းတာလား၊ ရှက်တာလား၊ အောက် သိးအောက်သက်နှင့် မာနတွေရိုက်ချိုးခံရတာမျိုးလား၊ အမုန်းလဲ သေချာ မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com


"အမုန်း"

စိမ်းကားသော မျက်လုံးတွေကို ရေခဲမခံနိုင်။

သူ့ကို မော့ကြည့်ရင်း မျက်ဝန်းအိမ်မှာ စိုစွတ်လာသည်။

ညှိုးငယ်သွားသော မျက်နှာလေးကို အမုန်းမကြည့်ရက်။

သူမမျက်ဝန်းထဲက မျက်ရည်စတွေကိုကြည့်ဖို့တော့ တကယ် ပဲအားမရှိ၊ ကိုယ်ဘယ်လိုမှ မခံနိုင်။

"ဩော်... လုပ်ချင်ရာတွေလျှောက်လုပ်ပြီး ခင်ဗျားလေးကပဲ ငိုဦးမယ်"

ချော့မော့သလိုပြောကာ ပါးကလေးကို ဖွဖွဆွဲလိမ်မိသည်။

"အမုန်း... ဘာလို့ တို့စိတ်ဆင်းရဲအောင်လုပ်လဲ"

"ဟောဗျာ... ပြောင်းပြန်ကြီး ထားပါ၊ ရွှေမျက်ရည်တော့ မကျလိုက်ပါနဲ့"

"ရေခဲကို ခွင့်လွှတ်ပြီလား၊ ဒါဆို"

သူခေါင်းညိတ်တော့ ရေခဲက သူ့ပုခုံးမှာ မှီလိုက်သည်။

"ရေခဲကို တစ်ယောက်ထဲ ပစ်မထားရဘူးနော်၊ အမုန်းအနားမှာ မရှိပဲ ရေခဲဘယ်လိုရပ်တည်မလဲ၊ အိမ်ကိုပြန်မနေနဲ့တော့ကွာ။ ဟိုဘက်ခန်းမှာ နေလိုက် အမုန်းဘာသာသော့ယူထား၊ သူများတွေမေးရင် တို့အခန်းငှား လိုက်တာလို့ ပြောမယ်၊ ဘာဖြစ်လဲ အရေးကြီးတာ အမုန်းနဲ့တို့နဲ့ အမြဲတွေ့နေ ရဖို့ပဲနော်။ ရေခဲကို အားပေးစမ်းပါ၊ ရေခဲစိတ်ချမ်းသာအောင် လိုက်လျော စမ်းပါ။ တို့ဘဝမှာ အမုန်းမရှိလို့ မဖြစ်ဘူး သိလား"

* * *


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို... ကျွန်တော့်ကို မင်းသားတင်ရိုက်မယ် ဟုတ်လား၊ ဟား... ဟား"

အမုန်းက ရေခဲစကားကို အော်ရယ်လိုက်သည်။

"ဘာရယ်နေတာလဲ တကယ်ပြောနေတာကို"

ရေခဲကဖြင့် ခပ်တည်တည်နှင့်သာ ...

ကိုယ်တိုင်ဒါရိုက်တာလုပ်ပြီး မင်းသားသစ်ကို ရအောင်တင် လိုက်ဦးမည်။

"မဖြစ်နိုင်တာ ရေခဲရာ"

"အမယ်... ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဒီလောကကြီးမှာ မဖြစ်နိုင်တာ ဘာမှမရှိဘူး၊ မဖြစ်သေးတာပဲ ရှိချင်ရှိမယ်"

ဩော်... ဒီကလေးမမှာ ဒါမျိုးစိတ်ကူးရှိနေတာကိုး။

သူဒီတိုက်ခန်းကလေးကို စ,ရောက်လာတဲ့ နေ့ကတည်းက သူ့အမူအရာတွေကို လိုက်ကြည့် လိုက်ပြော။

ဆံပင်ညှပ်ဆိုင်ခေါ်သွား စိတ်ကြိုက်ပြော မျက်နှာပေါင်းတင် အဝတ်အစား အသုံးအဆောင်တွေလည်း သူမသဘောကျလိုက်ဝယ် ရှုပ်လိုက်ရတဲ့အလုပ်။

အိမ်မှာလည်း သူ့အဟန်အမူအရာတွေ ထမင်းစားတာ လမ်းလျှောက်တာ ထိုင်နေတာ ဂစ်တာတီးတာ စကားပြောတာ စသဖြင့် ဗွီဒီယိုကင်မရာနှင့် လိုက်ရိုက်နေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းမှာ ရှက်လည်းရှက် ရယ်လည်းရယ်ချင်။

သူဟာ… ရုပ်ရှင်ကြိုက်သူဖြစ်ပေမယ့် မင်းသားလုပ်ဖို့တော့ အိပ်မက်ပင် မမက်ဘူးပါ။

တခါတရံ အပြင်ကအဖြစ်အပျက်တွေက အိပ်မက်ထက် ဆန်းကြယ်နေသည်။

ဒါရိုက်တာမလေးက သူမင်းသားဖြစ်ဖို့ စိတ်ဓာတ်တက်ကြွပြင်းထန်နေသည် မဟုတ်လား။

ပန်းရှုခင်းရယ် ခင်ဗျားစေတနာတွေကို သိပေမယ့် ဒီလိုပုံစံ မျိုးတဲ့ပြန်ရမှာ မအောင်မြင်မှာ စိုးမိတယ်ဗျာ။

"ဘာမှ စိုးရိမ်မနေနဲ့၊ ရေခဲပြောသလိုသာလုပ်"

အမုန်းက မျက်နှာရှုံ့ပြသည်။

"အမုန်း… မှန်ထဲကြည့်လိုက်စမ်း။ ခုဏလိုမျိုး ရှုံ့မဲ့ကြည့်"

"ဟာ… ဘာလဲကွာ"

"လုပ်ကြည့်ပါဆို"

အမုန်းက ပထမရယ်သည်။ နောက်တော့ မှန်ထဲကြည့်ကာ မျက်နှာရှုံ့သည်။

"ဖြုံး"

"နည်းနည်းပိုရယ်"

"မျက်နှာ ဟိုဘက်နည်းနည်းလှည့်"

"အံ့သြပြ… အာ… အဲလောက် မျက်လုံးမပြူးနဲ့လေ"

သူက သူ့နဖူး သူရိုက်သည်။

"အဲဒီအိုက်တင် ကောင်းတယ်"

"သေစမ်းကွာ ဒီတစ်ခါ အမုန်းတို့သေတာပဲ"

"ဟုတ်ပြီ အဲဒါ စိတ်ပျက်လက်ပျက်ပုံစံပဲ။ တခါတည်း မှတ်ထားလိုက်တော့"

အမုန်းသည် ရေခဲဆံပင်လေးတွေကို သွားဖွပစ်လိုက်သည်။

သိပ်ဆရာလုပ်တဲ့ ကောင်မလေး။

သူကိုယ်သူ ဒါရိုက်တာတဲ့ ဟာ… ဟ။



www.burmeseclassic.com

www.burmeseclassic.com



"အမှုန်းနော် နောက်တီးနောက်တောက်မလုပ်နဲ့။ [illegible] ခဲလေး အနက် ကြိုးစားရမှာ။ တော်ကြာ အမှုန်းအခန်းမှာ မှန်တွေလာ တပ်လိမ့်မယ်"

"ဘာလုပ်ဖို့လဲ"

"ကြည့်ဖို့ပေါ့။ နံရံကပ်မှန်တွေ အပ်ထားတယ်။ အဲဒီမှန်တွေထဲမှာ လွတ်လွတ်လပ်လပ် အိုက်တင်လုပ်ကြည့်။ ဒိုင်ယာလော့တွေပြောကြည့်၊ အသံလည်းစမ်းမယ်၊ လုပ်စရာတွေ အများကြီးပဲ၊ အမှုန်း ကြည့်ဖို့အခွေတွေလဲ ရှာထားပြီ၊ သူတို့ဆီက အိုက်တင်တွေလည်း နမူနာယူရမှာပဲ၊ ဒီနေရာမှာတော့ ရေခဲက အမှုန်းရဲ့ဆရာပဲနော်၊ ရေခဲမှာရှိတဲ့ အတွေ့အကြုံတွေနဲ့ အမှုန်းကို ဖြစ်အောင်လုပ်မယ်။ အင်္ဂလိပ်စပီကင် ခေါ်သင်မယ်။ ဂျူဒို ကရာတေးလည်း နည်းနည်း ပါးပါးလုပ်ရမယ်။ ညနေကျ ရေကူးကန်သွားမယ်နော်။ အမှုန်းရေကူး တတ်တယ် မဟုတ်လား"

"သေချာသင်ဖူးတာတော့ မဟုတ်ဘူး။ ငယ်ငယ်က ကန်ထဲ ဆင်းဆော့ ရင်း သူ့ဘာသာတတ်နေတာ"

"ဘာပဲဖြစ်ဖြစ် ကူးတတ်ရင် ပြီးရောပေါ့"

အမှုန်းက ပုခုံးတွန့်မိသည်။

မလွယ်ဘူးနော်၊ ကိုယ့်ကို စံနစ် ဇယားတွေနဲ့ တအားမောင်းတော့မယ့် ပုံပဲ။

"အမှုန်း... ကားရော၊ ကားမောင်းတတ်သလား"

သူကပြောင်စပ်စပ်နှင့်။

"ငယ်ငယ်တုန်းကတော့ လယ်ထွန်စက် မောင်းဖူးတယ်"

"သွား... ပြောလိုက်ရင် နောက်ဖို့ပဲ မှန်းလာပြီ"

သူက ချစ်စနိုးနှင့် ရေခဲနှာသီးဖျားလေးကို လာညှစ်သည်။

"ဒီလောက် တတ်နေမှဖြင့် ခင်ဗျားဘာသာပဲ မင်းသမီးလုပ်ပါလားဗျာ"

"ဟင်... မလုပ်ချင်ပါဘူး။ ရေခဲက ကိုယ့်အသားကို လာထိရင် [illegible]ားတတ်တယ် အမှုန်းရဲ့၊ မင်းသားက ဖြုန်းဆိုလာဖက်ရင် ယောင်ပြီး [illegible]ာ်မိမှာ ဟင်း... ဟင်း"

ရေခဲကရယ်ရင်း သူ့မျက်နှာကို မထိတထိလေးကြည့်ကာ–

"ဒါပေမယ့်... အမှုန်းက လုပ်စေချင်ရင်တော့ မင်းသမီးလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့လေ နော်"

"အောင်မာ... စကားမခေါ်ပါနဲ့၊ မင်းသမီးသာလုပ်ရင်တော့ ခင်ဗျားနဲ့ တစ်သက်အပြတ်ပဲ၊ အခုတောင် ဒါရိုက်တာပဲလုပ်လို့ သနားလို့သာ"

"သူပဲပြောပြီးတော့"

"ခင်ဗျားစိတ်ကို စမ်းကြည့်တာ မင်းသမီးဖြစ်ချင်နေမလားလို့"

လွဲနေပြီ အမုန်းရေ၊ တို့ကဖြစ်ချင်းဖြစ် မင်းသားရဲ့ ပါရမီဖြည့်ဖက်ပဲ ဖြစ်ချင်တာ။

အဲဒီမင်းသားက ဘယ်သူလဲဆိုတာ မင်းသိမှာပါနော်။

* * *



www.burmeseclassic.com

www.burmeseclassic.com

“ကြာလိုက်တာ မပြီးသေးဘူးလား၊ ဗိုက်ဆာနေပြီ”

အမုန်းက အခန်းတံခါးအသာဟကာ အော်သည်။

“လာပါပြီ... ခဏလေး”

ကြိုးသိုင်းဖိနပ်ကလေးကို ကောက်စွပ်ပြီးထိုင်ချကာ ကပ်ခွာလေးကို ဖိချလိုက်၏။ ကပျာကယာထွက်လာတော့ လှေခါးထိပ်မှာ ရပ်နေသော ရေခဲကိုမြင်ရသည်။ မြင်လိုက်တိုင်း ရင်ထဲကို အေးမြ လန်းဆန်းပြီး နှင်းဆီပန်း လတ်လတ်ဆတ်ဆတ်တစ်ပွင့်ကို အားပါး တရ ရှူရှိုက်လိုက်ရသလို ဟိုး အနက်ရှိုင်းဆုံး အသက်တည်ရှိရာအထိ ပေါ့ပါးကြည်နူးကာ အားအင်တစ်မျိုးကို ဖြစ်စေသော ရေခဲရဲ့အမုန်းပါ။

“ကဲ... ပြီးပြီ။ အော်လိုက်တာ”

အမုန်းက, လှေခါးကိုရှေ့မှ ဆင်းသည်။

အမုန်းရယ်...

နှစ်ယောက်တည်းနဲ့ အမှားကြီးတစ်ခုကို တည်ဆောက်ချင်လိုက်တာ။

ရေခဲခြေလှမ်းပျက်ကာ လဲမလိုဖြစ်တော့ အမုန်းပုခုံးကို ဖမ်းဆွဲထားမိသည်။ ကြိုးသိုင်းဖိနပ်လေးက အတော်မြင့်သည်။ လှေခါးဆင်းရတာ သိပ်အဆင်မပြေ။

“ဘယ်လိုဖြစ်တာလဲ ခနော်ခနဲ့မလုပ်နဲ့လေ။ လိမ့်ကျမယ်”

အမုန်းက ခပ်ဆတ်ဆတ်ပြောလိုက်ပေမယ့် ရေခဲက ငေးနေမိသည်။ ကိုယ့်ကို ဆူငေါက်လိုက်ပါလားဟု မကျေမနပ်မဖြစ်။


www.burmeseclassic.com

 www.burmeseclassic.com 

သူ့ရင်ထဲက စိုးရိမ်ပူပန်မှုကို နားလည်ခံစားမိသည်။

"လေ့ခါးဆင်းရတာက်ရတာ ဒီလောက်ဖိနပ်အမြင့်တွေ မစီးပါနဲ့။ အဲဒီလောက်ကြီးတွေ မစီးလည်း ဘာမှယုတ်လျော့ မသွားဘူး။ ဒါကြီး စီးထားမှလည်း ပိုပြီးမလှပါဖူး။ လိမ့်ကျရင် အလကားသက်သက် အိပ်ရာပေါ် လှဲနေရအုံးမယ်"

သူက တတွတ်တွတ်နှင့် ဖိနပ်အမြင့်စီးတာကို ကန့်ကွက်နေသည်။

"စီးနေကြပါ ဘာမှမဖြစ်ဖူး"

ရေခဲက အသံတိုးလေးနှင့် တစ်ခွန်းတော့ စောဒကတက်မိသည်။

"ဖိနပ်အပါးလေး ဝင်ဝယ်မယ်"

"ဟာ... မစီးချင်ပါဖူး"

လေ့ခါးအောက်ရောက်လာပြီမို့ အမုန်းက ရေခဲဘက်ကို ခပ်စောင်းစောင်း လှည့်ကြည့်သည်။ သူ့မျက်လုံးတွေကြောင့် –

"စီးမယ် စီးမယ်"ဟု အမြန်ပြန်ပြောလိုက်ရသည်။

သူ့မျက်လုံးတွေက ကော်ဇော်နှင့် မကြည်လင်။ မှုန်တင်းနေသည်။

"ဖိနပ်အမြင့် မစီးတော့ဖူးဆိုမှပဲ"

ရေခဲက နှုတ်ခမ်းကလေးစူကာ ရေရွတ်မိသည်။

ဘာလေးဖြစ်ဖြစ် သူတို့ကြားမှာ အခြေအတင်ဆိုတာ ရှိတတ်သည်။ ခေါင်းမာသော ကြွပ်ဆတ်သော စရိုက်ချင်းတူနေကြသည်။

ကိုယ်ထင်တာ အမှန်တရား လက်မလျှော့ချင်ပါ။

"ဘယ်ဆိုင်မှာ စားမလဲ"

"အမုန်းသဘော အမုန်းစားချင်တဲ့ဆိုင်မောင်းပါ ရပါတယ်၊ ရေခဲက ဒီနေ့သိပ်မဆာဖူး"

အမုန်းက ခေါင်းညိတ်ပြီး စကားထပ်မဆို။

နောက်နောင်မစီးတော့ပါဖူးဟု အလျော့ပေးတာကိုပင် မကျေနပ်သေးဖူးလား။ ရေခဲကလဲရေခဲ အပျော်လွန်ပြီး ဟာပ်ထိုးလဲချင်တာ။ ဘယ်လိုဖြစ်မှန်းမသိ။

အမုန်းကြိုက်သော ဆိုင်ကလေးမှာ ထမင်းသွားစားကြသည်။

စားပွဲမှာ ထိုင်မိအချိန်အထိ အမုန်းက အပြုံးအရယ်မရှိသေး။



www.burmeseclassic.com

www.burmeseclassic.com

ရေခဲက သူ့ကို မှောက ကြည့်မိသည်။

သူမကြိုက်တာဆို ဘာမှမလုပ်ရဲအောင်ပဲ့လားနော်။

ထမင်းကို တိတ်တဆိတ်စားရင်း ရေခဲလည်း စိတ်ကောက် ချင်မိကာ စကားမဆိုဖြစ်တော့ပါ။

သူငယ်ချင်းတစ်ယောက်နှင့် ဆိုင်ထဲဝင်လာသော ချစ်ထွန်းက ရေခဲကို မြင်သောအခါ ဝမ်းသာအားရဖြစ်မိလျက် ဘေးနားကပုဂ္ဂိုလ်ကြောင့် အံ့အားသင့်ကာ မျက်နှာကြောတင်းသွားရသည်။

သားနားလှချည်လား။ ဖြောင့်လှချည်လား။ ဘယ်ကရောက်လာတာလဲ။ ရေခဲမှာ ဘာဘာညာညာမရှိတာ သူသိထားပြီးသားမို့ ရုတ်တရက် ခုလိုမြင်ရသောအခါ သွေးဆူ အရှိက်ထိသွားသည်။ ခပ်မတ်မတ်စတိုင်နှင့် ကြည့်ကောင်းသော ရုပ်ရည်ကို ပိုင်ဆိုင်ပြီး သန့်ပြန့်ထည်ဝါလှသည်။

သည်လိုလူ ရှိနေတာမို့လည်း ရေခဲဆာ ခပ်မာမာ အိမ်ကဆင်းသွားခဲ့တာထင်ပါရဲ့။ သူ့ကိုလည်း ခါးခါးသီးသီးကို ငြင်းပစ်သည်။

ဟိုလူက စတိုင်ဘောင်းဘီပွပွနှင့် ရှပ်အင်္ကျီအကွက်နှင့် မျက်မှန်အနက်ကို စားပွဲပေါ်ချထားသည်။ ဆံပင်တွေသာမက လက်တွေ ခြေတွေပါ တော်တော်ကြည့်ကောင်းသည်။ တကယ့်ကို မင်းသားရုပ် မျိုး။

ဦးကောင်းဝေနှင့် ပြဿနာတက်ပြီး သူမပိုင်ဆိုင်သော ကန်ထရိုက်တိုက်ကို ဆင်းသွားတာသိပေမယ့် တစ်ယောက်တည်းပဲမှတ်ကာ လျော့တွက်ထားခဲ့သည်။

မထင်မှတ်ဘဲ ပြိုင်ဘက်က လက်ရည်သာလွန်နေတာတွေ့ရတော့ သူ့အခြေအနေကို သူသတိပြုမိလာ၏။

သူ နောက်ဆုတ်ရတော့မှာလား။

"ချစ်ထွန်း... ဟိုကောင်မလေး"

"အေး... ခဏနေအုံး။ ငါ... သွားနှုတ်ဆက်ဦးမယ်"

သူငယ်ချင်းကို ထားခဲ့ကာ ချစ်ထွန်း သူတို့စားပွဲစီ လျှောက်လာ၏။

"ရေခဲ"

ရေခဲက ခေါ်သံကြောင့် ထမင်းစားရင်းက မော်ကြည့်မိသည်။

ဟင်... ချစ်ထွန်းပါလား။



www.burmeseclassic.com

"သူက ဘယ်သူလဲ"

အနားကပ်ရပ်ကာ မေးလိုက်ပုံက ပိုင်စိုးပိုင်နင်း။

"ရှင်နဲ့ ဘာဆိုင်လို့လဲ"

ရေခဲကေားကြောင့် ချစ်ထွန်း မျက်နှာပျက်သည်။

"သူက...ဘယ်သူလဲ။ အန်ကယ်... သိလား"

"ကျွန်မ... မိတ်ဆွေ"

မပြောချင် ပြောချင် တစ်ခွန်းသာဆိုမိသည်။

"လူကြီးတွေ စိတ်ပူနေပြီ။ ဘာလို့အဓိပ္ပါယ်မရှိတာတွေ လုပ်နေရတာလဲ။အန်ကယ့်ကို စိတ်ဆင်းရဲစေချင်လို့လား"

အမုန်းက ဖွန်းနှင့်ခရင်းကို ချထားလိုက်ပြီး ချစ်ထွန်းကို စိုက်ကြည့်လိုက်သည်။ ဆက်လက်သည်းမခံနိုင်တော့ပါ။

"ခင်ဗျား သူများစားပွဲနားလာပြီး အနှောင့်အယှက်မပေးပါနဲ့"

လျှာဖျားလေးနှင့် စိတ်ကိုဆွဲဆန့်ထားကာ ပြောမိသည်။ ဆွဲထိုးမိလျှင် မကောင်း။ ကိုယ်က စိတ်ဆတ်သည်။ သူများလာ ကြောတာ လုံးဝမခံချင်။ ရေခဲကိုလာပြီး ရှုတ်နေသည်။

"အမုန်း"

ရေခဲက သူ့ကို စိတ်မတိုဖို့ သတိပေးသည်။

"ရှင် သွားတော့။ ကျွန်မတို့ကို မနှောင့်ယှက်ပါနဲ့"

ချစ်ထွန်းက မိုက်ကန်းကန်းကြည့်ပြီး ချာကနဲ လှည့်ထွက်သွား၏။

"အမုန်းရယ်... နေရာတကာ စိတ်မြန်လက်မြန် မလုပ်ပါနဲ့"

"သူက ဘယ်သူလဲ"

အမုန်းက အခဲမကြေသလို မေးလာသည်။

"ချစ်ထွန်းဆိုတာ သူပေါ့။ ရေခဲမိထွေးရဲ့မောင် သူ့ကြောင့် ဖေဖေနဲ့ရေခဲ စကားများတာ"

"အရေးမလုပ်နဲ့။ အပြတ်သာပြောပစ်လိုက်"

အမုန်းက ရေမော့သောက်ရင်း ချစ်ထွန်းတို့စားပွဲဆီ လှမ်းကြည့်နေသေးတာမို့ ရေခဲက စိုးရိမ်မိပါသည်။

ရန်မဖြစ်စေချင်ပါ။ အမုန်းအတွက် အမြဲပဲစိတ်ပူသည်။



www.burmeseclassic.com

www.burmeseclassic.com

သိပ်အကြာကြီးမနေတော့ပဲ ဆိုင်ထဲက ထွက်လာ၏။

"ဖိနပ် ဝယ်မယ်"

အမုန်းက မမေ့ပဲပြောလာသည်။ ရေခဲလည်း သူ့ကို ဘာမှမပြောလိုတော့ပါ။ ဖိနပ်ဆိုင်ထဲဝင်ပြီး သူက ကတ္တီပါကြိုး သားရေခင်းဖိနပ်လေးကို အနက်ရောင်တစ်ရံ၊ လေးညှင်းရောင်တစ်ရံ ဝယ်ပေး သည်။ ပိုက်ဆံကို သူထုတ်ပေး၏။

"အမုန်း"

"ဟင်"

"ရေခဲပေးပါ့မယ်။ ရေခဲက အမုန်းရဲ့ ပရိုဂျူဆာပဲ"

အမုန်းက ဟက်ကနဲရယ်သည်။

သူ့စိတ်ထဲမှာတော့ ရေခဲကို တစ်စက်မှ အထင်ကြီးပုံမရ။ ရယ်ချင်သလို ချစ်စနိုးသာဖြစ်သည်။

"အမုန်း ဝယ်ပေးချင်လို့ပါ"

ရေခဲဘေးနား တိုးကပ်ပြီးဆိုလာ၏။

"ရော့ စီးကြည့်လေ။ ဒီအနက်ကလေး အရင်စီး"

ခြေထောက်ဘေးအထိ လာချပေးသည်။ ရေခဲအားနာလိုက် တာ၊ သူချပေးသောဖိနပ်ကို မြန်မြန်စီးလိုက်ရသည်။

"အဲဒါပဲ စီးထားလိုက်တော့"

စိတ်မြန်လက်မြန်နှင့် စီစဉ်ပေး၏။

"ဖိနပ်ဝယ်ပေးဖို့လောက်တော့ ရှိပါသေးတယ်။ ခင်ဗျား တင်မယ့် မင်းသားကို ငမွဲမှတ်လို့လား"

ပြောပုံကိုက ကြည့်။

"ခင်ဗျားကို ကြက်သားဟင်းနဲ့ မဟုတ်တောင် ကြက်ဥနဲ့တော့ နပ်မှန်အောင်ကျွေးနိုင်ပါတယ်ဗျာ သိရဲ့လား"

နောက်ရွှတ်ရွှတ်စကားကို ရေခဲရယ်မိသည်။

"ကဲ... ခြေထောက်ဖွေးဖွေးလေးနဲ့ ဘယ်လောက်လှလဲ။ ဟိုဖိနပ်ကြီး နဲ့မှ လှတယ်ထင်မနေနဲ့၊ အရုပ်ဆိုးရှိတယ်"

ချက်ချင်းပဲ ဖိနပ်အဟောင်းကို အိပ်ထဲကောက်ထည့်ပြီးပြင်သည်။



www.burmeseclassic.com

"ဟင့်အင်း... မလုပ်ပါနဲ့။ ရေခဲ ထည့်ပါ့မယ်။ ရေခဲကိုင် ပါ့မယ်။ အမုန်းရယ်... ဘုန်းနိမ့်နေမှဖြင့်"

အမုန်းက ရေခဲမျက်နှာလေး ပျက်နေတာကို ပေါ့ပါးစွာရယ် နေသည်။

"ဘယ်သွားအုံးမလဲ"

အမုန်းက ရေခဲကို မေးသည်။

"သဘောပဲလေ၊ အမုန်းသွားချင်တဲ့နေရာသွား"

ရေခဲစကားကြောင့် အမုန်းက ရယ်ပြန်သည်။

"သွားချင်တဲ့နေရာ နှစ်ခုရှိတယ်"

အားနာသလိုကြည့်ကာ လက်နှစ်ချောင်း ထောင်ပြ၏။

"ဘယ်နေရာလဲ သွားလေ"

ရေခဲက သူ့ကို စူးစူးစမ်းစမ်း ပြန်ကြည့်လျက် မေးမိပါသည်။

အမုန်းက ပြောရခက်ပုံနှင့် ရယ်ကာနေသည်။

"ပြောဆို... ဘယ်နေရာလဲ"

ရေခဲအသည်းယားစွာ မေးမိသည်။

"တစ်ခုက "ကျား"လို့ ရေးထားတဲ့နေရာ"

"ဟင်"

မျက်လုံးလေး ဝိုင်းသွားရသူက ရေခဲပါ။

"အော်"

ရှက်ဖွေးဖွေးနဲ့ ရယ်လိုက်မိသည်။

"အင်း... နောက်တစ်ခုက လမ်းဘေးမှာ ခုံပုလေးတွေနဲ့ရောင်းတဲ့ လက်ဘက်ရည်ဆိုင် ထိုင်ချင်တယ်ကွာ။ နှစ်ခုစလုံးအတွက် ရေခဲကို အားနာတယ်"

ရေခဲက လက်ထဲကိုင်ထားသော တစ်ရှူးလေးကို လုံးခြေလွှင့်ပစ်လိုက်၏။

"ဟိုးမှာ... တွေ့လား၊ လက်ဘက်ရည်ဆိုင် လက်ဘက်ခြောက်အနံ့က မွှေးနေတာပဲ၊ ရေခဲက ဒီမှာခဏစောင့်နေ၊ ကျွန်တော် ကျားနဲ့ သွားတွေ့ခဲ့မယ် ဖြစ်ရဲ့လား"

အမုန်းမျက်နှာက ရှက်သလို အနေကြပ်သလို တစ်မျိုးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ... ရပါတယ်"

အမုန်းက လက်ဘက်ရည်နှစ်ခွက် အရင်မှာပေးခဲ့သေးသည်။ ပြီးမှ ထလစ်သွား၏။ ရေခဲမျက်နှာလေး ငုံ့ချကာ တိုးတိုးရယ်နေမိသည်။

အမုန်းရယ်...

အမုန်းဟာ ပွင့်လင်းရိုးသားပြီး သဘောထားသိမ်မွေ့ကောင်းသည့် ယောကျ်ားတစ်ယောက်ပါ။ သည်လိုလူနှင့် တွေ့ဆုံရတာ ရေခဲကံကောင်းသည်။ ကံမကောင်းတာတွေ အများကြီးကြားထဲမှာ ကံကောင်း တာတစ်ခုရှိနေတာပဲ မဆိုးလှပါ။

တအောင့်ကြာတော့ အမုန်းက ပြန်ရောက်လာသည်။

ရေခဲက သူ့ကို မကြည့်ပဲ မျက်လွှာချနေသည်။

စားအတူ သွားအတူ တစ်နေ့လုံး အတူတူနေရတော့လည်း တဖြည်းဖြည်းနှင့် ရင်းနှီးလာသည်။

"လက်ဘက်ရည် ကောင်းလား"

"ကောင်းပါတယ်"

အမုန်းက နောက်တစ်ခွက်မှာသောက်သည်။

ရေခဲဆီရောက်ကတည်းက သည်လိုဆိုင် သည်လိုလက်ဘက် ရည်နှင့် ဝေးခဲ့ရတာ၊ အစကဆို တစ်နေ့မှာ သုံးလေးကြိမ်မက လက်ဘက်ရည်ဆိုင် ထိုင်မိကာ လက်ဘက်ရည်သောက်မိသည်။

"ညဘက်တစ်ခါတစ်လေ လက်ဘက်ရည်ဆိုင် ဆင်းထိုင်ချင်တယ်" ဆန္ဒတစ်ခုကို ကြုံတိုင်းခွင့်တောင်းမိသည်။

"ထိုင်လေ... ဘာဖြစ်လဲ ရတာပဲ"

သူ့မျက်နှာက ရွှင်လန်းသွား၏။

"ရေခဲတစ်ယောက်တည်းဆိုပြီး စိတ်မချတာနဲ့"

"ရပါတယ်... သိပ်အကြာကြီး မနေနဲ့ပေါ့။ ပူစူးလည်း ရှိတာပဲ ပြီးတော့ တစ်ခါတစ်လေ ရေခဲလည်း လိုက်ထိုင်မယ်လေ၊ မကောင်းဘူးလား"

"တကယ်လား"

"အင်း ရေခဲက အဲဒီလို စည်းကမ်းတင်းကြပ်ပြီး ဆက်ဆံရခက်တဲ့ မိန်းမကြီးလား အမုန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဖူးလေ။ ဘာပဲဖြစ်ဖြစ် ရေခဲကအရမ်းချမ်းသာတဲ့ ကောင်မလေး တစ်ယောက်၊ အလှွာမတူဖူးလေ၊ အဲဒီတော့ ကျွန်တော် လျှောက်ခေါ်သွားလို့ ကောင်းပါ့မလား"

"ကောင်းတာပေါ့ ပျော်စရာကြီး"

ရေခဲ့ရှာ မျက်နှာလေးမော့ပြီး ရယ်ကာအားပေးလိုက်၏။

ရှင်ဘယ်သွားသွား ရှင့်နောက်က တကောက်ကောက်လိုက်မှာပဲ။ သင့်တော်တာ မသင့်တော်တာ ရှင်စဉ်းစားပေါ့ အမှန်းရဲ့။

ရေခဲကတော့ လိုက်ပြီးသားပဲ ဖဝါးထပ်မျှ။

* * *

www.burmeseclassic.com

www.burmeseclassic.com



၇

ဂျာနယ်ကို ရေခဲရှေ့ဘုတ်ကနဲ ပစ်ချကာ တရှူးရှူးနှင့် ဒေါသတွေ အုံကြွနေသောအမုန်းကို ရေခဲက ဘာမှမဖြစ်သလို ခပ်အေးအေးမော့ကြည့်သည်။

"ကြည့် ဖတ်ကြည့် ရေးထားတဲ့ ခေါင်းစဉ်ကိုဖတ်ကြည့်"

လက်ညှိုးထိုးပြလာကာ အမိန့်ပေးလာသည်မို့ ရေခဲက နှုတ်ခမ်းလေးလှုပ်ရုံ ဖတ်လိုက်သည်။ ဘာများပါလိမ့်ဟု။

"ဒါရိုက်တာမလေးနဲ့ သူတင်တဲ့မင်းသားလေး"တဲ့။

အမုန်းကို မော့ကြည့်သည်။ "ဆက်ဖတ်ကြည့်အုံး" ဟု အမုန်းက ပြောလာသည်။ တကယ့်ကို စိတ်ဆိုးမာန်ဆိုး ဖြစ်နေပါလား။

ရေခဲ ဖွဖွပြုံးမိသည်။

"အဲဒါစိတ်ဆိုးစရာလား"

"ဟင်"

ရေခဲအမေးကို သူတော်တော်အံ့သြသည်။ နှုတ်ခမ်းတွေ ဖွင့်ဟသွား၏။

"စိတ်မဆိုးလို့ ကျေးဇူးတင်ရမှာလား"

"အင်း... စိတ်ဝင်စားစရာဖြစ်အောင် ရေးထားတာ ကျေးဇူးတင်သင့်တာပေါ့၊ ပရိသတ်ကို ဆွဲဆောင်ရေးထားတာပဲ"

"ဟာ... ခင်ဗျား တော်တော်ခက်ပါလား"

အမုန်းက စိတ်ပျက်လက်ပျက် ဖြစ်သွား၏။

ရေခဲက ဂျာနယ်ရေးထားတာကို နှုတ်ခမ်းလေးစေ့ပြီး ပြုံးကာနေလေသည်။ ဘယ်လိုမှမနေ။ စိတ်ဆိုးဖို့ဆိုဝေးရော။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းက စူးစူးစိုက်စိုက် မလွှဲတမ်းကြည့်နေသည်။

"ရေခဲ"

"ဟင်"

"ဒီလိုလုပ်ရင် မကောင်းဘူးလား"

"ဘာကိုလဲဟင်"

အမုန်းမှာ ဘယ်လိုအကြံသစ်များ ရှိသလဲဟု ရေခဲ စိတ်ဝင်စားသွားသည်။

"ရေခဲကို အမုန်းက ဖက်နမ်းလိုက်တယ်လို့ သတင်းလေးရေးခိုင်းလိုက်ပါလား"

"ဟင်"

"ဩော်... ဒါရိုက်တာမလေးကို သူတင်တဲ့မင်းသားလေးက ဖက်နမ်းလိုက်လို့ဆိုရင် ပရိသတ် ပိုစိတ်ဝင်စားမလားလို့ပါ"

ရေခဲက အမုန်း ရွဲ့ပြောမှန်းသိကာ ပြုံးသည်။ တမင်ကြည့်မရလို့ပြောတာ။

"အမုန်း... နေပါအုံး။ ခဏ"

ရေခဲအသံကြောင့် ခြေလှမ်းရပ်သည်။ လှည့်မကြည့်ပါ။

"ရေခဲကို နားလည်ရဲ့လားဟင်"

အမုန်းရှေ့သွားရပ်ကာ ရင်ဘတ်ကိုလက်ကလေးနှင့် ဖိကာမေး မိသည်။

"နားမလည်ဖူး၊ နာမည်ကြီးဖို့ ဘာလို့ဒီလောက် ဖြစ်နေရတာလဲ။ ဘာမင်းသားမှလည်း မဖြစ်ချင်ဖူး။ ရေခဲကို ကျွန်တော်ဖူလုံအောင် ရှာပေးမယ်။ ဘာပဲလုပ်ရ လုပ်ရ"

အမုန်းက ရေခဲပုခုံးကိုဆုပ်ကာ အတည်အတံ့ဆိုလာသည်။

"သိပါတယ်" ဟု ရေခဲတိုးတိုးပြောမိသည်။

"ရေခဲမျက်နှာငယ်နဲ့ အိမ်ပေါ်ပြန်တက်စရာလည်း မလိုဖူး၊ အပင်ပန်းခံပြီး အလုပ်လုပ်စရာလည်း မလိုဖူး၊ ကျွန်တော် ယောကျ်ား တစ်ယောက်ပါ။ အတန်းပညာ မရှိပေမယ့် အသိဉာဏ်ရှိတယ်၊ ခွန်အားရှိတယ်၊ ရေခဲ မယုံဖူးလား"

ရေခဲက သူ့ကို မျက်လွှာလှန်ကာ မော်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်… ဒါပေမယ့် အမုန်းကို မပင်ပန်းစေချင်ဖူး"

"ခင်ဗျား… အလုပ်ကြီးက ပိုပင်ပန်းတယ်။ စိတ်ပင်ပန်းတာ"

"အမုန်းရယ်"

ရေခဲ… ညည်းညည်းကလေးခေါ်မိသည်။

"အမုန်းဟာ… ရေခဲရဲ့ ပထမခြေလှမ်းပါ၊ ရေခဲအောင်မြင်ပါရစေ၊ ရေခဲရဲ့အောင်မြင်မှုဟာ အမုန်းအပေါ်မှာ မူတည်နေတယ်။ အိမ်နဲ့ ဖေဖေ့ကို ခြေစုံကန်ဆင်းခဲ့တဲ့ ရေခဲအတွက် ဒီကိစ္စအောင်မြင်မှ ဖြစ်မယ်။ အလုပ်မှာ ဦးကျိုးသွားမှာ ရေခဲကြောက်တယ်။ အမုန်းအောင် မြင်ဖို့ ရေခဲအသက်လောက် အရေးကြီးပါတယ်၊ ရေခဲ ဆက်ရပ်တည် ဖို့ အမုန်း ကြိုးစားပေးပါ"

ရေခဲကပြောရင်း မောလာသလို နှုတ်ခမ်းလေးကို ကိုက်ထား သည်။

"ဘာပဲဖြစ်ဖြစ် အမုန်း အရမ်းအောင်မြင်ရမယ်။ နာမည်ကြီး မင်းသားတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်။ ရေခဲရင်ထဲမှာလေ ဒါရိုက်တာ တစ်ယောက်ရဲ့ဆန္ဒနဲ့ အလိုလောဘတွေ ပြည့်နှက်နေတယ်၊ အမုန်း ဖြစ်မလာမှာကို သိပ်ကြောက်တယ်၊ ဘယ်နည်းနဲ့မဆို ဖြစ်အောင် တင်မှာပဲ၊ ဒါ ရေခဲဘဝပဲလေ"

အမုန်းက ရေခဲကို ဂရုဏာမျက်လုံးတွေနဲ့ စိုက်ကြည့်နေသည်။ သိပ်ချစ်စရာကောင်းလှသည့် ကောင်မလေးမှာ မထင်မှတ်လောက်စရာ ဇွဲနှင့် သတ္တိတွေရှိနေသည်။ ယုံပင်မယုံချင်။ သည်လောက်တောင်ပဲ တဲ့လား။

ခိုင်ခိုင်မာမာ ရည်ရွယ်ချက်နှင့်ပါလား။

"ရေခဲက ဖေဖေ့သမီးပါ၊ ဖေဖေကြိုးစားထမ်းတင်ခဲ့လို့ ဖြစ်သွားတဲ့ မင်းသားနှစ်လက်တောင်ရှိတယ်၊ ရေခဲက ဘာလို့မဖြစ် ရမှာလဲ၊ ရေခဲမှာ ဖေဖေ့ဗီဇပါတယ်၊ လူတစ်ယောက်ရဲ့ရုပ်ရည်နဲ့ ပင်ကိုယ်အရည်အသွေးကို ကြည့်ပြီးဖြစ်နိုင် မဖြစ်နိုင်သိတယ်၊ မှန်းတတ်တယ်၊ အမုန်းက သိပ်ကိုဖြစ်နိုင် တဲ့သူပါ"

ကြီးမားလွန်းသော ရေခဲဆန္ဒကို တားမြစ်စကားပင် မဆိုရက်နိုင် ဖြစ်ရသည်။ အုံဖွဲ့ကျင်းလိုက်ဖြစ်နေတာ သူ့အရမ်းအောင်မြင်နိုင်မည် ကြီးဖို့တဲ့လား။

"ရေခဲ သိပ်ဖြစ်စေချင်သလား၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


"ပြောပြီးပြီလေရေခဲဘဝ ရေခဲအသက်လောက်ကို အရေးကြီးပါတယ်လို့၊ ဒါမှ ရေခဲရဲ့မာနနဲ့ ကြိုးစားမှုကို ဖေဖေအသိအမှတ်ပြုဝုဏ်ယူမှာ"

အမုန်းက ရေခဲဆံပင်လေးတွေကို နားရွက် နောက်ထဲ သပ်တင်ထည့်ပေးပြီး ဟူးကနဲ သက်ပြင်းရှိုက် ခေါင်းညိတ်သည်။

"ကောင်းပါပြီ ရေခဲရယ်၊ ဖြစ်အောင် ကြိုးစားပါ့မယ်"

ရေခဲပုခုံးလေးကို ဖစ်ညှစ်ကာ ကတိပေးမိသည်။

အမုန်းကတိကြောင့် ရေခဲဆတ်ကနဲဖြစ်သွားပြီး ချက်ချင်းပဲ မျက်ရည်လေးလည်လာသည်။ မျက်ဝန်းအိမ်အပြင်ဘက် ပါးပြင်ပေါ် အထိ လျှံတက်လာသော မျက်ရည်တွေကို မသုတ်မိပါ။

"ဒါ... ငိုစရာလား"

"ဝမ်းသာလို့ပေါ့"

"ရေခဲသဘောထားကို သိပြီပဲ၊ အမုန်းက မဖြည့်ဆည်းပေးပဲ နေမှာလား၊ တိတ်ပါတော့၊ ရေခဲငိုရင် ရင်ထဲမှာတစ်မျိုးကြီးပဲ ခဲလုံးကြီးတစ်လုံး ရင်ဘတ်ပေါ်တင်ထားရသလိုပဲ"

"ဟွန်း... ပိုကိုပိုတယ်"

"ဟုတ်တယ်လေ..... အမုန်းနဲ့ ရေခဲက တစ်ယောက်ကို တစ်ယောက် မှီပြီး အသက်ရှင်ရပ်တည်နေတာ မဟုတ်လား"

အမုန်းစကားတွေကြောင့် မျက်ရည်တွေနဲ့ နှုတ်ခမ်းလေးတွေ ပြုံးလာရသည်။

ရေခဲစိတ်ချမ်းသာအောင် တကယ်ပြောတတ်လွန်းပါလား။

* * *


www.burmeseclassic.com

www.burmeseclassic.com



"အမုန်း... အမုန်း တကယ် မင်းသားဖြစ်ပြီ"

ရေခဲတစ်ယောက် ခုန်ဆွခုန်ဆွနှင့် အပျော်လွန်နေသည်။

ဘဏ်မှာရှိသမျှပိုက်ဆံတွေ ပုံအောသုံးခဲ့ရကျိုး နပ်ပြီလေ။ အမုန်းလည်း သူမရဲ့ဝမ်းပန်းတသာ မျက်နှာချိုချိုလေးကို မြင်ရတာ ကြည်နူးမိပါသည်။

ပင်ပန်းခံကြိုးစားရကျိုး နပ်တာပါပဲ။

ရေခဲက သူ့အတွက် အတော်ကြီးမျှော်လင့်ခဲ့သလို အတော်ကြီးလည်း ရက်ရောပါသည်။

သူစုဆောင်းထားတဲ့ ဇာတ်လမ်းကောင်းလေးတွေကို ထုတ်သုံးသည်။ ဇာတ်ညွှန်းကို ဂရုတစိုက် ခွဲစေသည်။ နာမည်ကြီး မင်းသမီးတွေ သုံးပေးသည်။ ဗီဒီယိုကားလေးကား တပြိုင်နက် ကန်တော့ပွဲပေးခဲ့တာမို့ စ,ဝင်ပြီ ဆိုကတည်း ကပင် သူ့ကိုလူတွေ သိသွားခဲ့တာ။

ဗွီဒီယိုကားတွေထဲမှာ လူကြိုက်များပြီးသား သီချင်းကောင်းကောင်း လေးတွေလည်း သုံးဖွဲ့ခဲ့တာမို့ သူ့ကားက ကြည့်ပျော်ရှုပျော် ပေါက်ကား လေးတွေ ဖြစ်သွားသည်။

မင်းသားသစ်အမုန်း ကောင်းတယ်။ ဘာညာပေါ့လေ။

ရေခဲကတော့ သူကံကောင်းတာတဲ့။ သူ့မှာ နဖူးကပင် စန်းရှိတာတဲ့။

ရေခဲလည်း ဒါရိုက်တာလုပ်ခဲ့တာမို့ နာမည်ပိုကြီးခဲ့ပါသည်။ အထူး သဖြင့် အမျိုးသမီး ဒါရိုက်တာငယ်ငယ်လေးက မင်းသားချော ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ကို တင်ပေးတာဆိုတော့ သူတို့ဇာတ်လမ်းကိုလည်း လူပြောသူပြော များလာခဲ့သည်။

အင်တာဗျူးတွေလာရင် ဖြေရတော်တော်ကျပ်သည်။

ရေခဲနဲ့ အမုန်းက ဘာလဲပေါ့။

သူဘယ်လို ဖြေရမလဲဆိုတာ ဟိုဉာဏ်ကြီးရှင်လေးပဲ အားကိုးရသည်။

ပြောမယ့်သာပြောရတာ သူကြုံရတဲ့ အခက်အခဲတွေမှန်သမျှ ရေခဲကချည်း ရှေ့က ဖြေရှင်းသွားနိုင်ခဲ့တာပါပဲ။

ရေခဲကို မချီးကျူးလို့ဖြင့်မရ။

အမုန်းစိတ်ထဲ တိတ်တိတ်ချီးမွမ်းမိပါသည်။

ဒါပေမယ့် တခါတခါ သူ့ကို ဆရာလုပ် အမိန့်ပေးတာမျိုးတော့ သိပ်မခံချင်။

ရိုက်ကွင်းထဲမှာတော့ သူမက ကိုယ့်ထက် သမ္မာရင့်လို့ထားပါတော့။

အိမ်မှာနေလည်း အမုန်းကိစ္စတွေမှန်သမျှ သူမကပဲ ရှေ့ကစီမံသွားသည်။

ဒီနေ့ဘာဝတ် ဘယ်သွား၊ ဘယ်သူနဲ့တွေ့ ဘယ်ဆိုင်က ထမင်းစား ဘယ်အချိန်ပြန်။

ကြာတော့ ကိုယ့်ဆန္ဒတွေတောင် ပျောက်လာသလိုပဲ။

တခါတရံတော့ အမုန်းကိုယ့်ဘာသာကိုယ် အံ့သြနေမိသည်။

ကိုယ့်ဘဝဟာ နေ့ချင်းညချင်း ပြောင်းလဲသွားတာကိုး၊

လမ်းဘေး လက်ဘက်ရည်ဆိုင်လေးတွေနဲ့ ကင်းကွာနေတာလဲ ကြာပြီ။

တကယ်ပဲ ဘာဆိုဘာမှ မလွတ်လပ်တော့။

သူ့ကမ္ဘာဟာ အတော်ပဲ ကျဉ်းမြောင်းသွားပါသည်။

အရင်က သိခဲ့တဲ့လူတွေ သူ့ကို အမုန်းဆိုတာ မယုံနိုင်အောင် ပင် တအံ့တသြဖြစ်ခဲ့ကြသည်။

အမုန်းဟာ အမုန်းနှင့်ပဲ နှစ်ကိုယ်ခွဲလိုက်သလို ဖြစ်သွားခဲ့ တာကိုး။

အရင်ကဆို ထမင်းနပ်မှန်အောင် မနည်းကြိုးစားရှင်သန်နေရတဲ့ ကောင်က အခုဆိုရင် ရန်ကုန်က နာမည်ကြီးပေ့ဆိုတဲ့ ဟိုတယ်က ရေကူး ကန်မှာ အေးအေးဆေးဆေး နေပူဆာလှုံ လေ့ကျင့်ခန်းလုပ်နိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဟိုဟိုဒီဒီ စကားပြောဆက်သွယ်ချင်ရင် ရေခဲပေးထားတဲ့ ဆယ်လ်လူလာဖုန်းလေးက အဆင်သင့်။

စီးစရာကား နေစရာအိမ်ခန်း ဘာမှလိုလေသေးမရှိ။

ရှေ့ဆက်ပြီးလည်း အလားအလာ ကောင်းသတဲ့။

ဝေဖန်သုံးသပ်ချက်တွေ အရပေါ့။

သူ့ကို တခြားကုမ္ပဏီတွေကလည်း လာငှားကြသည်။

ရေခဲအဖေ ဦးကောင်းဝေကိုယ်တိုင် သူ့သမီးတင်တဲ့မင်းသား ဒီလောက်ထိ အောင်မြင်လာတာကို မယုံဘူးဆိုပဲ။

အမုန်းကတော့ လူ့ဘဝကြီးရဲ့ အနိမ့်အမြင့် အပြောင်းအလဲ သဘောတရားများကို ကောင်းစွာနားလည်ပြီး ခံနိုင်ရည် ရှိနေပါပြီ။

ဘယ်တော့မှ ဘဝမေ့မည့် လူစားမဟုတ်ပါ။

ပြီးတော့ သူ့စိတ်ဓာတ်ကို ချစ်ရသူရေခဲလေးလည်း နားလည် သဘောပေါက်စေချင်သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


ရိုက်ကွင်းကအပြန် ဆိုင်ကဝင်ဝယ်လာသော စားစရာ သောက်စရာတွေကို စားပွဲပေါ်ခဏချထားပြီး အဝတ်အအစား အရင်လဲသည်။

ဂါဝန်ရှည်ပြာနုနုကလေးကို ကမန်းကတန်းဝတ်ကာ ဆံပင်တွေကို စုချည်ထားလိုက်သည်။ ပြီးတော့ ထမင်းစားပွဲဆီထွက်လာကာ အဆင့်သင့်ပြင်နေမိသည်။ ပုစုးကလည်း တစ်ယောက်တည်းလုပ် နိုင်တာမဟုတ်။ တောက်တိုမယ်ရလောက်ပဲ အားကိုးရတာ။

"ပုစုး... ထမင်းပန်းကန်တွေ စားပွဲပေါ်အရင်ချပေး"

ဝယ်လာသော ကြွပ်ကြွပ်အိတ်နှင့် ဟင်းများကို မီးဖိုချောင် ယူသွားပြီး ထည့်နေခိုက်မှာ ပုစုးကို ထမင်းပန်းကန်တွေ သယ်ခိုင်းထား၏။

ခုလောက်ဆို အမုန်း အရမ်းဆာနေလောက်ပြီ။

သူဆာနေမှာ စိုးတာမို့ကိုယ့်မှာ ခဏပင် အနားမယူအားပဲ အိမ်ပေါ်ရောက်လာတာနဲ့ ထမင်းစားဖို့ ချက်ချင်းပြင်ဆင်မိသည်။

နေ့ခင်းကတည်းက နှစ်ယောက်စလုံး အလုပ်များပြီး ဘာမှမစား ဖြစ်ခဲ့ပါ။ အမုန်းကြိုက်တတ်သော ဘဲကင်နှင့် အစိမ်းကြော်ကို မမေ့မလျော့ ထည့်ဝယ်လာခဲ့ပါသည်။ သူ့အတွက်ဆို ရေခဲနည်းနည်းကို အကဲပါချင်နေသည်။ မမောနိုင်မပန်းနိုင် လိုက်လုပ်ပေးချင်မိသည်။ လူက သတိမထားမိခင်မှာပင် လုပ်ပေးပြီးသား ဖြစ်နေပေသည်။ စိတ်ထဲ ဝေဖန်သုံးသပ်ချိန်ပင်မရ။

ခူးခတ်ပြင်ဆင်နေရင်းက ရေခဲနှုတ်ခမ်းလေးတွေ ပြုံးရိပ်ထင်လာ၏။ အမောပြေ ရေခဲရေပင် မသောက်နိုင်။


www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်ဆို ဘာပဲဖြစ်ဖြစ် အနစ်နာခံနိုင်သည်။

"လာလေ… ရပ်နေတယ်၊ ဪ… အချဉ်ထုပ်ကလေး ဘာလေး ဝိုင်းထည့်ပါလား၊ ရေခဲရေပုလင်းရော စားပွဲပေါ်ရောက်လာ ပြီလား၊ နေးလိုက်တာနော်၊ နင်လည်းဆာနေရောပေါ့၊ ဒီမှာ နင့်အတွက် ချန်ထားတယ်။ ခူးစားတော့ အားမနာနဲ့ သိလား"

စကားအဆုံးမှာ ရယ်စရာလေးစွက်ကာ ဆိုမိသည်။

"အင်း… ထမင်းစားလို့ရပြီ၊ အဆင်သင့်ဖြစ်ပြီလို့ သွားပြောလိုက်ဦး"

"ဟုတ်ကဲ့"

ပုစုးက ဆတ်ကနဲ ခေါင်းညိတ်ပြီး အမုန်းအခန်းဘက်ကို ကူးသွား ခိုက်မှာ ရေခဲက ဘောစင်မှာမျက်နှာသစ်သည်။ မျက်နှာသစ်လိုက်မှ လူက လန်းသွားမှာ။ သိပ်ပင်ပန်းနေပင်မယ့် အနားမှာ အမုန်းရှိတော့ ပျော်ပါသည်။ စိတ်ညစ်စရာတွေ မေ့နေသည်။ နုးညံ့သော မျက်နှာသုတ်ပုဝါ အိအိကလေးနှင့် မျက်နှာသုတ်နေ တုန်းမှာပဲ ပုစုးပြန်ရောက်လာ၏။ အမုန်းပါမလား။

"ပုစုး… အမုန်းရော"

"ညှော့သည်ရောက်နေတယ် မမ"

"ဘယ်လို"

လက်နှစ်ဖက်မြင့် ကိုင်ထားသော မျက်နှာသုတ်ပုဝါလေးကို ရင်ဘတ်မှာကပ်ထားလျက် နှုတ်ခမ်းလေးတွေဖွင့်ဟပြီး လူကငြိမ် သွားသည် အထိ အံ့အားသင့်သည်။

ညှော့သည် ဘယ်ကညှော့သည်လဲ။ ခုမှ ရွာတင်ကပြန်ရောက်တာ ချက်ချင်းကြီးညှော့သည်က ဘယ်လိုရောက်လာသလဲ။ ရေခဲလည်း မသိရပါလား။ ရေခဲကို ဘာလို့လာမခေါ်တာလဲ။

သူ့အမျိုး တစ်ယောက်ယောက်များလား။

"ဘယ်သူလဲ… ပုစုးရေ၊ ညှော့သည်ကိုသိလား"

"မသိဖူး၊ တီဗွီမှာမြင်ဖူးတယ် ဟိုမမ"

ပုစုးပြောကာမှ ပိုပြီးမယုံချင်။

ပုစုးက ခပ်တုံးတုံးပေမယ့် မင်းသမီးတွေတော့ ကောင်း ကောင်း သိပါသည်။

www.burmeseclassic.com



"ဟိုမင်းသမီးလေမမ… ဟိုမင်းသမီး"

ရေခဲရင်ထဲမှာ ဘာမှန်းမသိခင် ထိထိကနဲ့ပူသည်။

အမုန်းဆိ ဘယ်သူလာတာလဲ။ ပြီးတော့ ဘာကိစ္စလဲ။

ရေခဲဆိမလာပဲ အမုန်းအခန်းဘက်ဝင်သွားရအောင် အမုန်းရဲ့ သိးသန့်ညှော်သည်မို့လို့လား။

အမုန်းကရော ဘာလို့အသိမပေးတာလဲ။

ဘယ်လိုကိစ္စလေးပဲဖြစ်ဖြစ် တိုင်ပင်သတိပေးနေကြ၊ သေးသေး ဖွဲဖွဲရော၊ ကြီးကြီးမားမားရော။

သူတို့ကြားမှာ လျှို့ဝှက်မှုမရှိ၊ ထိန်ချန်မှုမရှိ၊ ဘာမဆို ပွင့်ပွင့် လင်းလင်းပါ။

"နေအုံး… ငါသွားကြည့်အုံးမယ်။ ဩော်… နင်ထမင်းစား တော့ရပြီ"ဟု ပူစူးကိုပြောကာ အခန်းထဲကထွက် အခန်းတံခါးကို စေ့ပြီး တဖက်အခန်းကို အသာဟကာ ညှော်ခန်းထဲအရင် ချောင်း ကြည့်သည်။

အစစ်ပါလား။ မင်းသမီးက တကယ်ပဲ အမုန်းဆီရောက်နေတာ ကိုး။ ကိစ္စဘာညာမသိရသေးပေမယ့် မကျေနပ်ခြင်းကအရင် ဦးဆုံး ဖြစ်ပေါ် လာသည်။ ဘာကြောင့်လာလာ လာတာကိုမကြိုက်။

မနက်က ရိုက်ကွင်းမှာလည်း တိုးတိုးတိုးတိုးပြောမဆုံး။ သည်မှာ နေတာကို ဘယ်ခန်းညာခန်း အခန်းမမှားအောင်ပင် အမုန်းက တိတိကျကျ ပြောပြလိုက်သည်ထင်ပါရဲ့။

မင်းသမီးက အခန်းပင်မှားမခေါက်။ အချိတ်အဆက်မိလှ ချည်လား။ ဘယ်တုန်းက အပေးအယူ တည့်သွားကြတာလဲ။

လူက ပင်ပန်းနုံးခွေ ဗိုက်ထဲကဟာပြီး မြင်လိုက်ရသောအနေအထားကို အမောဆို့သည်။

အမုန်းကြည့်ရတာ ပင်ပန်းပုံမရ။ နွမ်းနယ်ပုံမရ။ ဗိုက်ဆာနေပုံ မရ။ စိတ်အနှောင့်အယှက်မဖြစ်တာ သေချာသည်။

နည်းနည်းစိတ်ရှုတ်တာနဲ့ မျက်ခုံးကြီးက ရှုံ့လာရော။

မျက်မှောင်ရှုတ်ကာ လူကမှန်တင်းတင်း၊ မနည်းသတိပေးနေ ရတာ။ ခုတော့လည်း နှုတ်ခမ်းတွေက ချိုလို့။



www.burmeseclassic.com

www.burmeseclassic.com


တံခါးလက်ကိုင်ကို ကိုင်ထားသောလက်ကလေး အားလျှော့သွားရသည်။ မဝင်ပဲ ပြန်လှည့်ဖို့ စိတ်ဆင်းရဲစွာတွေးသည်။

မနှောင့်ယှက်ချင်ပါ။

ရေခဲက ကိုယ့်အခန်းဝဘက် ပြန်လှည့်ပြီးမှ ပျော့ခွေနေသော စိတ်ခါတ်ကိုပြန်တင်းသည်။

ဖေဖေ့အိမ်က ဆင်းလာကတည်းက ဘယ်တော့မှ ဘာကိုမှ အရှုံးမပေးဟု ရေခဲ ဆုံးဖြတ်ခဲ့သည်။

မျက်နှာကိုဆတ်ကနဲမော့ကာ အမုန်းတံခါးဘက် ပြန်လှည့်ကာ ဆွဲဖွင့်ဝင်သွားလိုက်၏။

"အမုန်း"

"ဟင်"

"ဩော်...မမ"

မင်းသမီးလေးက မော့ကြည့်ပြီး ချိုချိုသာသာ ပြုံးပြပါသည်။

"ထမင်းစားမယ်လေ"

အမုန်းက ရေခဲကို မော်ကြည့်သည်။

စောစောကတည်းက ဧည့်သည်ရှိနေလို့ မစားသေးဖူးဆိုတာ ပြောလိုက်ပြီးသားပဲ မဟုတ်လား။

ထပ်တစ်ခေါက် လာခေါ်စရာမလို။

"ဧည့်သည်ရှိနေလို့ တော်ကြာမှပဲ စားတော့မယ်"

စိတ်ကိုထိန်းကာ ပြေရာပြေကြောင်းပဲ ပြောမိသည်။

ထပ်ခေါ်လာတာကို တစ်စက်မျှမကြိုက်သော်လည်း သည်းခံလိုက်ပါသည်။

"ဒီမှာလေ... မနက်ဖြန် ရှုတင်အတွက် ဂျပန်စကားလေးတွေ ပြောကြည့်နေကြတာ။ ပိုအဆင်ပြေ ချောမောအောင်လို့"

မင်းသမီးလေးက ဝင်ပြောသည်။

"အမုန်း...ဆာနေပြီဆို၊ တော်ကြာအစာအိမ်ရောဂါ ရနေဦး မယ်၊ ပြီးမှ ပြောကြည့်ပါလား၊ အားနာမနေနဲ့၊ ရောဂါဝင်မှာစိုးလို့ ခုပဲပြောရောက်တာ သူက အဲဒီလိုပဲ အလုပ်လောဘကြီးတယ်"


www.burmeseclassic.com

www.burmeseclassic.com



ရေခဲက အမုန်းကိုခေါ်ရင်း မင်းသမီးကို ဟန်ဆောင်ပြုံးနှင့် နှင်မိပါသည်။ အမုန်းဆိ အကြောင်းမရှိ အကြောင်းရှာလာတာကို လုံးဝခွင့်မပြုချင်။ တားလို့မကောင်းလို့သာ။ ပြီးတော့ အမုန်းကလည်း ဝင်စွက်တာ ကြိုက်မှာ မဟုတ်။

"အားနာစရာမှ မဟုတ်တာ၊ ထမင်းအရင်စားလိုက်၊ အေးကုန် မှာလည်း စိုးရသေးတယ်။ စားသွားပါလား"

ရေခဲက မင်းသမီးကိုပါ ခေါ်လိုက်သည်။ မတတ်သာလို့ပါ။

အမုန်းမျက်နှာက အလိုမကျတာ သိသိသာသာ ပေါ်လွင်လာ သော်လည်း ဟိုတစ်ယောက်က အားနာပြုံးလေးနဲ့ ထပြန်ဖို့ပြင်သည်။

"ရတယ်လေ... မနက်မှ တွေ့တာပေါ့၊ သွားမယ်နော်"

"ဟုတ်ကဲ့"

အမုန်းကိုကြည့်လိုက်တာ နှုတ်ဆက်တာ အသက်ပါလွန်းသည်။

ရေခဲလည်း ကိုယ့်အခန်းဖက် ကိုယ်ပြန်ကူးလာခဲ့သည်။

ဖြစ်မှဖြစ်ရလေ။

ထမင်းမစားနိုင်အောင်ပဲ သာယာနေလိုက်တာ။

သူ့ကိုက စိတ်ပါလက်ပါချိန်းလို့ ဟိုကလာတာနေမှာပါ။

ဒေါသမုန်တိုင်းတွေ အစပြုလာ၏။

အမုန်းက ချက်ချင်းပဲလိုက်လာသည်။

ထမင်းစားပွဲမှာ လာမထိုင်၊ ရေခဲကို စူးစူးစိုက်စိုက်ကြည့်သည်။

သူကပဲ စိတ်ဆိုးရတယ်လို့။

"ရေခဲ"

"ဘာလဲ"

"အဲဒါ... ဘာသဘောလဲ"

ရေခဲက လှမ်းကြည့်သည်။

"မြင်လိုက်တာ အမုန်ပဲ၊ ခံစားရတာ အမုန်ပဲ"

"အဲဒီလောက် မချုပ်ချယ်ပါနဲ့၊ ကျွန်တော့် အခွင့်အရေးနဲ့ ကျွန်တော်ပါ၊ နေရာတကာ ခင်ဗျားလုပ်ပုံက ကျွန်တော့်ကို ကြိုးနဲ့ တုပ်မထားရုံပဲ၊ ကျဉ်းကြပ်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားဖို့ လာခေါ်တာ အပြစ်လား"

"သူများကို နည်းနည်းပါပါးလောက် အားနာပါအုံး"

"ရေခဲ ဗိုက်ဆာပြီ၊ ထပ်မစောင့်နိုင်တော့ဘူး"

"စားပါလား ကိုယ့်ဘာသာ ဘယ်သူမှ မစောင့်ခိုင်းဖူး"

"အတူတူစားနေကြပဲ"

"ညှော်သည်ရှိနေတယ်လေ နားလည်မှုမရှိဖူးလား"

အမုန်းစကားကြောင့် ရေခဲက ဆတ်ကနဲဖြစ်သည်။ ဘယ်လို မေးလိုက်တာလဲ၊ ရေခဲကိုသည်လောက် ပစ်ပစ်ခါခါ ပြောစရာလား။

"ဘာကိုနားလည်ရမှာလဲ"

ရေခဲက သူ့ကိုမော့ကြည့်ပြီး တိုးတိတ်စွာ လျှာအဖျားလေးနှင့် မေးသည်။ အမုန်းက ရေခဲကို စိတ်ပျက်သလိုကြည့်၏။

"စိတ်ညစ်ဖို့ကောင်းတယ်"

စကားဆုံးတာနှင့် ချာကနဲ လှည့်ထွက်သည်။

"ထမင်းမစားဘူးလား"

"မစားဘူး"

လှည့်မကြည့်ပဲ ပြန်ပြောကာ ထွက်သွား၏။

ရေခဲက ကျောက်ရုပ်ကလေးလို ငြိမ်သက်သွားရသည်။

ကိုယ်ကဖြင့် အမောပြေရေတစ်ခွက်ပင် မသောက်နိုင်ပဲ သူဆာနေမှာစိုးလို့ ပူလိုက်ရတာ။

ရင်ထဲနင့်ကာ မျက်ရည်က ဝေ့တက်လာသည်။

ရေတစ်ခွက်သောက်ပြီး မတ်တပ်ရပ်လိုက်၏။ အမုန်းဆီသွားပြီး စကားပြောဖို့ပါ။ မတင်မကျနှင့် ဝမ်းနည်းမှု နာကျင်မှုက စိုးမိုး လာ၏။

တံခါးကိုဟပြီးအဖွင့်မှာ မမျှော်လင့်ပဲ တံခါးဝရောက်လာသော ချစ်ထွန်းကို တွေ့ရသည်။

ချစ်ထွန်းက တောက်ပစွာပြုံးသည်။ လက်ထဲမှာ ပန်းစည်းလှလှ ကလေးနှင့်။

ရေခဲက ပျက်ယွင်းနေသော မျက်နှာကလေးကို ဆိတ်ထားခြင်း သည်။ ဟန်ဆောင်အပြုံးတုတစ်ခုနှင့်။



www.burmeseclassic.com

www.burmeseclassic.com


"ညှော်သည်ကို အိမ်ထဲဝင်ခွင့်ပြုပါအုံး"ဟု ချစ်ထွန်းက ဆိုပါသည်။ သိပ်အနီးကပ်လွန်းသော အနေအထားမို့ ရေခဲက နောက် တစ်လှမ်း ဆုတ်မိသည်။ သူ့ဆီက အနံ့တစ်မျိုးကြောင့် နည်းနည်း တော့ လန့်သွား၏။ သို့သော် ချစ်ထွန်းက ညှော်ခန်းဆိုဖာစီ ရောက်သွားခဲ့ပြီ။

"ရှင်... မူးလာသလား"

"မမူးပါဖူး၊ နည်းနည်းလေးပါ"

ရေခဲက ဝင်မထိုင်ပဲ မတ်တပ်ရပ်နေ၏။

"အောက်မှာ မင်းသမီးနဲ့ တွေ့လိုက်တယ်"

သူ့စကားက အဓိပ္ပာယ်တစ်မျိုးပါနေသည်။ သရော်ချင်သလိုလို လှောင်ချင်သလိုလို။ ရေခဲက စူးရဲစွာ ကြည့်မိ၏။

"မင်းဆီလာတာတော့ မဖြစ်နိုင်ဖူး၊ ဟုတ်တယ် မဟုတ်လား"

အတတ်ပြောနိုင်သည်။

"ဒါကြောင့် ဝေဒနာမျက်လုံးတွေ ဖြစ်နေတာကိုး"

သူ့အပြောကို ရေခဲ ဖျတ်ဖျတ်လူးနာကျင်မိသည်။

တံမင်ထိုးနက်မှန်းသိလည်း နာသည်။

"ရော့"

သူလှမ်းပေးသော ပန်းစည်းကို မှန်စားပွဲပေါ်ချထားလိုက်၏။

"လမ်းဘေးကကောင်ကို ရွှေပုံပေါ်ဆွဲတင်တော့ မင်းရင်မောရမှာပေါ့၊ မင်းကျေးဇူးကို သူကနားလည်မှာလား"

"ဒါတွေ ရှင်နဲ့ မဆိုင်ဖူး"

"မင်းကို စော်ကားနေတာ ငါမကြည့်ရက်ဖူး"

ချစ်ထွန်းကြည့်ရတာ အရှိန်တက်လာပုံရသည်။ အသံက ကျယ်ချင် လာ၏။

"ဟိုမင်းသမီးကို ဒီကောင်ကြွေဆင်းနေပြီ"

"ဒီမှာ ရှင် မဆိုင်တာတွေ လျှောက်ပြောနေရင် ပြန်ပါတော့"

အော်ငိုပစ်ချင်လောက်အောင် ရေခဲ စိတ်ညစ်မိတော့သည်။

"မင်းကသာ ကိုးကွယ်နေတာ ဒီကောင်က လူပါးဝတယ်ကျော တယ်။ ငါမကျေနပ်ဖူး၊ နာမည်လေး မဖြစ်စလောက် ထွက်လာတာနဲ့


www.burmeseclassic.com

www.burmeseclassic.com


အောက်ခြေက လွတ်ချင်ပြီ"

"ချစ်ထွန်း... ရှင်ပြန်ရင်ကောင်းမယ်"

"မင်းကနာလား မင်းတို့မိန်းမတွေဟာ သိပ်ခက်ပါလား၊ မျက်စိရှေ့မှာ ဒီကောင့်ကို မင်းဘာလို့ အောက်ကျခံနေရတာလဲ၊ မင်းကို သေမတတ်ချစ်နေတဲ့ ငါ့ကိုတော့"

"တော်တော့... ရှင်ဆက်မပြောနဲ့တော့"

"မင်း... ငါ့ကို ပြန်အော်ရသလား"

ချစ်ထွန်းက ရေခဲရှေ့မှာ လာရပ်ပြီးမေးသည်။

"ဘာလဲ...မင်းလင်ကိုထိတော့ မင်းကနာလား ဟုတ်လား၊ မင်းတို့ ညား"

"ဖျန်း"

ရေခဲက တက်လာသောဒေါသကို မထိန်းနိုင်တော့ပဲ ချစ်ထွန်းပါးကို တအားရိုက်ချလိုက်သည်။

"ဟာ... မင်း... ငါ့ကို"

"ရှင်မှ အိမ်ပေါ်တက် စော်ကားရမ်းကားနေတာ နားလည်ရဲ့လား"

ရေခဲမျက်လုံးတွေက မီးဝင်းဝင်းတောက်နေသည်။ လူက ဒေါသနှင့် တဆတ်ဆတ်တုန်နေသည်။

"မင်း... မင်း... သိပ်လှပါးဝပါလား"

ချစ်ထွန်းက အခဲမကြေစွာပြောပြီး ရေခဲပုခုံးတွေကို ကြမ်းတမ်းစွာဆုပ်ကိုင်ပြီး ဆိုဖာပေါ်လှဲချဖို့ ကြိုးစား၏။

ပုစူးက မျက်လုံးအပြူးသားနှင့်ကြည့်ကာ အမုန်းကို ပြေးခေါ်သည်။ အမုန်းက ရေခဲကို "မျက်"နေမိတာမို့ ပုစူးလာခေါ်ပေမယ့် ခပ်ဖြည်းဖြည်းသာ လိုက်လာသည်။ အရေးမလုပ်ချင်။ ဖြစ်ချင်ရာ ဖြစ်ဟု ပစ်ထားလိုက်ချင်သည်။ သူ့ကို ကလေးတစ်ယောက်လို သဘောထားကာ သိပ်ဆရာလုပ်သည်။ အမိန့်ပေးသည်။ တခါတရံ သူ့စိတ်တွေ နောက်ကျိ ရှုပ်ထွေးလာရသည်။

"မြန်မြန်လာပါ ရန်ဖြစ်နေပြီ၊ မမရေခဲက ဟိုလူကို ရိုက်ပစ်လိုက်တာ အရမ်းဒေါသဖြစ်သွားပြီ"

www.burmeseclassic.com


ပုစုံးက ရေခဲအတွက် စိတ်ပူပြီး ရှင်းပြမှ သူ "ဟင်" ကနဲ ဖြစ်ရသည်။ အခြေအနေက အဲဒီလောက်တောင်ပဲလား။

အမုန်း တဖက်အခန်းကို ချက်ချင်းရောက်သွား၏။

မြင်ကွင်းက သိပ်မလှ။ သူ့မျက်လုံးတွေ ပြာဝေတက်ကုန်၏။

"တောက်"

ချစ်ထွန်းက သိပ်တရားလွန်းသည်။

ဝုန်းကနဲအနားရောက်ကာ ပုခုံးကိုဆွဲလှည့်ပြီး မေးရိုးကိုလက် သီးနှင့် ဆွဲထိုးပစ်လိုက်၏။ ချစ်ထွန်း လန်ကျသွားသည်။

သူ ရေခဲကိုအနိုင်ကျင့်သည်။

ရေခဲက ကမန်းကတန်း မတ်တတ်ထရပ်ပြီး အမုန်းဆီပြေးလာကာ နောက်မှာကွယ်ရပ်သည်။

"အခုထွက်သွားစမ်း အိမ်ပေါ်တက်ပြီး စော်ကားရဲတယ်၊ မင်းနာချင်လို့လား၊ နောက်တစ်ခါ ရေခဲကို ထိရဲထိကြည့်၊ ငါနဲ့တွေ့မယ်၊ အေး အခုလည်း သက်သာမယ်မထင်နဲ့၊ ဆိုင်ရာကို တိုင်မယ် မင်းလာရမ်းတာကို တိုင်ထားရမယ်၊ မင်းအုပ်ထိန်းသူဆီကိုလည်း တိုင်မယ်၊ ဒါမျိုးလာမလုပ်နဲ့၊ သေသွားမယ် သွားလေ"

အမုန်းအသံက ဟိန်းပြီးမာန်ပါ၏။ အနည်းငယ်လည်း တုန်ချင်နေသည်။ အသံလှိုင်းထကာ ရင်ထဲဗလောင်ဆူသွားတာကို ဖုံးဖိ မရ။

ချစ်ထွန်းက နီရဲသောမျက်လုံးများနှင့် မကျေမနပ်ကြည့်ကာ ထထွက်သွားသည်။ အမုန်းက တံခါးဆီလျှောက်သွားပြီး ဒိုင်းကနဲ ပိတ်ပစ်လိုက်ပါသည်။ လက်ကလေးနှစ်ဖက်ပိုက်ကာ ရေခဲငြိမ်နေ၏။

"မူးနေမှန်းသိရင် ဘာလို့ဖွင့်ပေးတာလဲ"

ရေခဲကို စိုးရိမ်မှုပိုကာ အပြစ်တင်မိသည်။ ရေခဲက တုပ်တုပ်မှ မလှုပ်။ ပြီးမှ "အင့်" ကနဲရှိုက်သည်။

စိတ်ထဲမှာ ရုတ်တရက် သိပ်အားငယ်သွားမိသည်။

"လုပ်ပြန်ပြီ၊ ဒါငိုစရာလား၊ ဒီလောက် မပျော့စမ်းပါနဲ့၊ လာ ထမင်းစားမယ်၊ ဒီလူ နောက်တစ်ခါ လာရဲလာကြည့် တွေ့မယ်"

ချစ်ထွန်းကို ကြောက်လည်းကြောက် လန့်လည်းလန့်မိလျက် အမုန်းနှင့်


www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်လျှင် အမုန်းအတွက် စိုးရိမ်သည်။

"ရန်မဖြစ်ပါနဲ့"

ထိတ်လန့်စွာတားမိသည်။ မလိုလားပါ။ အမုန်းကို ထိခိုက်မခံနိုင်။

"ဘယ်သူက ဖြစ်ချင်လို့လဲ၊ လူပါးဝလွန်းရင်တော့ ဖြစ်ရမှာပဲ"

အမုန်းက ရေခဲလက်ကို ဆတ်ကနဲဆွဲခေါ်သည်။

"ထားလိုက်တော့ ပြီးပြီ။ ထမင်းစားမယ်"

ထမင်းစားပွဲမှာ အတူတူထိုင်ဖြစ်ကြ၏။

"ပုစွန် မမအတွက် တစ်ရှူးပေပါဗူး ယူလာပေးလိုက်"

အမုန်းက သတိထားမိသည်။ မျက်ရည်တွေနှင့် မျက်နှာကလေးကိုကြည့်ကာ စိတ်ခုနေသမျှ လျှောကနဲပြေသည်။

အပြစ်လည်း မတင်ရက်တော့ပါ။

မခေါ်မပြောလည်း မနေနိုင်တော့။

ချစ်ထွန်းသာ ရောက်မလာလျှင် နောက်နေ့အထိ ပြန်ခေါ်ပါ့ မလားမသိနိုင်၊ ရေခဲလုပ်ပုံကို သူမှမကြိုက်ပဲ။

"သိပ်မိုက်ရိုင်းတာပဲ"

"ခင်ဗျား အရင်သွားရိုက်တာဆို"

ရေခဲက ပုစွန်ကိုလှမ်းကြည့်သည်။ အမုန်းကို ပြန်ပြောရကောင်းသားဟု မကျေနပ်တာ။

"လျှောက်မမဲနဲ့။ ဘာလို့ ကိုယ့်ဘက်ကစပြီး ကိုယ်ထိလက်ရောက်လုပ်ရတာလဲ၊ ဆင်ခြင်ပါ ရေခဲရယ်၊ ဟိုကယောကျ်ားလေး ရှက်ပြီးရမ်းရင်ခင်ဗျားပဲ ဒုက္ခရောက်မှာ"

"သည်းမခံနိုင်တော့လို့ပေါ့"

ဒေါ်သကရင်ထဲ ဘယ်လောက်အုံကြွနေသလဲဆိုတာ ဖွန်းခရင်းကိုနှိုးကနဲစောင့်ချမိသည်။ ချစ်ထွန်းကို ဘာမှမတုံ့ပြန်လိုက်ရတော့ အခဲမကြေ။ အမုန့်ကြိတ်ပစ်ချင်သည်။ အရေခွံဆုတ်ပစ်ချင်သည်။

ရေခဲကို စော်ကားချင်တာ နှစ်ခါရှိပြီ၊ ငုံခံမနေချင်တော့ပါ။

"ဖေဖေ့ကိုပြောမယ်၊ ဒေါ်ကြေသီကိုလည်း ပြောရမယ်"

"ကောင်းတယ် နောက်ဘစ်ခါ မလာရဲအောင် လုပ်မှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တက်ညီလက်ညီ တိုင်ပင်နေမိပြီး မပြေမလည်ဖြစ်ခဲ့တာကို နှစ်ယောက်စလုံး မေ့သွားတော့သည်။

ပုစွန်းက ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေပြီး အခြေအနေကောင်းပြီ ဆိုမှ ဝရန်တာထွက်လာခဲ့၏။

အခုတလော ရေခဲက အမုန်းကို အလိုလိုနေရင်း ကြည့်မရဖြစ်ကာ ရန်ဖြစ်ချင်မိပါသည်။

"လူတိုင်း လူတိုင်းက ကိုယ့်လိုမဟုတ်ဖူး၊ တချို့တွေက ယုတ်ညံ့တဲ့စိတ်ရှိတယ်၊ ရေခဲ ဘာပဲဖြစ်ဖြစ် သတိထားပါ၊ သူ့စိတ် ထဲမှာ ဒါကိုခံချင်မှာမဟုတ်ဖူး"

"နောက်တစ်ခါဆို ရေခဲကလည်း သူ့ကိုတွေ့တာနဲ့ ကောက်ရိုက်ပြီးသားပဲ၊ သည်းခံနိုင်စွမ်း ကုန်သွားပြီ"

"ဒါဆိုလည်း ကျွန်တော်တို့ အလွန်မဖြစ်ရအောင် ရေခဲလုပ်စရာရှိတာ လုပ်ထားအုံး ကြားလား"

အမုန်းက ရေခဲအတွက် စိတ်ပူသည်။

ဘာပဲဖြစ်ဖြစ် ရေခဲက သူ့အတွက် နံပါတ်တစ်ပါ။

"အမုန်း"

"ဟင်"

"အမုန်းလည်း ဒေါသလျှော့ပါနော်၊ တခုခုဖြစ်သွားရင် ရေခဲ ရင်ကွဲရမှာ၊ အမုန်းက မင်းသား၊ အမုန်းကို ဘယ်လို အဖြစ်ဆိုးမှ မကြုံစေချင်ဖူးသိလား"

"အင်း ခင်ဗျားနှိပ်စက်တာခံဖို့ အသက်ရှည်ရှည် နေရအုံးမှာ ပေါ့"ဟု ရယ်သံတစ်ဝက်နှင့်စသည်။

အမုန်းရယ်...

ရေခဲရင်ထဲမှာ တကယ်ပဲ စိုးရိမ်နေမိတယ်ဆိုတာ ရှင်ယုံရဲ့လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



ရေခဲက အမုန်းကို မသိမသာအကဲခတ်နေသည်။

သတိထားမိတာ လေးငါးဆယ်ရက် မကတော့ပါ။

ခါတိုင်းဆို ဟဲန်းဖုန်းက ရေခဲနေသော သည်ဘက်ခန်းမှာ ဖြစ်ဖြစ် အမုန်းနေသော ဟိုဘက်ခန်းမှာဖြစ်ဖြစ် ရှိတတ်ပါသည်။

အခုတလောမှာတော့ ညဘက်ဆို အမုန်းက ဟဲန်းဖုန်းယူသွားတတ်ပါသည်။ ရေခဲကမြင်ပေမယ့် အမှတ်တမဲ့ပဲ နေခဲ့သည်။

သည်အကြောင်းအရာကို ထိုင်လည်း တွေးမနေအားပါ။ ကိုယ့်မှာက အလုပ်ကိစ္စတွေ တောင်လိုပုံနေသည်။ နားနားနေနေ နေရတဲ့ရက်ကို မရှိပါ၊ အမုန်းလည်း ရေခဲလိုပါပဲ၊ မအားရရှာ။

နှစ်ယောက်စလုံး သဲကြီးမဲကြီး စိတ်တူကိုယ်တူ ကြိုးစားနေကြတာပဲမို့ နှစ်ယောက်စလုံးကျေနပ်ပါသည်။

အမုန်းက သိသိသာသာပင် ဟဲန်းဖုန်းကိုသတိတရ ကောက်ယူထားတတ်သောအခါ ရေခဲ အမှတ်တမဲ့ကနေ မှတ်မှတ်မိမိဖြစ်ရတော့သည်။ သူက ညဖက်ဆို ဖုန်းကို ဘာလို့တကူးတက ယူယူထားရတာလဲ။

ရေခဲ စဉ်းစားလို့မရ။

တစ်ယောက်ယောက်နှင့် ဖုန်းပြောတာတော့ သေချာသည်။

ဖုန်းပြောခွင့်ကို ရေခဲက ပိတ်ပင်ထားဖူးသလား။

ဟင့်အင်း... လွတ်လပ်စွာ ဖုန်းပြောခွင့်ပေးထားသည်။

လူတစ်ယောက်ကို ရေခဲ အနိုင်ကျင့် မခြယ်လှယ်တတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com


သူ့ဆန္ဒနှင့်သူ ကိုယ့်ဆန္ဒနှင့်ကိုယ်။

အရာရာကို ကိုယ်ဖြစ်စေချင်သလို ဖွတ်ဖန်တီး မယူချင်ပါ။

ဘယ်သူ့ဖန်းပဲဖြစ်ဖြစ် ဘယ်အချိန်ပဲဖြစ်ဖြစ် လှမ်းခေါ်ပေးလိုက်တာပါပဲ။ ဖုန်းကလည်း အလုပ်ကိစ္စတွေ အဆင်ပြေအောင် အလွယ်တကူ သူ့ကို ဆက်သွယ်လို့ရအောင် ပေးထားခဲ့တာပါပဲ။

မမေ့မလျော့ ကောက်ယူတတ်သောအခါမှာတော့ ရေခဲခေါင်းထဲ ထိုအကြောင်းအရာ ရောက်လာသည်။

အမုန်းကို ဘာမှမမေးဖြစ်ပါ။

သူလည်း နာမည်ရသင့်သလောက် ရခဲ့ပြီ။

မနက်ဖြန်တောင် ကြော်ငြာတစ်ခု လက်ခံထားသေးသည်။

သူ့ဘဝကို သူ့ဆုံးဖြတ်ချက်နှင့် လွတ်လပ်စွာ ရပ်တည်စေချင်ပါသည်။ အမုန်းက ရေခဲကို ဘယ်လိုယူဆထားသည်မသိ၊ ရေခဲကတော့ ကိုယ်တင်လိုက်သည့်မင်းသားတစ်လက် နာမည်ရအောင် မြင်သွားတာကိုပဲ သိပ်ကျေနပ်မိပါသည်။

သည်ညနေတော့ ရေခဲက အမုန်းစိတ်ကို သိချင်တာမို့ ဟဲင်းန်း ဖုန်းလေးကို ပိုက်ဆံအိတ်ထဲထည့်ကာ ကိုယ့်အခန်းဘက် ယူလာခဲ့သည်။

အမုန်းက တစ်ချက်ကြည့်ပြီး ဘာမှမပြောပါ။

ရေခဲလည်း သူတောင်းမလားဟု စောင့်ကြည့်နေမိသေးတာ အခန်းထဲရောက်တော့ စားပွဲပေါ်တင်ထားလိုက်သည်။

ညမိုးချုပ်သည်အထိ ဖုန်းခေါ်သံလည်း မကြားရပါ။

ရေခဲပဲ သံသယကြီးမိတာလား။

ကိုယ့်အဖြစ်ကို ပြုံးမိသည်။

သို့သော်...

* * *


www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ရာဝင်ဖို့ သွားတိုက်နေတုန်းမှာ ဖုန်းမြည်သံကို ကြားရ၏။ ရေခဲချက်ချင်းပဲ ရောက်သွားကာ ကောက်ယူနားစွင့်မိသည်။

"အမုန်း... အဟင်း... တို့ဦးသွားပြီနော်၊ ဘယ်ရမလဲ၊ ကဲ ဘယ်သူ အရင်ခေါ်သလဲ၊ ပြိုင်မယ်ဆို သီရိက အရင်သတိထားရတာ ယုံပြီလား၊ မုန့်ကျွေးရမယ် အမုန်း"

သည်အသံကို ရေခဲ ကောင်းကောင်းသိပါသည်။

မင်းသမီးရဲ့အသံ လုံးဝမလွဲနိုင်။

လောလောဆယ်မှာ သူတို့ချင်း ကားရိုက်နေတာလည်းမရှိ။ ဟိုတလော တုန်းက အိမ်လည်လာပြီး ရေခဲနှင့်အမုန်း စကားများရသေးတာ။ သူတို့ချင်း အဆက်အသွယ် မပြတ်ပါလား။

အမုန်းက ညညဆို ထိုမင်းသမီးနှင့် ဖုန်းပြောသတဲ့လား။

"အမုန်း... ဘာလဲ မနေ့ညက အကြာကြီးမပြောလို့ စိတ်ဆိုး နေတာလား။ တိတ်... မနေနဲ့ကွာ၊ စကားပြောပါအုံး"

သီရိက "အမုန်း" လို့ပဲ အပိုင်တွက်ထားတာ။ အမြဲတမ်းလည်း ဖုန်းကို အမုန်းက ယူထားခဲ့တာကိုး။

"အမုန်း မဟုတ်ပါဘူး၊ ဖုန်းက မမအခန်းဘက် ရောက်နေတယ်၊ အမုန်း အိပ်နေပြီ"

"ဟင်"

တဖက်က အသံလေး ချက်ချင်းတိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com


"ဆောရီးနော် မမ"

သူဖုန်းချသွားပေမယ့် ရေခဲက ငြိမ်နေမိသည်။ ဟဲင်းန်းဖုန်းကို စားပွဲပေါ်ပြန်တင်ထားလိုက်သည်။

အမုန်းရယ်...

စိတ်ထဲမှာ အင်မတန်ထိခိုက်သွားသည်။

ခေါင်းငုံ့ချပြီး ကြမ်းပြင်ကို စူးစိုက်ကြည့်နေမိသည်။

ရေခဲက... ရေခဲက... သိပ်ဆိုးနေပြီလား။

ရေခဲ ဘာတွေမှားလို့လဲ။

နေရာတကာ လိုက်ပိတ်ပင် ချုပ်ခြယ်အနိုင်ကျင့်သူလို့ ဘယ်အချိန်ကတည်းက သတ်မှတ်လိုက်တာလဲ။

အမုန်းအတွက် ရေခဲထက် အရေးကြီးတဲ့ အရေးပါတဲ့ ကောင်မလေး ဘယ်အချိန်ကတည်းက ရှိသွားခဲ့တာလဲ။

ရေခဲကို ဘေးဖယ်ထားခဲ့တာ ဘယ်လောက်ကြာပြီလဲ။

မျက်ရည်က ကြမ်းပြင်ပေါ် တပေါက်ပေါက်ကျသည်။

နှုတ်ခမ်းကို သွားနှင့်ဖိကိုက်သည်။

ဖုန်းခိုးပြောရလောက်အောင် ရေခဲက မုန်းစရာကောင်းနေပြီလား။

ရေခဲကို ဘယ်လိုနေရာမျိုး ပို့လိုက်တာလဲ။

ဖြေလို့ကိုမရ။ ရင်ထဲမှာ ပူကနဲ ဟာကနဲနှင့် ကြေကွဲမဆုံး။

မျက်ရည်တွေ သုတ်ပစ်ပြီး အိပ်ရာပေါ် တက်ခွေနေမိသည်။

စားပွဲပေါ်က ဟဲင်းန်းဖုန်းလေးကို လှည့်ကြည့်မိပါသည်။

တနေ့နေ့မှာ ရေခဲ ရင်ကွဲနာကျ ကျန်ရစ်ရတော့မှာလား။

ရေခဲနှင့် အမုန်း တစတစ ဝေးသွားတော့မှာလား။

ရေခဲကို အလုပ်မှာသာ ရင်းနှီးကျွမ်းဝင် ဆက်ဆံနေရသူလို့များ သဘောထားလိုက်ပြီလားဟင်။

ဆန္ဒက ရင်ထဲမှာ နှစ်ခုရှိတာပါ။

ပထမတစ်ခုက အမုန်းက အောင်မြင်တဲမင်းသား၊ ရေခဲက အောင်မြင်တဲ့ ဒါရိုက်တာ။

နောက်တစ်ခုက အမုန်းကို တစ်သက်လုံးချစ်သွားဖို့။



www.burmeseclassic.com

www.burmeseclassic.com


ပထမဆန္ဒကတော့ ပြည့်သလောက်ရှိပါပြီ။ အောင်မြင်ရေးလမ်းကြောင်းပေါ် ခြေချနိုင်ခဲ့ပြီပဲ။

ဒါပေမယ့် ဒုတိယဆန္ဒ။

အဲဒီ ဒုတိယဆန္ဒက ပြည့်ပါ့မလား။

ပထမဆန္ဒက ယာယီဆန္ဒပါ။

တစ်ဘဝလုံးနှင့် မဆိုင်ပါဖူး။ ဒုတိယဆန္ဒက တစ်ဘဝလုံးအတွက် အမြဲတမ်းအတွက် စဉ်းစားဆုံးဖြတ်ထားတာ။

ခုတော့ အမုန်းရယ်...

လက်ရှိအခြေအနေကို ရင်နာနာနှင့် လက်သင့်မခံနိုင်သေးပါ။

အမုန်းကို ရေခဲ ဘဝထဲက ဘယ်သူမှ ဆွဲထုတ်မသွားပါနဲ့ဟု တလောကလုံးကို တောင်းပန်ချင်သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


အမုန်းက နိုးနေပေမယ့် အိပ်ရာထက်က မထသေးပဲ နဖူးပေါ်လက်တင် ငြိမ်နေမိသည်။

ညက သီရိဖုန်းဆက်ဖြစ်သလား။

ဖုန်းဆက်ဖြစ်ရင်တော့ ရေခဲနှင့်တိုးမှာ သေချာသည်။

ဘယ်သူနှင့် ဖုန်းပြောသလဲဟု သိချင်စိတ်နှင့် တမင်ယူသွားမှတော့ ကြားပစေပေါ့။ သူ့ဂရုမစိုက်ချင်တော့ပါ။

ရေခဲအပေါ် အမြင်မကြည်လင်ချင်တော့ပါ။

နေရာတကာ သိပ်ပြီးအမိန့်ပေးလွန်းသည်။

သူက ကလေးပေါက်စနလေးလား။

သီရိနှင့် ဖုန်းပြောတော့ ဘာဖြစ်လဲ။ ဘာလို့ ရေခဲကိုကြောက်ရမှာလဲ။ ခိုးဝှက်ဆက်သွယ်နေတာလည်း မဟုတ်ပါ။

သည်လောက်တောင်သိချင်နေတာ၊ ကဲ...သိတော့ရောဘာ တတ်နိုင်သေးလဲ။

နည်းနည်းကို တရားလွန်သည်။

စည်းဘောင်ကျော်ပြီး ဇွက်ဖက်ချင်သည်။

ချစ်လို့ သနားလို့ လိုက်လျောတာကို အခွင့်အရေးယူပြီး ခေါင်းပေါ်တက်ချင်သည်။ ရောင့်တက်သည်။

တော်ပြီ။

သည်နေ့ကစပြီး ပြတ်ပြတ်သားသားပဲ ဆက်ဆံတော့မည်။

အမုန်းယတိပြတ် တွေးထားလိုက်၏။

တံခါးခေါက်သံ တိုးတိုးကြားရသည်။

"ဘယ်သူလဲ"

"ပွစုပါ"

"ဘာလဲ"

"နံနက်စာ အဆင်သင့်ဖြစ်ပြီ"

"အေး... လာမယ်"

အမုန်းက ရေချိုးအဝတ်စားလဲပြီး ရေခဲတို့အခန်းဘက် ထွက်လာခဲ့၏။

ရေခဲက သူ့ကို မော့မကြည့်ပဲ ကော်ဖီသောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


ရှိနေတာကတော့ တစ်စားပွဲတည်းပါပဲ။ မျက်နှာချင်းဆိုင်။ သို့ပေမယ့် တစ်ကမ္ဘာစီ ဝေးသွားသလို ခံစားရသည်။

ရန်တွေ့တော့မှာပဲ၊ စကားနာထိုးတော့မှာပဲ၊ ဖူညံဖူညံဖြစ်ရ အုံးတော့မယ်ဟု ပြင်ဆင်လာခဲ့သော အမုန်းက ရေခဲအပြုအမူ ကြောင့် မျက်မှောင်ကုတ်နှင့် နားမလည်။

သီရိညက ဖုန်းမဆက်ဖြစ်လို့များ။

မဖြစ်နိုင်ပါ။ ညက ဘယ်ကဖုန်းမှ ဝင်မလာလျှင် သူ့ကိုရေခဲက စောင့်ကြည့်ပြီးပြန်နှုတ်ဆက် စကားဆိုမှာပေါ့။

အမုန်း ရေခဲကို ဆက်ကြည့်မနေတော့ပဲ ကော်ဖီသောက်သည်။ ရေခဲက သူ့ကို မကြည့်ပဲနှင့်။

"ဒီနေ့ ကြော်ငြာရိုက်ရမှာ၊ အားလုံး အဆင်သင့်ပဲ၊ ပူစူး ဒါတွေ ကားထဲသွားထည့်။ ဖြည်းဖြည်းလုပ်နော်၊ ရေခဲကိစ္စတစ်ခုရှိလို့ မလိုက်တော့ဘူး၊ ၃၅လမ်းလည်း ခဏဝင်ရမယ်၊ အမုန်းပဲ သွားလိုက် တော့"

ရေခဲက ဟဲင်းန်းဖုန်းနှင့် ကားသော့ကို စားပွဲပေါ်ချပေးသည်။

"ဩော် ပူစူး ကားတံခါးပိတ်ထားသေးတယ် အမုန်းဆင်းမှ လိုက်သွား မုန့်သွားစားလေ"

ရေခဲက မှာစရာရှိတာ မှာပြီးသလို စားပွဲကထသည်။

"ပူစူး နေ့လည်စာ ငါဝယ်လာမယ်နော်"

"ဟုတ်ကဲ့မမ"

ရေခဲကလှည့်ထွက်သွားသည်။ အမုန်းက ရေခဲကို လိုက်ကြည့်ရင်း–

"ရေခဲ ဘယ်သွားစရာရှိလို့လဲ"ဟု လှမ်းမေးမိသည်။

"သူငယ်ချင်း တစ်ယောက်ဆီပါ၊ ဘဏ်လည်း ဝင်ရမယ်၊ ၃၅ လမ်း လည်းခဏသွားမယ်၊ စောစောက ပြောသားပဲ"

အမုန်းကိုလှည့်မကြည့်ပဲ ဟန်မပျက် ကြိုးစားပြောလိုက်သည်။

ဒါ အစွမ်းကုန်ပါပဲ။

သည်လောက်ပဲ ရေခဲ ဘာမှမဖြစ်သလို ဟန်ဆောင်နိုင်တာ လက်ကုန်ပါပဲ၊ သည်ထက် မတတ်နိုင်တော့ပါ။

အမုန်းက လက်မလျှော့သေးပဲ–


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို အရင်ဝင်မှာလဲ လိုက်ပို့ခဲ့မယ်"ဟု ဆက်လာသေး၏။ ရေခဲ ခေါင်းရမ်းသည်။

"ရတယ် မလိုပါဘူး"

အခန့်ထဲဝင်ပြီး အဝတ်အစားလဲတုန်းမှာလဲ ရေခဲဖုန်းဆက်ထားသောညည့်သည်က ကားနှင့်လာခေါ်ပါသည်။

အောက်ကနေ ခေါင်းလောင်းကြိုးဆွဲသောအခါ ပူစူးကိုပဲ လှမ်းအော်ရသည်။

"ပူစူးရေ ဆင်းလာပြီလို့ ပြောထားပါအုံးဟယ်"

"ဟုတ်ကဲ့ မမ"

စားပွဲမှာ ထိုင်နေသောအမုန်းကိုဖြတ်ကာ ဖိနပ်စင်လေးဆီ လျှောက်သွားရျက် ပူစူးကို ထပ်မှာသည်။

"ပူစူး ခြင်းအနီကို ယူဖို့မေ့မယ်နော်၊ ကော်ဖီနဲ့မုန့်က အဲဒီ အထဲမှာ ကျန်ခဲ့အုံးမယ် သေချာသယ်ပေး၊ လှေခါးမှာ ပျာယာခတ် မနေနဲ့"

"ဟုတ်ကဲ့"

ရေခဲက ပိုက်ဆံအိတ်ထဲက မျက်မှန်အနက်ကလေး ထုတ်တပ်သည်။ အမုန်းဘက်ကို လုံးဝမကြည့်။

"ရေခဲ"

အမုန်းက ဝုန်းကနဲ ရေခဲရှေ့ရောက်သွားမိသည်။

"ဘာလဲဟင်"

"ပြောစရာရှိတယ်"

"နောက်မှပြောပါ အောက်မှာ ညည့်သည်စောင့်နေပြီ"

အမုန်းက ချက်ချင်းလက်ခံပြီး ကားသော့နှင့် ဟင်းနံဖုန်းကို စားပွဲပေါ်က သွားကောက်ပြီး ရေခဲလက်ထဲထည့်ပေးသည်။

"ကျွန်တော် တက်စီနဲ့သွားမယ် ရတယ်"

"မဟုတ်တာပဲ"

"ဘာမဟုတ်တာလဲ"

"အမုန်းက မင်းသားဖြစ်နေပြီဟာ ဒါတွေလိုတာပေါ့။ ရေခဲက ကိစ္စမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


အမုန်းက ရေခဲကို အေးစက်စက်ကြည့်သည်။ ရေခဲနှလုံး သားတွေ တစ်ခုခုနှင့် ပြင်းစွာဆောင့်မိသလို အောင့်တက်နာကျင် လာရသည်။

"ဒီနေ့ ကားတစ်စီးဝယ်ဖို့ ကျွန်တော်ပြောထားပြီးပြီ"

"ဟုတ်လား ကောင်းတာပေါ့"

ရေခဲက ဝမ်းသာအားရဆိုသည်။

"ရော့ ရေခဲပဲကားယူသွား"

"မလိုဘူးလေ အောက်မှာကားကြုံရှိနေပြီပဲ"

အမုန်းက ရေခဲကိုဆက်မပြောတော့ပဲ လှည့်ထွက်သွားသည်။

အမုန်းရယ် ...

ရေခဲကလည်း မိုဘိုင်းဖုန်းဝယ်ဖို့ ချိန်းထားခဲ့တာပါ။ ပြီးတော့ အမုန်းရသင့်ရထိုက်တဲ့ ပိုက်ဆံတွေလည်း ရှင်းပေးမလို့ပါ။

တခြားကုမ္ပဏီတွေနှင့် ပြတ်ပြတ်သားသားလုပ်ပေမယ့် ရေခဲ ဆီကတော့ အမုန်းက ခုထက်ထိ ဘာမှမတောင်းဆိုသေးဘူး မဟုတ် လား။ ရေခဲသိပါပြီ။ အားလုံးရှင်းရှင်းလင်းလင်း ဖြစ်စေရမှာပါ။

လောလောဆယ်ရှိနေတဲ့ ဟဲင်းန်ဖုန်းကိုတော့ အမုန်းပဲ သီးသီးသန့်သန့် ယူထားသင့်ပါပြီ။

* * *


www.burmeseclassic.com

www.burmeseclassic.com



အမုန်းက အောက်မှာရပ်ထားသော ကားအသစ်ကလေးကို ဝရန်တာကနေ ငုံ့ကြည့်သည်။

သူ့ဘဝက တကယ်ပဲရေခဲကြောင့် ပြောင်းလဲသွားခဲ့ပြီ။ ကားတစ်စီးကို အလွယ်တကူ ဝယ်နိုင်ပါပြီ။

ရေခဲရော သူ့စိတ်ကြိုက်ဝယ်လာသောကားကို ကြိုက်ပါ့မလား။ သူက စောစောပြန်ရောက်ပေမယ့် ရေခဲက ပြန်ရောက်မလာသေးပါ။

သူ့ဆီဖုန်းလည်းမဆက်။ ရိုက်ကွင်းကိုလည်း ရောက်မလာ။ အမြဲ အနားမှာ ရှိနေတတ်တာမို့ မရှိတော့ နေတောင်မနေတတ်ပါ။

ရေခဲရယ် ...

အမုန်း မှားသွားသလား။

ရေခဲမနှစ်သက်သော အလုပ်တစ်ခုကို ခိုးလုပ်ခဲ့ပြီး ရေခဲသိချင်လည်း သိပါစေကွာဟု ပစ်စလက်ခတ်လုပ်ခဲ့သည်။ ဂရုမစိုက်သည့် သဘော၊ ထည့်မတွက်သည့်သဘော။ အရေးမထားသည့်သဘော။

သူ့စိတ်ထဲမှာ နောင်တနည်းနည်း ဝင်လာသည်။

ထိုအချိန်မှာပဲ ရေခဲပြန်ရောက်လာ၏။

ယှဉ်ရပ်ထားသော ကားနှစ်စီးကိုကြည့်ကာ သူဝယ်တာမှန်း သိပြီး အနားကပ်သွားကြည့်သည်။ ပြီးမှလှေခါးပေါ် တက်လာ၏။ အခန်းတံခါးကို အဆင်သင့် ဖွင့်ထားမိသည်။ ရေခဲတို့နေသောအခန်း ဘက်မှာ သူလာ စောင့်နေမိတာ ပုစူးက မီးဖိုထဲမှာ ဘာလုပ်နေသည် မသိ။

www.burmeseclassic.com

ရေခဲကသူ့ကို ချိုမြိန်စွာပြုံးပြပြီး စားပွဲမှာသွားထိုင်သည်။ လက်ထဲက မိုဘိုင်းဖုန်းလေးကို စားပွဲပေါ်ချသည်။

အမုန်းက အံ့အားသင့်မိ၏။

ဘာမှမပြောပေမယ့် သူနားလည်သည်။ လက်ရှိသုံးနေတဲ့ ဟဲင်းန်ဖုန်းကို သူ့ကို ပေးလိုက်တာ–

"ပူစူးရေ"

"လာပြီမမ"

"ရေဆာလိုက်တာ"

"ရမယ် မမ"

ပူစူးက ရေခဲရေတစ်ပုလင်း ထုတ်လာ၏။

"ဒီမှာ ညစာဝယ်လာတယ် ထမင်းချက်ထားတယ် မဟုတ် လား"

"ဟုတ်ကဲ့"

"ဒါတွေယူသွား ပန်းကန်ထဲသေချာထည့်"

ပူစူးက စကားနားထောင်သည်။

အမုန်းက ရေခဲရှေ့မှာ ဝင်ထိုင်၏။

ရေခဲက ပိုက်ဆံအိတ်ထဲက ဘဏ်စာအုပ်အသစ်ကလေး ထုတ်ပေးသည်။ အမုန်းကို လှမ်းပေးသည်။

"တစ်ခါတည်း ထည့်ပေးလိုက်တယ်"

သူက ရေခဲလှမ်းပေးသောစာအုပ်ကို တစ်ချက်လှန်ကြည့်ပြီး ပြန်ချထားလိုက်၏။

"စာရင်းတွေလည်း အကုန်လုပ်ထားပါတယ်" ဒါကစာရင်း စာရွက် အမုန်းကိုပေးရမယ့် ပိုက်ဆံအားလုံး ဘဏ်စာအုပ်ထဲထည့် လိုက်ပြီ"

ရေခဲက မျက်နှာကို တစ်ရှူးပေပါလေးနှင့် တို့ပြီးသုတ်သည်။

"ရေချိုးမယ်ကွာ"

တစ်ယောက်တည်း ပြောသလိုလို သူ့ကိုပြောသလိုလိုနှင့် ရေချိုးခန်း ထဲထွက်သွား၏။

"အမုန်းဆာပြီဆိုရင် ထမင်းချူးပေးလိုက်နော် ပူစူး"

မမေ့မလျော့ မှာလိုက်သေး၏။



www.burmeseclassic.com

အမုန်းက ဆိုဖာနောက်မှီကို ခေါင်းလှန်ချကာ သက်ပြင်းရှည်ကြီး ရှိုက်မိပါသည်။ ရင်ထဲမှာ နင့်နေသည်။

ခုလိုတွေဖြစ်လာအောင် သူ့မရည်ရွယ်ခဲ့ပါ။

သူလုပ်ခဲ့တာလည်း မဟုတ်ပါ။

ရေခဲသူ့ကို ရန်လုပ်ပြဿနာရှာမှာပဲဟုသာ တွေးမိသည်။

သည်လောက် ကြီးထွားနက်ရှိုင်းသွားမည်မထင်။

ရေခဲရယ် ...

ရန်တွေ့ပါလား။

မနာလိုဖြစ်ပါလား။

စိတ်ဆိုးပါလား။

စိတ်ကောက်ပါလား။

မခေါ်ပဲနေပါလား။

တားမြစ်ကန့်ကွက်ပါလား။

အမုန်းကိုထုရိုက်ပြီး ငိုချလိုက်ပါလား။

မျက်ရည်တွေနဲ့ အနိုင်ယူပါလား။

ပိုင်စိုးပိုင်နင်းပြောပြီး ဗိုလ်ကျလိုက်ပါလား။

နည်းလမ်းတွေ အများကြီးရှိပါတယ်။

လုပ်ပိုင်ခွင့်တွေ အများကြီးရှိပါတယ်ကွာ။

ဒါပေမယ့် ...

ဒါပေမယ့် ...

ဘာလို့ ကိုယ်အသည်းကွဲပြီး မချိန်မဆန့်ခံစားရမယ့် နည်းစနစ်ကို သုံးရတာလဲ။

ကိုယ်လဲပြို သေဆုံးသွားလောက်အောင် နာကျင်စေမယ့် နည်းစနစ်ကို တမင်ရွေးသုံးလိုက်တာလား။

ဘယ်လိုမှဖြေမရအောင် အသည်းခိုက် နာကျင်လူးလွန့်သွား အောင် မင်းလုပ်ရက်တယ်ကွာ။

နောင်တတွေနှင့် မွန်းကြပ်ပြီး အသက်ရှုရပ်သွားစေချင်တာ လား။

သူ့နှုတ်ခမ်းတွေစေ့ကာ စကားပင်မပြောနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပြောင်းဆန်သွားသည်။ ရေခဲ အမုအရာလေးက သူ့ကို သွေးပျက်တုန်လှုပ်သွားစေသည်။

"ထမင်းစားတော့မှာလား"

ပုစုးလာမေးတာကို သူမကြားပါ။

"ထမင်းစားတော့မှာလားလို့"

နှစ်ခါမေးပေမယ့် ပြန်မဖြေသောအခါ ပုစုးက ခြေဆောင့်ဝင်သွား၏။

သူသတိ‌ထားမိပါ။

တုန်လှုပ်ခြောက်ခြားမှုက ပတ်ဝန်းကျင်ကို အဆက်အသွယ် ပြတ်သွားစေသည်။ သတိလက်လွတ် ဖြစ်သွားစေသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com


တံခါးခေါက်သံဖွဖွကြောင့် ရေခဲက ဖျတ်ကနဲ မျက်လုံးပွင့် လာသည်။

ပုစွန်းက ကုတင်ဘေးအောက်ကြမ်းပြင်မှာ အိပ်ပျော်နေသည်။ တံခါးခေါက်သံက ညင်သာပေမယ့် အဆက်ပြတ်မသွား။

နိုးလည်း နိုးစေချင် လန့်သွားမှာလည်း မလိုလားသော တံခါးခေါက်သံ။

ခြုံထားသော စောင်လေးကို အသာဖယ်ကာ ခုတင်ပေါ်က ဆင်းလိုက်ပါသည်။ ဘောင်းဘီရှည်ကလေးနှင့် တွဲဝတ်ထားသော အင်္ကျီ ရှည်လေးကို ဆွဲဆန့်ချမိလျက် ဆံပင်တွေသပ်တင်သည်။

တံခါးဝကိုလျှောက်လာပြီး တိုးတိုးလေးမေးမိ၏။

"ဘယ်သူလဲ"

ညည့်စာရင်းလာစစ်တာတော့ မဖြစ်နိုင်ပါ။ ညည့်စာရင်းလာ စစ်လျှင် တခြားအိမ်တွေနိုးတာနှင့် အစောကြီးကတည်းက နိုးနေရော။

တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်ကျနေတာမို့ ညည့်စာရင်းစစ်တာတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။

သို့ပေမယ့် တံခါးကို ရမ်းသမ်းမဖွင့်ရဲ။

အမုန်းတစ်ခုခုများ ဖြစ်နေလို့လား။

"ဘယ်သူလဲ"

"အမုန်းပါ"

ဗလုံးဗထွေးပြောသံကို ကြားရသောအခါ ထိတ်ကနဲလန့်သွားသည်။

တံခါးကို ချက်ချင်းပဲ သော့ဖွင့် လှပ်ပေးလိုက်သည်။

အမုန်းက ပါးကိုလက်တစ်ဖက်နှင့်အုပ်ကာ ညည်းနေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အမုန်း"

ရေခဲက မျက်လုံးလေးဝိုင်းသွားလျက် မေးမိသည်။

"လာလေ အထဲဝင်ထိုင်"

အမုန်းက တအင်းအင်းနှင့်ညည်းညူကာ ခုံမှာသွားထိုင်သည်။

ရေခဲက တံခါးပြန်ပိတ်ပြီး သူ့အနားလျှောက်လာသည်။

"ဘာဖြစ်တာလဲဟင်"

"သွားကိုက်လို့ သေတော့မယ်"

အသံလုံးလုံးကြီးနှင့် ဆိုလာ၏။

"ဟင် ဟုတ်လား"

"ဘယ်လိုမှ အိပ်လို့မရဘူး အရမ်းနာတယ်၊ ရေခဲကိုနှိုးဖို့ အားနာနေသေးတာ မခံနိုင်တော့တာနဲ့"

"ကိစ္စမရှိပါဘူး အမုန်းရယ် အားနာစရာမှမဟုတ်ပဲ" ရေခဲကဓာတ်ဗူးထဲက ရေနွေးငှဲ့ထည့်၊ ရေအေးနှင့်အနေတော်ရောကာ ဆား ငံငံလေးထည့်ပြီး ယူလာပေးသည်။

သူပလုပ်ကျင်းဖို့ မီးဖိုဆောင်က ရေပုံးအဟောင်းတစ်လုံးပါ ချထားပေးလိုက်၏။

"ပလုပ်ကျင်းလိုက်လေ သက်သာမလားလို့"

အမုန်းက စကားနားထောင်သူလို ခေါင်းညှိမ့်ပြီး ဆားခပ်ထားသော ရေနွေးနွေးနှင့် ပလုပ်ကျင်းသည်။

"ဒီကောင် ခဏခဏဒုက္ခပေးတယ် အရေးတကြီးကိစ္စရှိရင် သူက ဖောက်လာရော မုန်းစရာကောင်းတဲ့ကောင်"

"ဟုတ်လား ဓာဓာက ဘာလို့မပြောလဲ သွားဆေးခန်း ခေါ်သွားပေးမှာပေါ့ အသိဆရာဝန်ရှိတယ်။ သိပ်တော်တာ စိတ်လည်း ရှည်တယ်။ သဘောလည်းကောင်းတယ်"

"အင်း ဒါဆိုသွားမယ်လေ"

"မနက်ဖြန်သွားတာပေါ့နော်"

"ပြီးတော့ ဖျားချင်သလိုပဲ ချမ်းနေတယ်"

"မနက်က ဆေးကြော်ငြာရိုက်တော့ မိုးစိုခံရတယ်မဟုတ် လား



www.burmeseclassic.com

www.burmeseclassic.com



အအေးမိသွားလို့ဖြစ်မှာပါ"

အမုန်းနဖူးကို ရေခဲက ဖွဖွလေးစမ်းကြည့်သည်။

"အားနာတယ် ရေခဲအိပ်ရေးပျက်ပြီ"

သူက ရေခဲကိုမော့ကြည့်ပြီး ပြောလာသည်။

သူ့မျက်လုံးများက အသက်ပါလွန်းသည်။ ထိုအကြည့်ကို ရေခဲဘဝမှာ မေ့ပျောက်လို့ရမှာမဟုတ်။ ရေခဲရင်ထဲအထိ စိုက်ဝင်သွားအောင် ကြည့်တတ်လိုက်တာ။

ဟိုတနေ့တုန်းက ပြဿနာတစ်ခုဖြစ်ထားခဲ့တာပင် မေ့သွားချင်တော့သည်။ သူ့ကို ရေခဲ စွဲနစ်နေအောင်ချစ်ရပါသည်။

သိရှိနှင့် ဖုန်းပြောတာကို ခွင့်မလွှတ်နိုင်တာက၊ ခွင့်မလွှတ်နိုင်တာသပ်သပ် ရင်ထဲရှိနေသော အချစ်က ရင်ထဲရှိနေတာသပ်သပ်။

အပြစ်တစ်ခုကို ခွင့်လွှတ်မပေးနိုင်တာမှန်သော်လည်း ရင်ထဲ ရှိနေသော အချစ်ကိုလည်း စွန့်ပစ်လို့မရသေးပါ။

သည်လိုနဲ့ပဲ အမုန်းကို တစ်သက်လုံးအလျှော့ပေးကာ ဘာမဆိုလိုက်လျောသွားရတော့မှာလားဟင်။

"ရေခဲ"

"ဟင်"

"အမုန်းကို စိတ်နာနေတာလားဟင်"

သူက တိုးတိုးဖွဖွ မေးလာသည်။

"ဘာလို့ စိတ်နာရမှာလဲ"

မသိသလို ပြန်မေးမိပါသည်။

"အမုန်း ဖုန်းပြောတဲ့ကိစ္စ"

ရေခဲနှုတ်ခမ်းလေးတွေ မဲ့သွား၏။

"အဲဒါ ရေခဲနဲ့ မဆိုင်ပါဘူး"

အမုန်းက ရေခဲကို စိုက်ကြည့်နေသည်။

နှစ်ယောက်စလုံး စကားမဆိုမိကြပါ။

"အမုန်းမှားသွားတယ် အနူးအညွတ်တောင်းပန်ပါတယ်"

ရေခဲက ဆတ်ကနဲမျက်လွှာချသည်။ စိုစွတ်လာသော မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



မမြင်စေချင်ပါ။ ပြီးတော့ အဲဒီလောက်အထိ မပျော့ညံ့ချင်ပါ။

"မနက် ဆေးခန်းသွားမယ်နော် အလုပ်ကိစ္စတွေ နောက်မှ လုပ်တာပေါ့။ ဝေဒနာကိုအောင့်မခံနဲ့၊ ဆရာမြင့်ထိန်က မနက်ကိုးနာရီ ဆိုရောက်ရော"

"ဆေးခန်းက ဘယ်မှာလဲ"

"ဆရာစံလမ်းထဲက၊ ကုက္ကိုင်းရေကူးအသင်းရှိတယ်လေ"

"အင်း..."

"မနက်အထိတော့ ကြိတ်ခံနေပေတော့"

"နည်းနည်းသက်သာပါတယ် ဆာရေင့်လိုက်တော့"

အမုန်းက ရေခဲမျက်နှာလေးကို လွမ်းဆွတ်လှသလို အငမ်းမရ ကြည့်ကာနေမိပါသည်။ သူ့မျက်နှာကို မြင်ရတာကြောင့်လည်း နည်းနည်း နေသာသွားတာဖြစ်လိမ့်မည်။ ရင်ထဲမှာ အေးသွားသည် မဟုတ်လား။

သည်နေ့တနေ့လုံး ရေခဲက အနားမှာမရှိ။ မနေ့ကလည်းမရှိ။ ဟိုအရင် တစ်ရက်ကလည်းမရှိ။ သုံးရက်လောက်ပဲ မရှိခဲ့တာပါ။

"ရေခဲကိစ္စတွေ မပြီးသေးဘူးလား"

"ပြီးသလောက်တော့ရှိပါပြီ၊ ရုံးခန်းမှာထားဖို့ ကောင်မလေး နှစ်ယောက် ကောင်လေးတစ်လောက်လိုသလားလို့"

ရေခဲက သုံးဆယ့်ငါးလမ်းထဲမှာ အလုပ်အတွက် ရုံးခန်းလေးဖွင့်ခဲ့ပြီ။ အမုန်းနှင့်သာမဟုတ်လဲ တခြားမင်းသားတွေနှင့်လည်း ရိုက်ကူးဖို့ ပြင်ဆင် ရွေးခြယ်နေခဲ့ပြီ။ ဇာတ်လမ်းရွေးတာ၊ မင်းသား ရက်ချိန်းတောင်းတာနှင့် အလုပ်တွေရှုပ်လှသလို အမုန်းကလည်း ကြော်ငြာရိုက်တာနှင့်၊ တခြား ဒါရိုက်တာတွေနှင့် ရိုက်ရက်ရှိတာနှင့် တစ်ယောက် တစ်နေရာစီ ဖြစ်နေ ကြသည်။ အစဆို တစ်ယောက် တစ်နေရာဆိုဖြစ်နေလည်း ထမင်းအတူတူ စားဖြစ်သေးသည်။

ခုတော့ အလုပ်များတာကို အကြောင်းပြပြီး ရေခဲက အမုန်းဆီ ရောက်မလာတော့ပါ။ ရေခဲရင်ထဲမှာ သူ့အပေါ်ဖုထစ်နေတာ ရှိချာ သေးသည်။

"ဆေးခန်းကို လိုက်ပို့ပေးမှာ မဟုတ်လား"

"အင်းလေ ဆရာက ရေခဲနဲ့ခင်တယ်။ လိုက်ပို့ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲက သဘောရိုးကလေးနှင့် ခေါင်းညိတ်မိတာပါ။

အမုန်းကတော့ ဆေးခန်းသွားတာအကြောင်းပြုပြီး အရင်လို အခြေအနေလေး ပြန်တောင်းတ လိုချင်မိတာပါ။

အမုန်းစိတ်ကို ရေခဲသိမှသိရဲ့လား။

ကိုယ်တင်ခဲ့တဲ့ မင်းသားအဖြစ် လိုအပ်တာရှိလျှင် လိုက်လုပ် ပေးလိုက်မယ်ဆိုသည့် ဒါရိုက်တာစေတနာ သက်သက်ပဲလား။

ဈေးထဲမှာ ခင်မင်သိကျွမ်းခဲ့တဲ့ အမုန်းအတွက်ရော မစဉ်းစားတော့ဘူးလား။

ခွင့်မလွှတ်နိုင်တာလား ရေခဲရယ်။

နာကြည်းသွားပြီလား။

အမုန်းက ရေခဲလက်ဖျားလေးကို ဖျတ်ကနဲဆွဲယူပြီး ရင်ဘက်မှာကပ်ကာ ဖိထားမိသည်။

သူ့ရင်ထဲမှာ နှလုံးသားထဲမှာ ဘယ်လောက်စိုးထိတ် ပူပန်နေသလဲ သိစေချင်သည်။ ရေခဲနှင့်ဝေးသွားမှာ လိပ်ပြာလွင့်မတတ် ကြောက်နေသည်။ အေးစက်လာသော ဆက်ဆံရေးက သူ့ဘဝကို အဓိပ္ပာယ်မဲ့စေသည်။

ရေခဲက လက်ကလေးကိုမရုန်းပဲ ငြိမ်နေပါသည်။

"ကလေးကျနေတာပဲ သွားကိုက်တာပဲ နည်းနည်းပါးပါး အောင့်ခံတင်းထားမှပေါ့"

ရေခဲက အားပေးစကားဆိုသည်။

သွားကခုမှ ကိုက်တာပါ။ ရင်ထဲမှာ လွမ်းနာကျခဲ့တာက လေးငါးရက်ရှိခဲ့ရပါပြီ။

"ကဲပါ ဒီမှာပဲ အိပ်ချင်အိပ်လိုက်တော့ မိုးလင်းသွားမှာပါ။ မကြာပါဘူး သိပ်ကိုက်နေရင် အကိုက်အခဲပျောက်ဆေး ရှာပေးမယ်"

ရေခဲကသူ့အတွက် ဆေးသွားရှာသည်။ ဧည့်ခန်းမှာ ဒရင်း ဘက်စ်ချပေးပြီးမှ တစ်ဖက်အခန်းတံခါးကို သူပိတ်ခဲ့မှာ မဟုတ်တာ သတိထားမိသည်။

ဟင် ...

သူ့ဘက်လှည့်ကြည့်ကာ ပင့်သက်ရှိုက်မိသည်။

ခုလောက် ကလေးဆန်မှန်း မသိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

တဖက်ခန်းကို ရေခဲကူးသွားကာ ဟဲင်းနဲ့ဖုန်းနှင့် ကားသော့ ကိုယူလာပြီး တံခါးသော့ခတ်သည်။ ပြီးတော့ သည်ဘက်အခန်းပါ သော့ခတ်လိုက်၏။

"ဆေးလည်းသောက်ပြီးပြီ အိပ်လိုက်တော့"

အမုန်းက အိပ်ပါဆိုမှ မျက်လုံးဝိုင်းများနှင့် လှမ်းကြည့်နေသေး၏။

ရေခဲက ခပ်လှမ်းလှမ်းမှာ ခြေစုံရပ်နေသည်။

ဖြစ်နိုင်လျှင်တော့ သူ့အနားပြေးသွားကာ သူ့ရင်ခွင်ထဲဖွတ် တိုးဝင်ဖက်တွယ်ထားချင်တော့သည်။

အမုန်းကြောင့်သာ ရေခဲ ကြဲ့ကြဲ့ခံရပ်တည်ပြီး သည်အခြေအနေကို ရောက်ခဲ့ရတာမဟုတ်လား။

ရေခဲအတွက်တော့ အမုန်းဟာ နံပါတ်တစ်ပါပဲ။

* * *


www.burmeseclassic.com

www.burmeseclassic.com


အမုန်းကားနဲ့ သွားမယ်နော်”

အမုန်းက ရေခဲကို လှမ်းပြောပါသည်။

“အမုန်းမောင်းနိုင်လို့လား”

“မောင်းနိုင်ပါတယ်”

အမုန်းက ရိုက်ကွင်းကိုမလာဖြစ်တာ လှမ်းအကြောင်းကြားသည်။ ပြီးတော့ ဟဲင်းန်ဖုန်းကို စက်ပိတ်ကာ ထားခဲ့လိုက်၏။

အခုအချိန်မှာ ဖုန်းခဏခဏမြည်မှာမလိုလား သွားကလည်း ဒုက္ခလှလှလေးပေးနေသည်။

ရေခဲက အမုန်းကို လှမ်းကြည့်ပြီး ဘာမှမပြောဖြစ်ပါ။ တခါတလေလည်း သူလွှတ်လွှတ်လပ်လပ် နေချင်ပေလိမ့်မည်။

နေမကောင်းချိန်ဆိုတော့ ဖုန်းမြည်သံကိုလည်း ခဏခဏမကြားချင်ဘူးထင်ပါရဲ့။

“ဒီကား ရေခဲလိုက်မစီးရသေးဘူး”

သူ့စကားကြောင့် ဂျာကင်ဝတ်ထားသော သူ့မျက်နှာ နွမ်းနွမ်းကိုကြည့်မိသည်။ သည်လိုတော့လည်း မှတ်မှတ်မိမိရှိသားပဲ။ သူကားသစ်ဝယ်သည့်နေ့ကစလို့ စကားများ၊ အင်း စကားများတာလည်း မဟုတ်ပါဘူး မပြေမလည်ဖြစ်ခဲ့တာ။

အမုန်းက ရေခဲကို ကားတံခါးအဆင်သင့်ဖွင့်ပေးသည်။

ရေခဲရယ် ကိုယ့်ကိုသက်တောင့်သက်သာ ပြည့်ပြည့်ဝဝ ဖြစ်စေ


www.burmeseclassic.com

www.burmeseclassic.com

ချင်တာ မင်းရင်ထဲက စေတနာမှန်ဆိုတာ လုံးဝနားလည်သွားပါပြီ။

ရေခဲဘက်ကို တစ်ချက်ကြည့်ကာ မျက်လုံးနှင့် ကျေးဇူးတင်မိသည်။ အခုဆို အောင်မြင်မှုလား၊ ပိုက်ဆံလား၊ လူမှုဆက်ဆံရေး ဝင်ဆံမှုလား ဘာမှကိုမလို သွားလေရာမှာ မျက်နှာပွင့်ကာ အရေးပေး တာကိုခံရပြီ။

အမုန်းကို ရေခဲကလည်း မျက်လုံးလေးဝေ့ကြည့်၏။

သည်ကားလေးဟာ အမုန်းရဲ့လုပ်အားစစ်စစ်ပါ။ ရိုးရိုးသားသား ရှာဖွေကြိုးစားမှုပါ။

ရေခဲက ဘယ်လိုပဲတင်ပေးခဲ့တယ်ဆိုဆို အမုန်းကိုယ်တိုင်က ခွဲနဲ့ သတ္တိနဲ့၊ စိတ်ရှည်မှုနဲ့ တစိုက်မတ်မတ် ရုန်းကန်ကြိုးစားခဲ့လို့ပါ။ အခုဆို အမုန်းဘဝမှာ မပင်မပန်း ရပ်တည်နိုင်ခဲ့ပြီ။

အမုန်းအစွမ်းအစနဲ့ ဖြစ်လာခဲ့တဲ့ကားလေးကို စီးခွင့်ရတာ ရေခဲ ပျော်ပါတယ်၊ ကျေနပ်ပါတယ်။

တစ်ဘဝလုံးအတွက် ဘယ်သူ့ကိုပဲရွေးရွေး အမုန်းသဘောပါ။ သည်လောက်နဲ့ပဲ ရေခဲ ကျေနပ်ဂုဏ်ယူ ဖြေသိမ့်လိုက်ပါပြီ။

ဆေးခန်းရောက်သွားတော့ ဒေါက်တာမြင့်ထိန်က အမုန်း သွားကို သေချာစစ်ဆေးပေးသည်။ လိုအပ်တာလုပ်ပေးသည်။

ရေခဲထိုင်စောင့်နေမိသည်။ ဆေးခန်းမှာက အမုန်းကို မင်းသား အဖြစ်သိကြတော့ ရေခဲမျက်နှာလေးက အနည်းငယ် စူပုတ်ချင်မိသည်။

အမုန်းကလည်း ဒါကိုသိပါသည်။

အပြန်လမ်းမှာ ရေခဲက သိသိသာသာ တိတ်ဆိတ်နေသည်။

"အစတုန်းကလို မလွတ်လပ်တော့တာအမှန်ပဲ လမ်းဘေးဆိုင် လည်း ထိုင်လို့မရတော့ဘူး၊ သွားချင်ရာ လျှောက်သွားတော့လည်း အဆင်မပြေဘူး အဲ့ဒါကြောင့် နာမည်မကြီးချင်တာ အောင်မြင်ကျော် ကြားမှုအောက်မှာ စွန့်လွှတ်စတေးရတာတွေ အများကြီးပါကွာ"

သူ့စကားတွေကို နားထောင်ပြီး ရေခဲက ဘာမှပြန်မပြော ငြိမ်လို့သာနေမိသည်။ တစ်လမှာ သုံးလေးကြိမ်လောက်တော့ စိတ် ပျက်သွား ဆိုတတ်စမြဲပါ။

"အခုရေခဲနဲ့ လျှောက်သွားချင်တယ် ဖြစ်ပါ့မလားလို့ တွေးနေ


www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ အသံတွေထွက်လာမှာ ကြောက်နေရတယ်"

ရေခဲက သက်ပြင်းမောလေးရှိုက်သည်။

သူပြောတာတွေက ဟုတ်လည်းဟုတ်နေသည်။

ဘယ်သွားသွား ပရိသတ်တွေအုံလာကာ သူ့အတွက် မလွတ်လပ်ပါ။ ပရိသတ်ကသူ့ကို အဲဒီလောက်ချစ်ကြတာလည်း ဂုဏ်ယူ စရာပဲမဟုတ်လား။

သို့သော်ငြားလည်း သူလည်း လူပီသစွာ ပျော်ပါတစ်လေ လွတ်လွတ် လပ်လပ်ပျော်ချင်သည်။ သူ့ဆန္ဒကို ရေခဲနားလည်မိပါသည်။

"ရေခဲ"

"ဟင်"

"အမုန်းကို အရင်ကလိုပဲ ပြန်ဆက်ဆံပါ"

သူကပွင့်ပွင့်လင်းလင်းပဲ တောင်းဆိုလာသည်။ မျက်နှာက ခပ်ညှိုးညှိုး။

"ဘယ်လို ရေခဲက ဘာများပြောင်းလဲနေလို့လဲ"

အမုန်းက ခေါင်းရမ်းမိသည်။ စိတ်ထိခိုက်သောမျက်လုံးများ နှင့်–

"သိပါတယ် အမုန်းဘာကို ဆိုလိုချင်တယ်၊ ရေခဲနဲ့ အမုန်း ကြားမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ၊ ရေခဲ အမုန်းကို နားလည် ခွင့်လွှတ်ပါ၊ ရေခဲ စိတ်အနှောင့်အယှက်ဖြစ်မယ့်ကိစ္စကို နောက်ဆို ဆင်ခြင်ပါ့မယ်။ မလုပ်တော့ ပါဘူး"

ရေခဲက ကားကူရှင်ကို မှီချလိုက်၏။

ရင်ထဲမှာ ပျော်သလိုလို ငိုချင်သလိုလို။

အမုန်းမျက်နှာပေါ်က ခံစားမှုကိုမြင်ရသည်။

"ရှုတင်မှာ ရေခဲမရှိတော့ မပျော်ဘူး"

"တခြားကုမ္ပဏီနဲ့ ရိုက်တာပဲ အမြဲလိုက်လို့ မကောင်းပါဘူး၊ ရေခဲကလည်း သာမန် အပြင်ကကောင်မလေးမဟုတ်ဘူး"

"ဟုတ်ပါတယ် ဒါပေမယ့် ခဏလာလို့ရပါတယ်"

အမုန်းတောင်းဆိုပုံက အတင်းအကြပ်။

ရေခဲ မငြင်းရက်တော့ပါ၊ အစကတည်းက မနည်းတင်းထား ခဲ့တာ၊ ခေါင်းညှိမ့်ပြလိုက်သည်။ ညွတ်နေသော နှလုံးသားကို အရှုံး ပေးလိုက်ပါပြီ။

"သွားက သက်သာရဲ့လား"


www.burmeseclassic.com

www.burmeseclassic.com



"တော်တော် သက်သာသွားပြီ"

"ဒါပေမယ့် ပျောက်တဲ့အထိ လာရအုံးမှာနော်"

သူပေါ့ပေါ့ဆဆ နေမိမှာစိုးတာမို့ သတိပေးထား၏။

အမုန်းက ဆက်ကနဲ ခေါင်းညိတ်သည်။

မထင်မှတ်ပဲ ပြန်လည်ပြေလည်ခြင်းလမ်းကြောင်းကို ရှာတွေ့ခဲ့ပါသည်။ ဓာနတွေ သိက္ခာတွေလည်း တင်းမခံနိုင်။ ရေခဲသူ့ကို နာကျင်မုန်းမျက်သွားမှာ သိပ်ကြောက်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



အမုန်းက ရွှတင် (ရိုက်ကွင်း) နားချိန်မှာ ရေခဲဆီ ဖုန်းအကြိမ်ကြိမ်ခေါ်သည်။ ရေခဲဖုန်းက ခေါ်မရ။ သူ့ဆီလည်း လုံးဝရောက်မလာ။

ဒေါသတွေနှင့် သူ့မျက်နှာ တင်းမာလာသည်။

သီရိမွေးနေ့ကိုလည်း ညနေအတူတူ သွားချင်သည်။

စောစောကမှ သီရိကကပ်ပြီး ဖိတ်တာ။

"အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေလောက်ပဲ"ဟု ဆိုပါသည်။

နောက်တော့ အမုန်းအကြံဉာဏ်ရကာ သုံးဆယ့်ငါးလမ်းရုံးခန်းလေးကိုဆက်သည်။ ဖုန်းလာကိုင်တာ စံပယ်။

"စံပယ်လား အမုန်းပါ"

"ဟုတ်ကဲ့"

"ရေခဲဖုန်း လုံးဝခေါ်မရဘူး ရေခဲရှိလား"

"မရှိဘူး ကြော်ငြာသစ်တစ်ခုအတွက် မော်ဘီဖက်သွား နေတယ်"

"လာရင် ဘာပြောပေးရမလဲ"

"ဘယ်သူပါသွားးလဲ"

သူ ရေခဲအတွက် စိတ်ပူမိသည်။

"ခင်ခင်ရော သူရရော ပါသွားတယ်၊ စံပယ်ပဲ ဒီမှာကျန်ရစ် ခဲ့တာ"

"အေး အေး ပြီးရော"

အမုန်းစိတ်လျှော့လိုက်၏။ သီရိမွေးနေ့ကို ရွှတင်ကအပြန် တစ်ခါတည်းပဲ သွားရတော့မည်။ ရေခဲမှမရှိပဲ ဖုန်းလည်းခေါ်မရ။

သူ့မျက်နှာက အလိုမကျစွာ သုန်မှုန်နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com


"ဟက်လို စံပယ်လား ပြောလေ"

ရေခဲက အပြန်လမ်းမှာ စံပယ်ဆီက ဖုန်းလက်ခံရသည်။

"မမ"

"ဟင်"

"ကိုအမုန်း ဖုန်းဆက်တယ် ကိစ္စရှိပုံပဲ မမဖုန်းခေါ်မရလို့တဲ့"

"ဟုတ်လား"

"စံပယ်ပြောလိုက်ပါတယ် မှော်ဘီဘက်သွားနေတယ်လို့"

"အေး အေး ငါသူ့ဖုန်းခေါ်ကြည့်လိုက်မယ် ကျေးဇူးပဲနော်"

ရေခဲက အမုန်းဖုန်းကို စိတ်ရှည်ရှည်ခေါ်ပါသည်။

လုံးဝကိုမရ။ သက်ပြင်းမောကလေးနှင့် လက်လျှော့ရသည်။

အိမ်ပြန်ရောက်တော့ ညရှစ်နာရီကျော်ပြီ။ အမုန်းက ပြန် ရောက်ပုံမရ။ အမုန်းကားကို မတွေ့ပါ။

လှေခါးတက်လာပြီး ပုစူးကိုမေးသည်။ ပုစူးအဖြေမှာ အမောဆို့သွားရသည်။

"ပြန်မရောက်သေးဘူး မမ"တဲ့။

အမုန်းဘယ်သွားနေလဲ ဘာလို့ ဖုန်းထပ်မဆက်တာလဲ။

သူ့ဖုန်းကလည်း ခေါ်လို့မရ။

ရေခဲစိတ်ပူပြီး အမုန်းနှင့် လောလောဆယ်ရိုက်နေသော ဒါရိုက်တာဆီ ဖုန်းဆက်လိုက်၏။

မရေမရာနှင့် သီရိမွေးနေ့ပွဲသွားတာကို သတင်းပေးသည်။


www.burmeseclassic.com

 www.burmeseclassic.com 

"ဟုတ်လား ဘယ်မှာကျွေးတာလဲ"

"ရွှေအင်းယားလား၊ ရွှေရှမ်းကန်လား တစ်ခုခုပဲ"

"ကျေးဇူးပဲနော်"

ရေခဲက ဖုန်းဆက်ပြီးသောအခါ ဆွယ်တာအင်္ကျီလေး ကောက်ယူလျက် အောက်ကိုပြန်ဆင်းသည်။ ပြီးမှ တစ်ယောက်တည်း ဆိုတာကိုတွေးမိပြီး ပုစွန်းကိုအဖော်ခေါ်မိ၏။ ပုစွန်က အိပ်ချင်မူးတူးနှင့် ပါလာသည်။

"ကဲ ကဲ နောက်ခန်းမှာ အိပ်ပြီးလိုက်ခဲ့"

ရေခဲလည်း ခဏာပင် အနားမယူနိုင်။

အမုန်းကို စိတ်ပူသည်။ သူဘာလို့ဖုန်းဆက်တာလဲ သိချင် သည်။ ဆော်သေးတာက ရွှေရှမ်းကန်နှင့် ရွှေအင်းယာက လမ်းတစ်ခု ပေါ်မှာပဲရှိနေလို့။ အမုန်းရယ် ဖုန်းထပ်ဆက်ပါတော့လား။

ရေခဲကိုစိတ်ဆိုးသွားသလား။

ကားမောင်းလာရင်း အမုန်းအကြောင်းတွေ စဉ်းစားမိသည်။

သူ့ကိုစိတ်ဆိုးနေတာလည်း ပြေခဲ့ပါပြီ။

သည်နေ့ သူ့ဆီမသွားဖြစ်တာလည်း မအားလို့ပါ။

အလုပ်တွေက ရေခဲကို ဖိစီးထားသည်။

အမုန်းနှင့် အေးအေးလူလူရှိနေချိန်က သိပ်ကိုရှားသွားခဲ့ပြီ။

ရွှေရှမ်းကန်နှင့် ရွှေအင်းယားကို ရောက်သွားပေမယ့် အမုန်းကို မတွေ့။ ဘယ်သူမှလည်း ရှိမနေတော့ပါ။

ရေခဲရင်ထဲဟာပြီး မောသွားသည်။

ကားထဲပြန်ဝင်ထိုင်ပြီး ဘယ်လိုလုပ်ရမလဲဟု စဉ်းစားသည်။

အိမ်ပြန်ရောက်နေပြီလား ဒါမှမဟုတ် သီရိအိမ်ပဲရောက်နေ သလား။

သီရိအိမ်ကို ဝင်သွားလိုက်ဖို့ ရေခဲဆုံးဖြတ်လိုက်သည်။ ပုစွန်း ကတော့ ကားနောက်ခန်းမှာ အိပ်ပျော်လျက်နေပြီ။

ရေခဲ သီရိတို့အိမ်ဘက် မောင်းလာခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တံခါးဘဲလ်ကိုနှိပ်ကာ နာရီကိုကြည့်မိသည်။ ညကိုးနာရီ ကျော်လို့ ဆယ်နာရီပင် ရှိနေပြီ။

ရှုတင်ရှိနေလျှင် တစ်ခါတလေ မိုးချုပ်တတ်ပေမယ့် အလုပ်ကိစ္စ မရှိဘဲ အခုလို ညဉ့်နက်ချိန်အထိ အပြင်မှာမနေတတ်ခဲ့ပါ။

အမုန်း စည်းကမ်းပျက်ပြီလား။

ရေခဲနှင့် နီးနီးနေရတာ ငြီးငွေ့သွားပြီလား။ တံခါးလာဖွင့် တာက အဒေါ်ကြီးတစ်ယောက်။

"သီရိနဲ့တွေ့ချင်လို့"

လိုရင်းပဲပြောမိကာ ဧည့်ခန်းထဲ လှမ်းဝင်မိသောအခါ ဆိုဖာပေါ် အိပ်ပျော်နေသော အမုန်းကို တွေ့ရသည်။ ဂွမ်းစောင်တစ်ထည်ခြုံထား သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါရောလား။

ရေခဲဖြင့်ပူလိုက်ရတာ သေတော့မယ်။

သူအိပ်နေတာကို မနာလိုဖြစ်တာမဟုတ်ဘဲ ရင်ဆိုင်လိုက်ရသော အခြေအနေကို ခါးသီးလှသည်။

သူများအိမ်မှာ စိတ်အေးလက်အေး အိပ်ပျော်နေနိုင်သူ။

ရေခဲစိတ်ပူနေမလားဟု ညှာတာစွာ တွေးမပေးတတ်သူ။

ထိုသူ့ကို ရေခဲချစ်သင့်ရဲ့လား စိတ်ပူသင့်ရဲ့လား။

သီရိက ချက်ချင်းပဲဧည့်ခန်းထဲ ရောက်လာသည်။

ရေခဲကိုမြင်တော့ အံ့အားသင့် အားနာပြုံးကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"မမ အမုန်းကိုလာခေါ်တာလား သူ့အိပ်ပျော်နေပြီ နှိုးလိုက်ရမလားဟင် သူ့နည်းနည်းမူးသွားတော့ ကားမမောင်းနိုင်တော့တာနဲ့ သိရိပဲခေါ်လာရတာ"

ရေခဲမျက်နှာလေးက ဖြူဖတ်ဖြူရော်နှင့် လေသံသဲ့သဲ့ပဲ ထွက်လာသည်။

"နေပါစေ အိပ်ပါစေတော့ စိတ်ပူလို့ပါ၊ ရတယ်နော် မမပြန်တော့မယ်"

"ဟုတ်ကဲ့ မမ"

ရေခဲဘဝက ခြေနင်းဖတ်ရောက်သလို ခံစားရသည်။

သိမ်ငယ်ရှက်ရွံ့စိတ်က တကိုယ်လုံးကို ဖျန်းကနဲလာရောက် ပွေ့ဖက်လိုက်သလို သွေးခဲသွားစေသည်။

ရေခဲချက်ချင်းပဲ လှည့်ထွက်လာခဲ့၏။

အမုန်းရယ်။

ရက်စက်လိုက်တာ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



အမှန်းက မနက်စောကြီးနိုးလာ၏။

နိုးနိုးချင်း ခေါက်ကနဲ ထထိုင်မိသည်။

ဒါ ဘယ်နေရာလဲ ဘယ်ကိုရောက်နေတာလဲ။

တဖြည်းဖြည်းနှင့် ရေးတေးတေးမှတ်မိလာသည်။

သီရိမွေးနေ့မှာ စားကြသောက်ကြ ရယ်ကြမောကြနှင့် နောက်တော့ ခေါင်းထဲ မူးဝေရစ်သီကာ မသဲကွဲတော့။

"ဟော နိုးပြီးလား စောလိုက်တာ"

အရိုးဇစ်ဝတ်စုံလေးနှင့် ချွေးစို့နေသောသီရိ သူ့ရှိရာ လျှောက်လာ၏။

သီရိကလည်း အောင်မြင်နေဖို့အတွက်၊ သူ့နေရာသူ ကြာကြာ ယူထားဖို့အတွက် အလှအအပရော၊ ကျန်းမာရေးရော၊ သရုပ်ဆောင်မှု ပါမကျန် အဖက်ဖက်မှ ကြိုးစားသည်။ ခုပဲကြည့်လေ သူနိုးချိန်မှာ သီရိ အရိုးဇစ်ကစားပြီးပြီ။

"သီရိ ညက ကိုယ်"

"အရမ်းမူးနေတော့ ဒီပဲခေါ်လာရတာပေါ့"

သူ့အပြစ်နှင့်သူမို့ သီရိကို ဘယ်လိုပြောရမှန်းမသိ။

"အိမ်ပဲပြန်ပို့လိုက် ပြီးရော"

"တက်နိုင်ပါလိမ့်မယ် လေခါ:၊ ဒီရောက်အောင်မနည်း တွဲခဲ့ရတာ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အမုန်းစိတ်လေးကာ ငူငူကြီးထိုင်နေမိပါသည်။

"ရေခဲတော့ စိတ်ပူနေတော့မှာပဲ"

စားပွဲပေါ်ရှိနေသော ဟင်းနံဖုန်းကို ကောက်ယူလိုက်တုန်းမှာပဲ။

"သူလာသွားတယ်လေ သိသားပဲ၊ အမုန်းအိပ်ပျော်နေတာ သူလာကြည့်သွားတယ် မနိုးနဲ့ဆိုလို့"

"ဘာ"

"သူလာသွားတယ် ဟုတ်လား၊ နိုးပါလားကွာ နိုးလိုက်ပါလား သီရိရယ်"

ရင်ကွဲပက်လက်ပြောမိသည်။ သီရိက သူ့စကားကို ငေးငေးကလေးနားထောင်နေ၏။

ဟာကွာ သွားပါပြီ သွားပြီ။

အမုန်း သိပ်လွန်သွားပြီ။

သူ့အခြေအနေက ရုပ်ပျက်ဆင်းပျက်ပါလား။

သူ့ကိုရေခဲစိတ်ပျက် စိတ်ကုန်သွားပြီလား။

မတ်တတ်ရပ်ဖို့ပင် အင်အားမရှိသလို ဖြစ်ရသည်။

အမုန်းမှားပါတယ် ရေခဲရယ်။

ဒီတစ်ခု အမုန်းအရမ်းမှားပါတယ်။

ချစ်သူကို စိတ်ပူအောင်လုပ်တယ်။ ပစ်စလတ်ခတ် နေပစ်တယ်။ စည်းကမ်းမရှိသူလို ပြုမူနေထိုင်မိပါတယ်။

အမုန်း အပြစ်တွေအများကြီးပါလား။

တစ်ခု နှစ်ခုမက။

"သီရိ ကိုယ်ပြန်တော့မယ်"

"ကော်ဖီ မသောက်တော့ဘူးလား"

သူခေါင်းခါပြီး ကားသော့ကောက်ယူကာ ထွက်လာခဲ့၏။

ရေခဲကို ဘယ်လို တောင်းပန်ရမလဲ။

ကျေနပ်သွားအောင် ဘာလုပ်ပေးရမလဲ။

ဘယ်နည်းနှင့်မှ ရေခဲနှင့် မခွဲနိုင်ပါ။

သူ့ဘဝ၏အဓိပ္ပါယ်သည် ရေခဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲနေရာကို ဘယ်သူမှ ဝင်ယူလို့မရ။
အနှစ်သာရခြင်း တူကိုမတူ။
အမုန်းကို နောက်ဆုံးအကြိမ် ခွင့်လွှတ်ပါကွာ။
ရေခဲမရှိရင် မဖြစ်လို့ပါ။

BURMESE CLASSIC

* * *



www.burmeseclassic.com

www.burmeseclassic.com


အမုန်း

ရေခဲ အိမ်ပြန်သွားပြီ။

နှုတ်ဆက်ခဲ့ပါတယ်။

လူတစ်ယောက်ကို စေတနာသန့်သန့်နဲ့ ချစ်မြတ်နိုးမိတဲ့ ရလာဒ်က ဘာလဲ တို့သိသွားပြီ။

တစ်ချိန်ချိန်ကျရင် ကိုယ့်လမ်းကိုယ် ရွေးလျှောက်ကြရမယ် ဆိုတာ တွေးထားပြီးသားပါ။

BURMESE CLASSIC

အမုန်းလည်း အမုန်းရွေးတဲ့လမ်းမှာ အစစအရာရာ အောင်မြင် ပျော်ရွှင်ပါစေ။

တစ်ခါက...

ရေခဲ

ရေခဲက သူ့အတွက်စာလေးတစ်စောင်ပဲ ထားပေးခဲ့သည်။

ဟိုဖက်အခန်းလေးဟာ အတွင်းဖက် ကျွန်းတံခါးရော၊ အပြင် ဘက် သံပန်းတံခါးရော ဖွဲ့ခါးနှစ်ထပ်စလုံး သော့ခလောက်ကြီး တွေပိတ်လို့ တိတ်ဆိတ်ငြိမ်သက်နေသည်။

အမုန်းသည် ရေခဲရဲ့ ပြတ်သားသောဆုံးဖြတ်မှုကို မျက်ရည် ရစ်ဝဲလာအောင် ဝမ်းနည်း စိတ်ထိခိုက်သွားမိသည်။

ရေခဲရယ်...

ကျွန်တော့်ကို တစ်ယောက်တည်း ထားရက်တယ်နော်။


www.burmeseclassic.com

www.burmeseclassic.com



အမုန်းသည် ထိုနေ့တစ်နေ့လုံး ဘာမှမလုပ်နိုင်တော့ပဲ အိပ်ယာထဲလှဲကာ ခေါင်းသွားရသည်။

သူ့ရဲ့ သွားလာလှုပ်ရှား ကြိုးစားရုန်းကန် ရှင်သန်ခြင်းတို့ဟာ ရေခဲဆိုတဲ့ အနှောင်အဖွဲ့တစ်ခုကနေ စတင်ဖြစ်ပေါ်လာခဲ့တာပါ။

ရေခဲအနားမှာမရှိရင် သူ့ရဲ့ဘဝမှာ ဘာမှအဓိပ္ပာယ်မရှိတော့။

ကျွန်တော့်ဘဝဟာ ရေခဲပါ ရေခဲရယ် ...

ဒါကို ဘာကြောင့်မသိတာလဲ။

ရေခဲစာကို ခေါင်းအုံးအောက်ကနေ ပြန်ထုတ်ဖတ်သည်။

ကိုယ့်လမ်း ကိုယ်ရွေးတယ်ဆိုတာ ဘာလဲ။

သူ့ကို စွန့်ခွာသွားဖို့လား။

သူမရဲ့လမ်းကရော သူမရဲ့အဖော်ကရော ...

ဒါ ဟိုကောင်ချစ်ထွန်းကိုပဲ စဉ်းစားတော့မယ်လို့ သွယ်ဝိုက်ပြောသွားတာလား။

အမုန်းရင်ထဲ မီးတောက်လောင်သလို ပူပြင်းသွားရသည်။

အဖေရော အမေအသစ်ကရော ဖြစ်စေချင်လွန်းတဲ့ ဆန္ဒ၊ ဒါကို မင်းကပါ လက်ခံ ခေါင်းညိတ်လိုက်မယ့်သဘောလား ရေခဲ။

BURMESE CLASSIC

အမုန်း ချောက်ချားသွားရသည်။

သူရေခဲကို မခွဲနိုင် ရေခဲနဲ့ ဝေးဝေးမနေနိုင်။

တခြားတစ်ယောက်လက်ထဲသာ ရေခဲရောက်သွားရင် ...

ဟာကွာ မရဘူး လုံးဝမရဘူး ...

ဒီကောင့်ကို ဘတ်ပစ်မိလိမ့်မယ်။

အမုန်း ဒေါသတကြီး ထိတ်လန့်သွားမိသည်။

ဘာပဲဖြစ်ဖြစ် ရေခဲကို ဆုံးရှုံးရမှာ သူသိပ်ကြောက်သည်။ ခင်ဗျားကို ကျွန်တော် အသက်လောက်ချစ်တာ မသိဘူးလားဗျာ။

ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ကျွန်တော်တို့နှစ်ယောက် တကယ်ဝေးရမှာလား။

သူ့ရဲ့ ပူလောင်ဝန်တိုမှုတွေက တကိုယ်လုံးကို လောင်မြိုက်လာရပဲ ရေခဲလည်းသူ့ကို ဒီလိုပဲ ဝန်တိုစိတ်နဲ့နာကျည်းသွားတယ် ဆိုတာ စာနာ



www.burmeseclassic.com

www.burmeseclassic.com



နားလည်လိုက်မိသည်။

ချက်ချင်းကြီး ကောက်ကာငင်ကာ အိမ်ပြန်သွားတယ်ဆိုတာ သူ့ကို ရင်မဆိုင်ချင်လို့။

ဒီလို ရင်မဆိုင်ချင်အောင်ဖြစ်ရတာ သိရီနှင့်အထင်လွဲမှု သက်သက်ကြောင့်သာ မဟုတ်လား။

ဟုတ်သည် ကိုယ်ဒီအတိုင်းနေလို့မဖြစ်။

ဒီကိစ္စ ဖြေရှင်းမှဖြစ်မည်။

အမုန်းအံကြိတ်၍ ဆုံးဖြတ်လိုက်သည်။

✻ ✻ ✻

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

"ဖေကြီး"

"သမီးလေး"

ရေခဲက ဖေကြီးရင်ခွင်ထဲ တိုးဝင်ရှိုက်ငိုလိုက်မိပါသည်။

ဦးကောင်းဝေက သူ့သမီး ဖြူနီးစားကြီး အိမ်ပြန်ရောက်ချ လာတာကို အံ့ဩဝမ်းသာ တုန်တုန်ရီရီပင် ဖြစ်နေရှာသည်။

ပြန်လာခဲ့ပါ ဖုန်းနဲ့တဖွဖွ ခေါ်နေတုန်းတော့ ပြန်မလာ။

သူလက်လျှော့ကာ ကြည့်နေရတော့မှပဲ အလွမ်းစိတ်တွေနှင့် ဒဏ်ရာရနေတော့မှပဲ သမီးက မမျှော်လင့်ပဲ ပြန်လာသည်။

"ရေခဲမှားပါတယ် ဖေကြီးရယ်။ သမီးလေ ဖေကြီးကို မိုက်ရိုင်းဓော်ကားမိပါတယ်။ ရေခဲကိုရိုက်ပါဖေကြီး"

ဟုတ်သည်လေ။ လောကအလယ် ကိုယ်ချစ်ရတဲ့သူက ကိုယ့်အပေါ် ရက်စက်လိုက်တော့မှပဲ ဘယ်လောက်အထိ နာကျင်ကြေကွဲ ရသလဲ ရေခဲသိပြီ။

ရေခဲရဲ့ မာကြောနေတဲ့ စိတ်ဓာတ်တွေ၊ ခွန်အားတွေ ပြိုလဲပျက်သုန်း ခဲ့ပြီလေ။

"မရိုက်ပါဘူးကွာ၊ သမီးလေးကို လက်ပါမိတာ ဖေဖေကြီး ဒီနေ့ထိ ကိုယ့်ကိုကိုယ် ခွင့်မလွှတ်နိုင်သေးဘူး"

"ဟုတ်ပါတယ် သမီးရယ်၊ သမီးဖေကြီးခမျာ စိတ်ထဲတနုံ့နုံ့ နောင်တရပြီး စားမဝင်၊ အိပ်မပျော်နဲ့ နေတောင် ကောင်းကောင်း မကောင်း ချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ကေသီ မရဲတရဲ ဝင်ပြောသည်။

"သမီးပြန်လာတာ သိပ်ဝမ်းသာတာပဲ အန်တီ့ကိုလည်း ခွင့်လွှတ်ပါကွယ် စေတနာအမှားတွေကို အန်တီလည်းပြုပြင်ပါ့မယ်"

"ကြားလားသမီး ကေသီလည်း နားလည်သွားပါပြီ"

"ရေခဲမကြိုက်ရင် ဟိုကိစ္စလည်းရုပ်သိမ်းပါတယ်၊ ချစ်ထွန်းကို ဒီအိမ်လုံးဝမလာရဘူးလို့ ပြောထားပြီးပြီ အားလုံးသမီးစိတ်တိုင်းကျ ဖြစ်စေရမယ်"

ရေခဲမှာ ခေါင်းသာညိတ်မိလျက် ဘာမှပြန်မပြောနိုင်။ ရင်ထဲမှာ အပုလုံးကြီးတစ်ခု လာဆို့နေသည်။

သူမရဲ့ ပျော်ရွှင်တက်ကြွမှုတွေ မျှော်လင့်ချက်ရောင်ခြည်တွေဟာ အမုန်းဆီမှာ ကျန်ခဲ့ပြီ။

ဒီကို ပါမလာ။

"ကိုယ့်အသိုင်းအဝန်းထဲမှာလည်း ဒီသားအဖနှစ်ယောက် စိတ်ဝမ်းကွဲနေတယ်၊ ပန်းရွှေခင်းက တစင်ထောင်ပြီဆိုတာမျိုးကြားလို့ မတော်ပါဘူး သမီးရယ်။ ဘာမဆို အေးအေးဆေးဆေး ဆွေးနွေး ဖြေရှင်းလို့ရပါတယ်၊ နောက်ဆို စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့ ကွယ်"

ဒေါ်ကေသီရဲ့ ချော့မော့စကားကို သူမ ရန်မလုပ်မိတော့ပါ။

သူများတွေကို ရန်လုပ်ဖို့လည်း စိတ်ကုန်ခန်းနေပြီ။

"ကဲ သမီးလေးနားလိုက်ပါဦး၊ မနက်စာကို သေချာဖွယ်ဖွယ်ရာရာ ပြင်ပော့၊ ငါ့သမီးနဲ့ ငါနဲ့ ထမင်းလက်ဆုံမစားရတာ ဘယ် လောက်ကြာပြီလဲ"

"စိတ်ချပါ ကိုကြီးရဲ့ ကေသီ စီစဉ်လိုက်ပါ့မယ်"

ဖေကြီးရော ဒေါ်ကေသီရော သိသိသာသာ ပေါ့ပါးရွှင်ပျနေ ကြသည်။

သူမ မျက်နှာကို အရိပ်တကြည့်ကြည့်နှင့်။

သို့သော် ရေခဲစိတ်ထဲ ငိုချင်စိတ်သာကဲလျက်၊ ဘာကိုမှ စိတ်မဝင်စား မပျော်ပိုက်နိုင်ပေ။

အမုန်းရယ် . . .

မင်းတို့ကို မချစ်ဘူးနော်။

* * *


www.burmeseclassic.com

www.burmeseclassic.com


အလုပ်ကိစ္စတွေက လက်စမပြတ် တန်းလန်းတွေနှင့်မို့ နေ့စဉ် အပြင်ထွက် သွားလာလှုပ်ရှားရပေမဲ့ အိမ်ပြန်ရောက်တာနှင့် လူက မလှုပ်ချင် အောင် အိပ်ယာပေါ် ခွေသွားတတ်သည်။

ကိုယ့်စိတ်ကိုလည်း အနားမပေးရဲ။

အနားပေးလိုက်တာနှင့် လွမ်းဆွတ်နာကျင်ခြင်းနှင့် နှလုံးသားက အလွန်တမင်း မောပန်းလာတတ်သည်။

ဒီနေ့ဆို အိမ်ပြန်ရောက်တာ ငါးရက်ရှိပြီ။

ရေခဲသူ့ကို တရက်မှမေ့လို့မရသေး တချိန်မှ မေ့လို့မရသေးဆိုပိုမှန်မည်။

သူကတော့ ရေခဲလောင်းရိပ်က လွတ်ပါပြီဆိုပြီး ကျေနပ်ဝမ်း သာနေမလား။

BURMESE CLASSIC

အခုဆိုရင် မိန်းကလေးအများစု သူ့ကို ဝိုင်းအုံစိတ်ဝင်စားနေပြီဆိုတော့ တစ်ချိန်က ရေခဲလိုကောင်မလေးတစ်ယောက်ကို သူထည့် တွက်ဖို့ မလိုတော့ ဘူးပေါ့။

မတတ်နိုင်ပါဘူးလေ လွမ်းတာကို နာတာနှင့်ပဲ ဖြေဖျောက်ရမှာပဲ။

သူဟာ သိရိလို မင်းသမီးလက်ထဲက လွတ်နိုင်ဦးမှာမို့လား။

သူကိုယ်တိုင်က စိတ်ပါနေတာ။

နွမ်းလျသော ရေခဲမျက်နှာလေးက တင်းမာလာလိုက်၊ ပြန်လည် ညှိုးနွမ်းသွားလိုက် ပင့်သက်ရှိုက်ကာ မျက်စိတွေ မှိတ်ထားလိုက် အို — ဝေဒနာက ခံရခက်ပါဘိ။

ခဏကြာလျှင် ရေခဲအားတင်းကာ အိပ်ယာပေါ်ကဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com


ဆံပင်တွေပွလို့ မျက်နှာလေးလည်း ပြောင်တင်းကာ နှုတ်ခမ်းဆိုးဆေး နည်းနည်းသာကျန်သည်။

အမုန်းရဲ့ မျက်လုံးတွေအောက်မှာ နေခွင့်မရတာနှင့် လှချင်ပချင်စိတ်တွေပင် ပျောက်ကွယ်သွားတာ အဆန်းသား။

တို့ဘဝရဲ့အရာရာဟာ ဘာကြောင့် မင်းဆိုမင်းမှ ဖြစ်နေရတာလဲကွာ။

ကိုယ့်အသည်းနှလုံးကိုတောင် ကိုယ်မုန်းလာမိပြီ။

သူ့အကြောင်း ဆက်တွေးမိမှာဆိုးသဖြင့် ရေခဲ ခြံထဲဆင်း လာသည်။

ပြီးတော့ ရေပိုက်ဆွဲကာ ပန်းပင်တွေ ရေလောင်းနေလိုက်သည်။

ပန်းလေးတွေတောင် ရေဖျန်းမှ လန်းကြတာ။

ရေခဲ့နှလုံးသာကရော အချစ်နှင့်ကင်းကွာပြီး လန်းဆန်းနိုင်ဦး မှာလား။

အိုကွာ သူ့ကိုတော့တော်ပါပြီ။

"တီ--တီ--"

ခြံဝင်းတံခါးဆီမှ ကားတစ်စီး ချိုးကွေ့ဝင်ရောက်လာသည်။

ဟယ်သူ့ကားများလဲဟု လှမ်းကြည့်မိသောရေခဲသည်ရုတ်ခြည်း ရန်တုန့်လန့်ဖျပ်သွားရသည်။

အမုန်းရဲ့ကား အသစ်ကလေး။

သူဘာကြောင့် လိုက်လာတာလဲ။

BURMESE CLASSIC

အမုန်းကလည်း ကားမှန်ကိုဖြတ်၍ ရေခဲထံ သတိလက်လွတ်ငေးမော ကြည့်မိသည်။

နောက်မှ ကားတံခါးဖွင့်၍ ပြေးဆင်းလာမိသည်။

ရေခဲက လူလည်မလေး ရေပိုက်ကိုလွှတ်ချပြီး ပြေးပုန်းဖို့ ကြိုးစားသည်။

"ရေခဲ"

အမုန်းက သူမကို ခဲခါင်းအကျပ် ဖမ်းဆွဲထားလိုက်၏။

"ဘယ်လိုဖြစ်လာတာလဲ ကမ္ဘာရှုးတိုးနဲ့၊ ဒါ ရိုက်ကွင်းမဟုတ် ဘူး ကျွန်မလက်ကိုလွှတ်"

"ရိုက်ကွင်းမဟုတ်တော့ ဒါရိုက်တာညွှန်ကြားမှုကို စောင့်စရာ မလိုဘူး၊ ရင်ထဲရှိတာပြောမယ်လေ၊ ရေခဲကို အရမ်းချစ်တယ်၊ ကျွန်တော် အရမ်း ချစ်တယ်၊ ရေခဲနဲ့ ခွဲနေရရင် ကျွန်တော်သေလိမ့် မယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းသမီးကို သွားပြောပါလား"

"ဟာကွာ ဒါပဲ အထင်လွဲနေဦးမှာလား သိရိလည်း ဖုန်းဆက်ရှင်းပြပြီးသား မဟုတ်လား။ သူနဲ့ကိုယ်နဲ့ ဘာမှမဟုတ်ဘူးဆိုတာ၊ အဲဒီညက ကျွန်တော်အမူးလွန်နေလို့ လမ်းမှာပစ်မထားချင်လို့ သူခေါ်သွားခဲ့တာပါဗျာ။ ဒါကို ယုံပဲမယုံနိုင်ဘူးလား ဒါမှမဟုတ် ခင်ဗျားက ဟိုလူကြီးကို စိတ်ယိုင်လာလို့ ကျုပ်ကို အပြစ်ရှာတာလား ပြော"

"ဟုတ်တယ် ဟုတ်တယ် သူ့ကိုယူမလို့"

"ကြည့်စမ်း ထပ်ပြောရဲပြောကြည့် ကားပေါ်တစ်ခါတည်း တင်ခေါ်သွားတော့မယ်"

"ဟင်း မလုပ်နဲ့နော် အမုန်း ဖယ် ဖယ် အိမ်ကလူတွေ မြင်တော့မှာပဲ"

ရေခဲက အမုန်းလက်တွေကို ဖယ်ရှားသည်။

အိမ်ဘက်ကိုလည်း ရှက်ရောင်ဝဲဝဲနှင့် လှမ်းကြည့်လိုက်ပါ သေးသည်။

ဒေါ်ကြေသီရော၊ ပုရှူးရော၊ အဒေါ်ကြည့်ရော ပြူတင်းပေါက်မှာ ပြူတစ်ပြူတစ် မြင်ရလျှင် "မုန်းတယ် မုန်းတယ်၊ အမုန်းကို အရမ်းမုန်းတာပဲ" ဟု ဗလုံးဗထွေးရေရွတ်ကာ သူ့ရင်ဘတ်ကို တဘုန်းဘုန်း ထုလိုက်ပါတော့သည်။

ပန်းသီနိုင်



www.burmeseclassic.com